www.burmeseclassic.com

BURMESE CLASSIC

# MASCOT

# ပိုးထက်ဝိုင်

မြန်မာလို ဇာတ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

## မြန်မာလိုလာဘ်ကောင်


**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)<br>အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - ဦးကျော်ရှင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ကွန်ပျူတာစာစီ | - မြည်မြီး |
| အတွင်းဖလင် | - ကိုပေါက် |
| မျက်နှာဖုံးဒီဇိုင်း | - ရဲလေး |
| စာအုပ်ချုပ် | - ကိုစိုးနိုင်နှင့်အဖွဲ့ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ်၊ ၂၀၁၄၊ ဇွန်လ |
| အုပ်ရေ / တန်ဖိုး | - ၅၀၀ အုပ် / ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - ခုနစ်စဉ်ကြယ်စာပေ<br>အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈ |

၈၉၅.၈၃

မိုးစက်ပိုင်

မြန်မာလိုလာဘ်ကောင်/မိုးစက်ပိုင်။ - ရန်ကုန်၊

ခုနစ်စဉ်ကြယ်စာပေ၊ ၂၀၁၄။

၁၉၀ - စာ၊ ၁၃ x ၂၀ စင်တီ။

(၁) မြန်မာလိုလာဘ်ကောင်


www.burmeseclassic.com

www.burmeseclassic.com

# Mascot = လာဘ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

ကဲ... ပါပြီး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ညသည် ပိန်းပိတ်အောင်မှောင်နေသည်။ ထိုကြားထဲ တိမ်ဖုံးနေလို့ ...မယ်သိ။ တစ်ခါတလေ ဖင်ထောင်နေတတ်သည့် ခုနစ်စဉ်ကြယ်ပြောင်ကို ...င် မတွေ့ရချေ။

အချိန်အားဖြင့် ပြောရလျှင် ညသုံးနာရီပင်ကျော်နေပြီ။ (တကယ် ...တော့ မနက်သုံးနာရီဟုပြောလျှင်လည်း ရသည်။ စာရေးသူ ဝင်လျှာရှည်ခြင်း ဖြစ်၏)

ထားတော့ . . . ။

ထိုသို့သော ညသုံးနာရီကျော်လောက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ...နိုင်သည် အဖော်နှစ်ယောက်နှင့်အတူ ရပ်ကွက်ထဲရှိ နာရေးဖြစ်သော ...တစ်အိမ်မှ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နာရေးအိမ်တွင် ဖဲသွားရိုက်ခြင်းတော့ မဟုတ်ချေ။ ဖဲဝိုင်းတွေတွင် ပြဿနာဖြစ်တတ်လွန်းသဖြင့် ငါ ရပ်ကွက်အုပ်ချုပ်ရေးမှူးနော် ဆိုပြီး မျက်နှာ သွားပြခြင်းသာ ဖြစ်သည်။ လေးငါးခြောက်ရာလောက်တော့ အပျော်သဘော နှင့် ဘေးထိုးဝင်ထိုးခဲ့သည်ပေါ့။ သူလည်းလေ လောကီသားပေကိုး။

ခုလည်း အမှောင်ထဲ သုံးယောက်သား လမ်းလျှောက်ပြန်လာရင်းက လမ်းချိုးလေးတစ်ခုအရောက်တွင် မည်းမည်းသဏ္ဌာန်တစ်ခု ရွေ့လျား နေသည်ကို ရုတ်တရက် တွေ့လိုက်ရ၏။

ဖျတ်ခနဲ ကြက်သီးထသွားသော်လည်း ကိုစိုးနိုင်က ငါ ရပ်ကွက်အုပ်ချုပ်ရေးမှူးပဲဆိုသည့်အတွေးနှင့် အားတင်းကာ ကြည့်လိုက်သည်။

သေသေချာချာကြည့်မှ ထိုမည်းမည်းသဏ္ဌာန်က ပို၍ ပီပြင်လာသည်။ တခြားတော့မဟုတ်။ လူတစ်ယောက်က ဆိုက်ကားတစ်စီးကို တအိအိတွန်းလာခြင်းဖြစ်သည်။

ဘာလဲ ... ဒါ ဘာအထာလဲ။ ငါ ရပ်ကွက်အုပ်ချုပ်ရေးမှူးပဲဆိုသည့်စိတ်နှင့် ကိုစိုးနိုင် လှမ်းအော်လိုက်၏။

"ဟေ့ ... ဟိုရှေ့က ဆိုက်ကားတွန်းလာတဲ့လူ ရပ်စမ်း၊ ငါ စိုးနိုင်ကွ"

နာမည်ကို ပြောဖြစ်အောင် ထည့်ပြောလိုက်သေးသည်။ ကိုယ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးပေကိုး။

နာမည်ကြားရုံမျှဖြင့် ထိုဆိုက်ကားတွန်းလာသောသူသည် တုံ့ခနဲ ရပ်သွားသည်။ ကိုစိုးနိုင်က ညအမှောင်ထဲ ဘယ်သူမှမမြင်ရသည့်တိုင် ပြုံး လိုက်သေး၏။ ပြီး ... ပါလာသောအဖော်နှစ်ယောက်ကို ရှေ့မှသွားခိုင်းပြီး





နောက်က အသာလိုက်သွားလိုက်သည်။ ဒါမှ တစ်ခုခုဖြစ်လျှင် ကိုယ့်ကို အရင်မထိမှာကိုး။

ထိုအချိန်ထိ ဆိုက်ကားတွန်းလာသောသူမှာ ဘယ်သူ ဘယ်ဝါမှန်း မကွဲပြားသေး။

အနားရောက်တော့ သေချာအောင် အမှောင်ထဲ စေ့စေ့ကြည့်ရင်း ..

"ဟေ့ကောင် ... မင်း ဘယ်သူလဲ၊ ဒီအချိန်ကြီး ရပ်ကွက်ထဲမှာ ဘာလုပ် ... လုပ် ... ဟာ ... အိုးဝေ ... မင်း ဘာလုပ်နေတာလဲ"

"ကိုစိုးနိုင်က ရပ်စမ်းဆိုလို့ ရပ်နေတာလေ"

ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားရ၏။ ခု သူ့နားတွင် ဆိုက်ကား တစ်စီးနှင့်အတူ ရှိနေသော အိုးဝေဆိုသည့်ကောင်ကို မသိသည်မဟုတ်၊ သိသည်။ ရပ်ကွက်ထဲမှ လူငယ်တစ်ယောက်ဖြစ်ပြီး လူချစ်လူခင်များသူလည်း ဖြစ်၏။ ခု ... အိုးဝေဆိုသောကောင်က ညကြီးအချိန်မတော် ဆိုက်ကား တစ်စီးတွန်းကာ ဘာလုပ်နေသနည်း။

ရပ်ကွက်အုပ်ချုပ်ရေးမှူးစိတ်ဖြင့် စဉ်းစားမနေတော့ဘဲ ပါးစပ်ဖြင့် ဒဲ့မေးလိုက်၏။

"အိုးဝေ ... ဒီအချိန်ကြီး ဆိုက်ကားတစ်စီးနဲ့ ဘာလုပ်နေတာလဲကွာ"

အိုးဝေက မဖြေခင် ဆိုက်ကားကို စတိုင်လ်ကျကျမှီကာ ရပ်လိုက်သေးသည်။ ပြီးမှ ...

"ကိုစိုးနိုင် ... လမ်းထိပ်လက်ဖက်ရည်ဆိုင်က ဆိုင်ပိုင်ရှင် ကိုအုံ့ခောင်ကို သိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ … ထိုင်နေကျဆိုင်ပဲဟာကို"

"ဟုတ်ပြီ၊ ခု … အဲဆိုင်က ကိုအုံ့မောင်ရဲ့မိန်းမက ကိုယ်ဝန်နေ့စေ့လစေ့ကြီးနဲ့ဗျ၊ ခု … မိုက်နာလာလို့တဲ့"

"အဲဒါ … မင်းနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျာ၊ အဲ … ကိုအုံ့မောင်က ဖုန်းဆက်ပြီး အကူအညီတောင်းလို့ ဒီဆိုက်ကားသွားယူလာတာ"

"ဘာအတွက်လဲကွ၊ ဆိုက်ကားက"

"ဒီလိုဗျာ … သူ့မိန်းမက ဗေဒင်ယတြာတွေ သိပ်ယုံတယ်လေ၊ အဲဒါ … ကလေးမီးဖွားဖို့သွားတဲ့အခါ ဆိုက်ကားနဲ့ပဲသွားရမယ်လို့ ဗေဒင်က ဟောထားတယ်တဲ့၊ အဲဒါကြောင့် … ကိုအုံ့မောင်က ကျွန်တော့်ကို အကူအညီတောင်းလို့ ဆိုက်ကားရှာလာပေးတာ"

ကိုစိုးနိုင် ခေါင်းကုတ်မိတော့၏။ ဘေးမှပါလာသည့် အဖော်နှစ်ယောက်ကလည်း ဘာပြဿနာမှမရှိသဖြင့် နှုတ်ဆက်ကာ ပြန်သွားကြသည်။

ကိုစိုးနိုင် ဆက်မေးရပြန်သည်။

"ထားပါတော့၊ မင်းကကော ဒီအချိန်ကြီး ဒီဆိုက်ကားကို ဘယ်က ရလာတာလဲ"

အိုးဝေက ခပ်ဟဟာရယ်သည်။ ပြီးမှ …

"လွယ်လွယ်လေးပါဗျာ၊ ကိုရှုပါဆီက မ,လာတာ"

"နှိုးပြီး ငှားလာတာလား"

အိုးဝေစိတ်ထဲ ဒီအုပ်ချုပ်ရေးမှူး တော်တော်လျှာရှည်တာပဲဟု ထင်လာမိသည်။ ထို့ကြောင့် …





"လာဗျာ … သွားရင်းပြောပြမယ်"

ပြောပြီး ဆိုက်ကားကို ပြန်တွန်းလိုက်၏။ ကိုစိုးနိုင်ကလည်း ကပ်ကာ လိုက်ပါလာသည်။ လမ်းလျှောက်ရင်းပင် ပါးစပ်က အငြိမ်နေသည် မဟုတ်။

"အိုးဝေ … ငါမေးတာကို ဖြေဦးလေ၊ ရှုပါဆိုက်ကားကို နှိုးပြီး ငှားလာတာလားလို့"

"ဘယ်ကလာ နှိုးလို့ရမှာလဲ၊ တစ်ညနေလုံး သောက်ထားလို့ ကိုရှုပါက ဖင်ထောင်ပြီးအိပ်နေပြီ၊ တခူးခူးနဲ့တောင် ဟောက်နေသေးတယ်၊ ဝေမတော့ ကျွန်တော်လည်း နှိုးမလို့ပါပဲ၊ ကြာနေမှာစိုးတာနဲ့ အဲ … သူဘေးကတိုင်မှာလည်း သော့အသင့် ချိတ်ထားတာ တွေ့တာနဲ့ ဒီအတိုင်းဖွင့်ပြီး တွန်းလာတာ၊ ဟိုမှာက အရေးကြီးတယ်လေ"

"မင်းကတော့ လုပ်ချလိုက်ပြန်ပြီကွာ၊ ဟိုကောင် ရှုပါက မနက်ဈေးကြိုတွေရှိလို့ ဆိုက်ကားကိုတ်တဲ့မှာ ညအိပ်တာကွ၊ မနက်မိုးလင်းရင်တော့ ဒီကောင် ဆိုက်ကားပျောက်လို့ ခေါင်းမီးတောက်နေဦးမယ်"

"စိတ်မပူပါနဲ့ဗျာ၊ ကျွန်တော် သွားပြောပြလိုက်ပါ့မယ်"

ကိုစိုးနိုင် ခေါင်းတဗျင်းဗျင်းကုတ်မိတော့၏။ သူ့ရပ်ကွက်ထဲမှာ ဘာတွေဖြစ်နေပြီလဲ။ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ရဲ့မိန်းမကလည်း ဗေဒင်အလို အရ ဆိုက်ကားစီးကာ မီးသွားဖွားချင်သည်။ အိုးဝေဆိုသောကောင်ကလည်း ထိုဆိုက်ကားကို ပိုင်ရှင်မသိအောင် ယူချလာသည်။ ဘာတွေဆက်ဖြစ်ဦးမည် မသိ။ ခုလည်း … ရပ်ကွက်အုပ်ချုပ်ရေးမှူး သူ့မှာ ဘုမသိ ဘမသိ ပါလာရပြန်သည်။ ခက်သည်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး လုပ်ရတာခက်သည်။ အုံး



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ခေါင်းရှုပ်သည်။ ဘာတွေမှန်းလဲမသိ။ ဒီကြားထဲ ဖုန်းဆင်းကာဒ်မဲ ပေါက်သည့်ကိစ္စတွေကလည်း တမျှော်။

လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ကိုအုံ့မောင်က အသင့်စောင့်နေပါသည်။ အပြေးတစ်ပိုင်းနှင့်လျှောက်လာပြီး ...

"ဟာ ... ဆိုက်ကားရလာတာပဲ၊ ကျေးဇူးပဲ အိုးဝေရာ ... မင်းက လပ်ကီးကောင်းတဲ့ကောင်ဆိုတော့ ရလာမယ်ဆိုတာ ငါယုံပါတယ်"

ပြောပြီးမှ ကိုစိုးနိုင်ကိုမြင်သွားကာ ...

"ဟင် ... ကိုစိုးနိုင်လည်း ပါလာတာကိုး"

ကိုစိုးနိုင်က ...

"ဟုတ်တယ်ဗျ၊ လမ်းမှာ အိုးဝေနဲ့တွေ့တာနဲ့ မေးစမ်းရင်း လိုက်လာတာ၊ ကျွန်တော်က အုပ်ချုပ်ရေးမှူးလေ၊ ခုလည်း ရပ်ကွက်ထဲမှာ ဖြစ်တာဆိုတော့ ကူညီစရာရှိရင်လည်း ကူညီလို့ရအောင်ပေါ့"

ကိုအုံ့မောင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ကျေးဇူးပါပဲဗျာ၊ အိုးဝေ ... ခဏနော်၊ ငါ့မိန်းမကို သွားခေါ်လိုက်ဦးမယ်"

ပြောပြီး ကိုအုံ့မောင်က ဟ,ထားသည့်တံခါးထဲမှ ဆိုင်ထဲသို့ ဝင်သွားသည်။ ခဏကြာတော့ တကျွတ်ကျွတ်ညည်းရင်း ပူနေသောဗိုက်ကိုကိုင်ကာ လျှောက်လာသည့် သူ့မိန်းမနှင့်အတူ ကိုအုံ့မောင် ပြန်ထွက်လာသည်။ လက်တစ်ဖက်က သူ့မိန်းမကို တွဲထိန်းထားရင်း ကျန်လက်တစ်ဖက်ကလည်း ပစ္စည်းတွေထည့်ထားသည့် ခြင်းတစ်ခြင်းကို ကိုင်လာသေးသည်။ ကလေးမီးဖွားလျှင် လိုအပ်သောပစ္စည်းတွေ ဖြစ်သည်ထင့်။





ဆိုက်ကားအနီးရောက်တော့ ကိုအုံ့မောင်က သူ့မိန်းမကို ဆိုက်ကားရှေ့ခန်းပေါ် တွဲကာတင်လိုက်ရင်း သူကလည်း ဆိုက်ကား၏နောက်ခန်းမှ တက်လိုက်၏။ ပြီး ... အိုးဝေကိုကြည့်ကာ ...

"အိုးဝေ ... ရပြီလေကွာ၊ နင်းတော့လေ၊ ဆေးရုံကနီးပါတယ်"

အိုးဝေ ကြောင်တောင်တောင်ဖြစ်သွားရင်းက ...

"အာ ... ကျွန်တော် ဆိုက်ကားမနင်းတတ်ဘူးလေ၊ ကိုအုံ့မောင် အတွက်အညီတောင်းလို့သာ ရအောင်ရှာလာတာ၊ ဒါတောင် ... မနင်းတတ် လို့ တွန်းလာတာ ခင်ဗျားအမြင်ပဲ၊ တော်ကြာ မနင်းတတ်နင်းတတ်နဲ့ နင်းလို့ တစ်ခုခုဖြစ်ရင် ခင်ဗျားမိန်းမမှာလည်း ကိုယ်ဝန်ကြီးနဲ့"

စကားအဆုံးမှာ ကိုအုံ့မောင်ကလည်း ...

"ဒုက္ခပဲကွာ၊ ငါလည်း လက်ဖက်ရည်ပဲရောင်းတတ်တာ၊ ဆိုက်ကား တော့ မနင်းတတ်ဘူး"

ထိုအချိန်မှာပဲ ဆိုက်ကားခေါင်းခန်းတွင် ထိုင်နေသော ကိုယ်ဝန် သည်က အော်တော့သည်။

"ကိုအုံ့မောင် ... ဘယ်လိုလုပ်ကြမှာလဲ၊ ဗိုက်က ပိုနာလာပြီနော်၊ ကျွတ် ကျွတ် ... လုပ်ပါဦး တစ်ခုခု၊ နင်းတတ်တဲ့လူကို ရှာလေ"

"ဒီအချိန်ကြီး ဘယ်မှာသွားရှာရမှာလဲကွာ"

အိုးဝေက ...

"ကိုအုံ့မောင် ... ဒီဆိုက်ကားပိုင်ရှင် ကိုရှုပါကို သွားနှိုးလိုက်ရ ား''

"ဟာ မင်းကလည်း ... ဆိုက်ကားဂိတ်တဲက ဒီကနေဆို အတော်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားနော်၊ ငြိုးတော့လည်း ရုပါက မူးနေဦးမှာ၊ မဖြစ်ပါဘူး”

ထိုစကားကိုတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုစိုးနိုင်က ဝင်ပြောခြင်းဖြစ်သည်။ အိုးဝေက ပြန်ကြည့်လိုက်ရင်း …

“အဲဒီ … ဘယ်လိုလုပ်ရမှာလဲဗျာ၊ ဟိုမှာမွေးမယ့် လူက မွေးတော့မယ်”

“ငါသိပါတယ်၊ ခုလည်း ငါပဲ နင်းပို့လိုက်မယ်၊ ငါ ဆိုက်ကားကောင်းကောင်းနင်းတတ်ပါတယ်ကွ”

“ဗျာ”

ကြားလိုက်ရသည်မှာ အံ့ဩဘနန်းအတိ။ ဘယ်လိုမှ မထင်မှတ်ထားစွာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ပါးစပ်မှ ရဲရဲတောက် ထွက်လာသော သံမဏိစိတ်ဓာတ်စကား။

လေးစားလိုက်ပါဘိ။

အိုးဝေ စဉ်းစားနေချိန်မှာပဲ ကိုစိုးနိုင်က ဆိုက်ကားနင်းရန် ခွကျော်ကာ တက်လိုက်လေပြီ။

“အိုးဝေ … သွားပြီဟေ့”

ပြောရင်း ကိုစိုးနိုင် နင်းထွက်လိုက်ချိန်မှာပဲ ကိုအံ့မောင်က အိုးဝေထံ သော့တစ်ချောင်း လှမ်းပစ်ပေးရင်း …

“ကျေးဇူးပဲ အိုးဝေရာ၊ ကူညီလက်စနဲ့ ဆိုင်လေးဖွင့်ထားပေးစမ်းပါ၊ ဖောက်သည်ပျက်မှာစိုးလို့ကွ”

“အင်”

ဆိုင်သော့လေး လက်ထဲကိုင်ရင်း ကိုစိုးနိုင် နင်းထွက်သွားသည့် ဆိုက်ကားကို မျက်စိတဆုံး လိုက်ကြည့်နေမိသေးသည်။

အရှေ့မှာ ရောင်နီပင် ခပ်ပျပျ ပျို့လာချေပြီ။

အိုးဝေတစ်ယောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုစိုးနိုင်၏ အတုလံအတုမရှိ လေးစားဖွယ်ကောင်းလှသည့်စိတ်ဓာတ်ကို ဂုဏ်ပြုသောအားဖြင့် နှစ်မိနစ်ခန့် ငြိမ်သက်နေပြီးမှ ဦးညွှတ်လိုက်ပါသည်။

ပြီးနောက် … အလုပ်တစ်ခုထပ်လုပ်ရန် အိုးဝေက သူ့ခြေလှမ်းကို လှမ်းလိုက်ပါ၏။

■





www.burmeseclassic.com

www.burmeseclassic.com

## (၂)

ရပ်ကွက်လေးက နေချင်စရာကောင်းပြီး စရိုက်လည်း မဆန်းသဖြင့် ဒီရပ်ကွက်ကို ပြောင်းလာခဲ့တာ မှန်ပြီဟု ညိုမြ တွေးရင်း ပြုံးလိုက်မိသည်။ တကယ်တော့ ဒီရပ်ကွက်ကို ကျောင်းတုန်းက သူငယ်ချင်းဖြစ်သူ ကလျာနွေ ၏ကားဖြင့် ပြောင်းလာခဲ့ခြင်းလည်း ဖြစ်၏။ အိမ်ဈေး ခြံဈေးတွေ ဒီလောက် မြှာက်နေသောခေတ်တွင် ညိုမြတို့ဝယ်လိုက်သော တစ်ထပ်တိုက်ပုလေး ာလည်း ဈေးသင့်ပါ၏။

ခုတော့ . . . ပြောင်းလာခဲ့တာလည်း နှစ်ပတ်လောက်ရှိပြီ။ အိမ်မှာ ည်း စတိုးဆိုင်လေး ဖွင့်ထားလိုက်ပြီ။ ထိုဆိုင်ကိုတော့ မေမေနှင့် ညိုမြ ာစ်လှည့်စီထိုင်သည်ပေါ့။ မေမေက ဒါ့အပြင် အရင်နေခဲ့သော ရပ်ကွက် ၁ လုပ်ခဲ့သည့် ငွေတိုးချေးသည့်အလုပ်ကိုလည်း ဆက်လုပ်နေသေးသည်။





ဘယ်လိုတားတား မရချေ။

တစ်ဦးတည်းသောမောင်လေးကလည်း ငါးတန်းသာရှိသေးသဖြင့် သူ့ဟာသူ ဆော့နေတာပဲများသည်။ ဘာနိုင်းနိုင်းမရ။ ဖေဖေကတော့ အစိုးရ ဌာနတစ်ခုမှ အငြိမ်းစားယူပြီးကတည်းက ဘာမှမလုပ်တော့ဘဲ ပင်စင်ရသည့် လစာဖြင့် ကွမ်းယာတွေချည်း ထိုင်စားနေသည်။

တစ်ခါတလေ သတင်းဂျာနယ်တွေလည်း ဖတ်သည်ပေါ့။ ဂျာနယ် ဖတ်တာက အရေးမကြီး၊ သတင်းစာလာပို့သောသူထံတွင် ဝယ်လိုက်လျှင် ပြီးပြီ။ ကွမ်းယာကျတော့ ပြဿနာရှိလာ၏။ သူစားသည့်ကွမ်းယာကို သူကိုယ် တိုင်လည်း သွားမဝယ်ချေ။ အငယ်ကောင် ဖိုးကျော်ကလည်း ခိုင်း၍မရ။ ဒီတော့ ကွမ်းယာဝယ်ပေးရမည့်တာဝန်က ညိုမြထံ ပုံကျလာသည်။ မစားနဲ့ဟု ပြောလည်းမရချေ။ ကိုယ်က သမီးဖြစ်နေသဖြင့် ပြောဆိုဆုံးမလို့လည်းမရ။

"ငါ့မှာ လုပ်စရာ ဒါပဲရှိတော့တယ်၊ တစ်သက်လုံး ရှာကျွေးလာတဲ့ အဖေကို ဒါလေးတောင် မလုပ်ပေးချင်ဘူးလား"

ဟု ဆိုသဖြင့် ညိုမြလည်း ဘာမှမပြောချင်တော့ချေ။ ငြင်းသည် ရှုံးဦးမည်။ ထို့ကြောင့် ကွမ်းယာဝယ်သည့်တာဝန်ကို ညိုမြပဲ ယူလိုက်တော့ သည်။

ခုလည်း မနက်ပိုင်း ရပ်ကွက်ထဲရှိ ဈေးထဲသို့ ဈေးဝယ်ဖို့ ထွက်လာ ရင်း ဖေဖေ့အတွက် ကွမ်းယာ အရင်ဝယ်လိုက်မည်ဟု စိတ်ကူးလိုက်၏။ ပြီးမှ ဈေးသွားမည်။ ဈေးမှာက သူငယ်ချင်းဖြစ်သူ ကလျာနွေနှင့် ချိန်းထားပြီး သားဖြစ်၏။ ဈေးကအပြန် လက်ဖက်ရည်လေး၊ ဘာလေး ဝင်သောက်ရင်း ဆွေးပန်းကြမည်ပေါ့။



www.burmeseclassic.com

ထိုသို့သောစိတ်ကူးနှင့် ဝယ်နေကျ ကွမ်းယာဆိုင်ဆီသို့ ဦးတည်လိုက်သည်။ သို့သော်လည်း ကံမကောင်း။ ဆိုင်က ပိတ်ထားပြန်၏။ ထို့ကြောင့် လမ်းမှာတွေ့သည့်ကွမ်းယာဆိုင်တစ်ဆိုင်ဆိုင်ကပဲ ဝယ်လိုက်မည်ဟု တွေးကာ ဈေးဘက်သို့ပဲ ဆက်ထွက်လာခဲ့သည်။

ဈေးနားမရောက်ခင် ကွမ်းယာဆိုင်တစ်ဆိုင် တွေ့လိုက်ရသည်။ ညိုမြ ထိုဆိုင်ဆီသို့ လျှောက်သွားလိုက်၏။ ကွမ်းယာရောင်းသည့်လူက သူမနှင့် မတိမ်းမယိမ်းလောက်ပဲ ရှိမည်ထင်သည်။ အင်းလေ . . . ခုခေတ်က ဘွဲ့ရပညာတတ်တွေတောင် ကွမ်းယာရောင်းကြသေးတာပဲ။

ညိုမြက ဆိုင်ရှေ့မှရပ်လိုက်ရင်း . . .

"ကွမ်းယာ သုံးရာဖိုးလောက်၊ နိုင်တီတူးနွယ်ချိုနဲ့"

ကွမ်းယာရောင်းသည့်သူက ကွမ်းယာနေရင်း ဆတ်ခနဲ မော်ကြည့်သည်။ မျက်ခုံးနှစ်ဖက်လည်း အနည်းငယ်စုသွား၏။ ပြီး . . . ခေါင်းငုံ့ကာ ကွမ်းပြန်ယာလိုက်ရင်း . . .

"မကောင်းဘူးနော် . . . မကောင်းဘူး"

ညိုမြ မျက်ခုံးအတွန့်ချိုးသွားသည်။ ခပ်ဆတ်ဆတ် ပြန်မေးလိုက်၏။

"ဒီမှာ . . . မကောင်းဘူးဆိုတာက ဘာကိုပြောတာလဲ"

ထိုလူက ပြန်ကြည့်လာသည်။ ပြီး . . .

"ဩော် . . . ခင်ဗျားလို မိန်းကလေးတစ်ယောက်အနေနဲ့ ကွမ်းစားတာ မကောင်းဘူးလို့ ဒီမှာတွေ့လား . . . ကျွန်တော်တောင် မစားဘူး"

မဆီမဆိုင် သူ့သွားဖြူဖြူများကိုဖြဲကာ ထိုလူက ပြလာသေးသည်။





ညိုမြ စိတ်တိုသွားရပြီး . . .

"နင် . . . ဘာတွေလာပြောနေတာလဲ၊ ငါက ကွမ်းစားမလား၊ ဘဲ့၊ ငါ့အဖေအတွက် ဝယ်တာ၊ ယာမှာသာ ယာစမ်းပါ"

"အဲလိုလား . . . ပြီးရောလေ၊ ယာပေးလိုက်မယ်၊ ဒါနဲ့ အဖေ့ဆီကလည်း ကွမ်းယာနိုးမစားရဘူးနော်"

ဘာလဲဟ ညိုမြ ပို၍ စိတ်တိုသွားလေ၏။ ထို့ကြောင့် . . .

"ဟဲ့ . . . နင် ဘယ်လိုလူလဲ၊ ကွမ်းရောင်းမှာလား မရောင်းဘူးလား"

ထိုလူက ပြန်ကာရယ်ပြရင်း . . .

"ဒီမှာ ရောင်းမလို့ဘဲ ယာနေပြီလေ၊ ဘာလို့ စိတ်တိုနေတာလဲ"

ပြောရင်း ကွမ်းဆက်ယာကာ ညိုမြဆီ ကွမ်းထုပ် လှမ်းပေးသည်။ ကွမ်းယာထုပ်ကို ဆတ်ခနဲယူကာ မြန်မာငွေသုံးရာ လှမ်းပေးလိုက်၏။ ဒါတောင် ဒင်းက လျှာရှည်လိုက်သေး၏။

"နောက်နေ့တွေ လာမဝယ်ပါနဲ့ဗျာ၊ မိန်းကလေးတစ်ယောက်အနေနဲ့ ကွမ်းယာဆိုင်ထဲ ဝင်တာတောင် ကြည့်မကောင်းလို့ပါ"

"ငါ့ဟာငါ ဝင်ဝင်မဝင်ဝင်၊ ဝယ်ဝယ်မဝယ်ဝယ် နင့်အပူ တစ်ပြားသားမှမပါဘူးဟဲ့၊ ဘာကောင်မှန်းကိုမသိဘူး"

ပြောပြီး လှည့်ထွက်လိုက်သည်။ ဒါတောင် စကားသံက ကပ်ပါလာသေး၏။

"ခင်ဗျားက ရပ်ကွက်ထဲပြောင်းလာတဲ့ စတိုးဆိုင်နဲ့အိမ်က မဟုတ်လား။ နောက်နေ့မနက် ကွမ်းထုပ်ကို ကျွန်တော်ပဲ လာပို့ပေးမယ်လို့ ခင်ဗျား

www.burmeseclassic.com



အမေကို ပြောလိုက်လေ၊ အဲဒီ ခင်ဗျားလည်း ကွမ်းယာဝယ်စရာ မလိုတော့ဘူးပေါ့"

အာ . . . ဒီကောင်တော့။ ပြန်လှည့်ကာ ကောလိုက်မည်ဟု စိတ်ကူးလိုက်ပြီးမှ ကိုယ်က ရပ်ကွက်ထဲ ပြောင်းလာတာ မကြာသေးသည်မို့ စိတ်ထိန်းပြီး ညိုမြ ဆက်ထွက်လာခဲ့သည်။

ဒါသည် ဒီရပ်ကွက်ထဲရောက်ပြီး ပထမဆုံးအကြိမ် စိတ်အနှောင့်အယှက် ဖြစ်ရခြင်းဖြစ်သည်။

နောက်နေ့ ထိုဆိုင်မှာ ကွမ်းယာဝင်ဝယ်ရန်လည်း ညိုမြ စိတ်မကူးတော့။

ပြီးပြီ။

## (၃)

ဈေးဝယ်အပြီး ချိန်းထားသောနေရာမှာ ကလျာနွေက အသင့်စောင့်နေပါသည်။ ညိုမြကိုတွေ့တော့ ပြုံးပြရင်း . . .

"ဘာတွေရခဲ့ ညိုမြ"

ညိုမြက ပြန်ကာရယ်ပြလိုက်ပြီး . . .

"ဒီလိုပါပဲဟယ် . . . ဟိုနည်းနည်း ဒီနည်းနည်းပေါ့၊ နင် စောင့်နေတာကြာပြီလား"

"မကြာသေးပါဘူး . . . ခုနလေးကမှ ရောက်တာ၊ လာလေ . . . ဆက်မက်ရှည်ဆိုင်သွားရအောင်"

"အေး . . . အေး"

နှစ်ယောက်သား ဆက်လျှောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

လှမ်းမှာ ကလျာနွေက ...

"ဘယ်လိုလဲ ညိုမြ ... ငါတို့ရပ်ကွက်က နေလို့ကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်၊ ငါ အရင်နေခဲ့တဲ့ရပ်ကွက်နဲ့စာရင်ပေါ့၊ အင်း ... မနေချင်လို့ ပြောင်းလာတယ်ဆိုခါမှ ငါ့မှာ အဲဒီရပ်ကွက်ကို ပြန်ပြန်သွား နေရသေးတယ်"

ညိုမြစကားကြောင့် ကလျာနွေက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဟင် ... ဘာကိစ္စသွားနေရတာလဲ၊ သြော် ... သိပြီ အဲဒီမှာကျန် ခဲ့တဲ့ နှင့်ဘဲကို သွားသွားတွေ့တာလား"

ကလျာနွေက အရယ်တစ်ဝက်ဖြင့် စ,ကာမေးလာခြင်းဖြစ်သော်လည်း ညိုမြက မျက်နှာထားလေးတည်တည်ဖြင့် ...

"ကလျာ ... နင် ပေါက်ကရတွေလာပြောမနေနဲ့ သွားနေရတာက မေမေ့ကြောင့်ပေါ့၊ မေမေက အဲဒီမှာနေတုန်းက ငွေတိုးချေးတယ်လေ ခု ... ဒီကိုပြောင်းလာတော့ ရစရာရှိတာတွေ ကျန်ခဲ့တာပေါ့၊ ငါ့မှာ မိန်း ကလေးတန်မဲ့ မတောင်းချင်ဘဲ သွားသွားတောင်းနေရတယ်"

စကားအဆုံးမှာ ကလျာနွေက ရယ်ရင်း ...

"ဒါဆိုလည်း ရစရာရှိတာတွေပြတ်ရင် အန်တို့ကို ထပ်မချေး နိုင်းနဲ့ပေါ့ဟာ"

"ရပါလိမ့်မယ် အားကြီးကြီး ထပ်တောင်ထုတ်ချေးထားသေးတယ် မေမေပြောတာ ဘာတဲ့ ... အဲကလူတွေက သူ့ကို အားကိုးနေတာဆိုပဲ မသိရင် သူကပဲ ကယ်တင်ရှင်ကြီးလိုလို၊ ဘာလိုလိုနဲ့၊ ပြီးတော့ အတိုး





မယူတာ ကျနေတာပဲ"

ကလျာနွေက တဟားဟားရယ်တော့သည်။ ပြီးမှ ...

"ညိုမြရယ် ... ကိုယ့်အမေကို အဲလိုတော့ မပြောပါနဲ့၊ သူလည်း အိမ်မှာနေရင်း အပိုဝင်ငွေလေး ရလို့နေမှာပါ"

ညိုမြက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းခါလိုက်ပြီး ...

"မသိတော့ဘူး ကလျာရာ၊ ငါ နှင့်လို ကုမ္ပဏီတစ်ခုခုမှာ လုပ်မယ် ပြောတော့လည်း လက်မခံပြန်ဘူး၊ ခြေချုပ်မိအောင် အိမ်မှာတောင် ဆိုင် ဖွင့်လိုက်သေးတယ်၊ ပြီးရော"

ကလျာနွေကတော့ ထပ်ကာထပ်ကာကို ရယ်နေတော့သည်၊ ကိုယ်ပြောသူရယ်နှင့်ပင် လက်ဖက်ရည်ဆိုင်သို့ ရောက်လာ၏။

ဈေးခြင်းတောင်းကိုယ်စီ ဘေးမှချလိုက်ရင်း စားပွဲထိုးလေး ခေါ်ကာ လက်ဖက်ရည်နှင့်မုန့်ဟင်းခါး မှာလိုက်၏။ ဆိုင်ထဲကို ဝေ့ဝဲကြည့်ရင်း ညိုမြ အကြည့်က ကောင်တာဆီသို့ ရောက်သွားသည်။ တစ်ဆက်တည်း မျက် မှောင်ကြုတ်လိုက်မိ၏။

ဘေးမှ ကလျာနွေကို ခပ်တိုးတိုးမေးလိုက်သည်။

"ကလျာ ... ကောင်တာမှာထိုင်နေတဲ့ကောင်က ဆိုင်ပိုင်ရှင်လား"

"အင် ... ဟင်"

ကလျာနွေက လှမ်းကြည့်ရင်း ခပ်ဟဟ ရယ်သည်။

"ဘယ်ကလာ ... အဲ့ကောင်နာမည်က အိုးဝေတဲ့၊ ငါနဲ့လည်း သူငယ်ချင်းပါ၊ ဆိုင်ပိုင်ရှင်မဟုတ်ပေမယ့် ဒီကောင့်ကို ဆိုင်တိုင်းက ခေါ် ထားချင်တာဟ"



www.burmeseclassic.com

www.burmeseclassic.com

ညိုမြ နားရှုပ်သွားသည်။

"ဘယ်လို ... ဘယ်လို၊ နင်ပြောတာ ငါသိပ်နားမလည်ဘူး"

"ဒီလိုဟာ ... ဘာဖြစ်လို့လဲတော့မသိဘူး၊ အိုးဝေက လပ်ကီး ကောင်းတယ်ဟ၊ နားလည်အောင်ပြောရရင် ခုလို ဆိုင်မှာသူရှိနေရင် ဆိုင်က ပိုရောင်းကောင်းတယ်၊ နောက်ပြီး အခက်အခဲတစ်ခုခုကို ဒီကောင် လိုက် ဖြေရှင်းပေးရင် အဆင်ပြေတယ်၊ ဘာမဆိုပေါ့၊ မွေးရာပါ ဇာတာလို့ ပြောရ မလားပဲ၊ ရပ်ကွက်ထဲက သူ့ကိုနာမည်ပေးထားတာ ရှိတယ်၊ လာဘ်ကောင် တဲ့"

ညိုမြ မျက်နှာမဲ့လိုက်မိသည်။ ကိုယ်နှင့်တော့ ငြိခဲ့သည်ကိုး။ ထို့ ကြောင့် ခပ်ပေါ့ပေါ့ပဲ ပြန်ပြောလိုက်၏။

"ငါတော့ မထင်ပါဘူးဟာယ်၊ တိုက်ဆိုင်တာ ဖြစ်မှာပါ"

ထိုအချိန်တွင် အိုးဝေတစ်ယောက်မှာလည်း ဆိုင်ပေါက်ဝသို့ တ မျှော်မျှော်ဖြစ်နေသည်။ ကိုစိုးနိုင်တစ်ယောက် ပြန်မလာသေး၍ ဖြစ်၏။ အကျိုးအကြောင်းသိချင်လှပြီ၊ ဒီက ဖုန်းဆက်တော့လည်း မကိုင်။ ဟိုဘက် ကလည်း မဆက်လာသည်ကိုး။

ထိုအချိန်မှာပဲ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုစိုးနိုင်ကိုယ်တိုင် မောင်း နှင်လာသော ဆိုက်ကားက ဆိုင်ရှေ့ထိုးရပ်လာသည်။ ထူးခြားသောမြင်ကွင်း မို့ လက်ဖက်ရည်ဆိုင်ထဲမှလူတွေ ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြ၏။ ရပ်ကွက် တစ်ခုလုံးကို စီမံအုပ်ချုပ်နေသောလူက ဘာကြောင့် ဆိုက်ကားနင်းနေရ သနည်းပေါ့။

အုပ်ချုပ်ရေးမှူးကိုစိုးနိုင်ကတော့ဖြင့် ဂရုမစိုက်ပါချေ။ ဆိုက်ကား





ပေါ်မှဆင်းကာ ပုခုံးစဖြင့် နဖူးမှချွေးစများကို သုတ်လိုက်ရင်း ...

"အိုးဝေရေ ... အိုးဝေ"

ကိုစိုးနိုင်၏အသံဟူသောအသိဖြင့် အိုးဝေ ဒရောသောပါး ပြေးထွက် လာခဲ့သည်။ လမ်းမှာ ဘာတွေဝင်တိုက်မိခဲ့သည်ကိုပင် မသိတော့။

အပြင်ရောက်ရောက်ချင်း ကိုစိုးနိုင်က ဝမ်းသာသံကြီးဖြင့် ...

"ဟေ့ကောင် အိုးဝေ ... အံ့မောင်မွေးပြီကွ၊ ယောကျ်ားလေး ရှစ်ပေါင်ခွဲတောင်ရှိတယ်"

စကားအဆုံးမှာ အိုးဝေက ကြောင်တောင်တောင်ပုံစံဖြင့် ...

"ဟာ ... ကိုစိုးနိုင်ကလည်း ကိုအံ့မောင်က မွေးမလားဗျ၊ သူ့မှာ သားအိမ်မှမရှိတာ"

ရပ်ကွက်အုပ်ချုပ်ရေးမှူးပင် ပြန်ကြောင်သွားရသည်။

"အေး ... ဟုတ်သားပဲ၊ ဟာ ... ဒီကောင်တော့၊ မွေးတာတော့ သူ့မိန်းမကွ မွေးတာပေါ့ကွ၊ မင်းကလည်းတစ်မျိုး"

ထိုအခါမှ အိုးဝေရယ်လိုက်ပြီး ...

"နောက်တာပါဗျာ၊ ကလေးက ကျန်းကျန်းမာမာပဲမလား"

"အားလုံး အိုကေတယ်"

"ကျွန်တော်တို့ ကူညီရကျိုးနပ်တာပေါ့ဗျာ။ ကဲ ... လာ ... နိုက်လိုက်ပါဦး"

အိုးဝေက လက်ဝါးချင်းရိုက်ရန် လက်မြှောက်လိုက်သည်။ ကိုစိုးနိုင် ယောင်ကာရိုက်ရန် လက်မြှောက်လိုက်ပြီးမှ ပြန်ရုတ်လိုက်ရင်း ...

"ဟာ ... ဘာလဲကွာ၊ မရိုက်ဘူး ဟေ့ကောင် ... ငါ ရုံးမှာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်စရာရှိသေးလို့ သွားဦးမယ်၊ ဆိုက်ကားကို မင်းပဲ ရှုပါဆီ ပြန်ပို့လိုက်တော့''

ပြောပြီး ကိုစိုးနိုင်က လှည့်ထွက်သွားသည်။ ခြေလေးငါးလှမ်းလောက် အရောက်မှာပဲ အိုးဝေက . . .

''ကိုစိုးနိုင် . . . ကိုစိုးနိုင်''

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဆတ်ခနဲ လှည့်ကြည့်လာသည်။ ကြည့်တာမှ ငါ အုပ်ချုပ်ရေးမှူးဆိုသည့် မျက်နှာပေးနှင့်ဖြစ်၏။

''ဘာလဲ ဟေ့ကောင် . . . ပြော''

အိုးဝေက ရယ်ကျဲကျဲနှင့် . . .

''ဩော် . . . ကိုစိုးနိုင်က ဆိုက်ကားနင်းတာ အရမ်းကျွမ်းတော့တွေးမိလို့ပါ၊ ဒီတစ်ခေါက် အုပ်ချုပ်ရေးမှူး ထပ်ရွေးလို့ ကိုစိုးနိုင် ပြုတ်သွားရင် ဆိုက်ကားနင်းစားပါလားလို့''

စကားအဆုံးမှာ ကိုစိုးနိုင်မျက်နှာကြီး မဲ့ထွက်သွားပြီး လက်သီးထောင်ပြ၍ . . .

''အိုးဝေ . . . မင်းနာတော့မယ်၊ မင်းတော့ကွာ . . . လက်ဖက်ရည်ဆိုင်ရှေ့မှာမို့လို့ပေါ့ . . . မဟုတ်ရင် မင်းမလွယ်ဘူး''

ကြုံးဝါးကြိမ်းမောင်းကာ အုပ်ချုပ်ရေးမှူး ထွက်သွားတော့သည်။ ထိုအခါမှ အိုးဝေက လက်ဖက်ရည်ဆိုင်ဘက် မျက်နှာမူလိုက်ပြီး အော်လိုက်၏။

''ကဲ . . . အားလုံးပဲနားထောင်ပါ၊ ဒီဆိုင်ပိုင်ရှင် ကိုအံ့မောင်ကြီးရဲ့ မိန်းမက ယောကျ်ားလေးမွေးပါတယ်တဲ့၊ ဒီတော့ အားလုံးပဲ ကြိုက်သ





က်စားပြီး ကျသလောက် ရှင်းခဲ့ပါခင်ဗျာ၊ ကိုအံ့မောင်အတွက် လက်သံလေး ကြားချင်ပါတယ်''

ပြောရင်း . . . အိုးဝေက လက်ခုပ်စ,တီးလိုက်သဖြင့် ဆိုင်ထဲကတွေလည်း လိုက်ကာတီးရတော့သည်။

လက်ခုပ်သံတွေရပ်သွားတော့မှ ကလျာနွယ်က အိုးဝေကိုကြည့်ကာ

''ဟဲ့ အိုးဝေ . . . နင့်ကိစ္စတွေ ပြီးသွားပြီလား''

အိုးဝေ ဆတ်ခနဲလှည့်ကြည့်လာသည်။ ညိုမြကို မြင်လိုက်ရသဖြင့်နှုံးလည်း မြင့်တက်သွား၏။ ပြီး . . . ပခုံးတစ်ချက် တွန့်လိုက်ရင်း . . .

''ဩော် . . . အေး . . . ကလျာ၊ ငါ့ကိစ္စကတော့ ပြီးလုပြီးခင်ပါပဲ၊ဖြစ်လို့လဲပြော''

''ဒီမှာ . . . ခဏလာထိုင်ဦး''

အိုးဝေက ညိုမြတို့ဝိုင်းမှာလာဝင်ထိုင်သည်။ ပြီး . . . ညိုမြကိုချက်ကြည့်လိုက်ပြီးမှ ကလျာနွေကို . . .

''ဘာလဲ . . . သူ့ကို ငါနဲ့ မိတ်ဆက်ပေးမလို့လား။ သူ့နာမည် ငါသားပါဟာ၊ ညိုမြတဲ့ . . . ဟုတ်တယ်မဟုတ်လား။ ငါ့နာမည် အိုးဝေဆိုလည်း နင်ပြောပြီးရောပေါ့၊ ဒီတော့ ငါတို့ သူငယ်ချင်းတွေ ဖြစ်သွားနော် . . . ဟုတ်တယ်ဟုတ်''

စကားအဆုံးမှာ ညိုမြ အတော်ခံပြင်းသွားသည်။ ဘာမှတော့ပြောဖြစ်သေး။ ကလျာနွေက မျက်နှာကိုမဲ့ကာ . . .

''အပိုတွေလျှောက်ပြောမနေနဲ့ အိုးဝေ၊ ဘာမှ မိတ်ဆက်မပေးဘူး။ နင်ပြေးထွက်လာတော့ ဒီစားပွဲကို ဝင်တိုက်သွားတယ်၊ အဲဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးပန်းကန်မှောက်ပြီး ညိုမြရဲ့ဘောင်းဘီပေါ် အကုန်ကျပြီး ပေပွ ကုန်ပြီ၊ အဲဒါ ... နင် ဘယ်လိုရှင်းပေးမှာလဲ''

''အယ် ... တကယ်ကြီးလား''

ပြောရင်း ... အိုးဝေက ညိုမြ၏ပေါင်ကို လှမ်းကြည့်သဖြင့် ညိုမြမှာ ဒူးနှစ်လုံးကို ဖတ်ခနဲ စေ့ထားလိုက်ရသေးသည်။ အိုးဝေက ညိုမြကို အားနာဟန်ဖြင့် ကြည့်ကာ ...

''ဆောရီးပဲဗျာ ... အားနာလိုက်တာ၊ ဘယ်လိုမှ ထင်မထားဘူး ... သိလား''

ညိုမြက ခပ်တည်တည်ပဲ ...

''ဘာလဲ ... ငါက နင့်ကိုရပါတယ်လို့ ပြန်ပြောရမှာလား။ လုံးဝပဲ ... ဒီကိစ္စကို ငါ လုံးဝမကျေနပ်ဘူး''

အိုးဝေ ခေါင်းတဖျင်းဖျင်းကုတ်တော့သည်။ ပြီးမှ မျက်နှာငယ်လေးဖြင့် ...

''အဲဒါဆိုရင်လည်း ... ကျွန်တော် ဘယ်လိုလုပ်ပေးရမလဲ၊ ပြောဗျာ''

ညိုမြ ဘာမှမပြောရသေးခင်မှာပဲ ဆိုင်ထဲသို့ မျက်မှန်တပ် အမျိုးသားတစ်ဦး ဝရုန်းသုန်းကား ဝင်ရောက်လာသည်။ ကိုးကန်းတောင်းမှောက် မျက်လုံးတွေဖြင့် ဆိုင်ထဲကို ဝေ့ဝဲကြည့်လိုက်ပြီးမှ အိုးဝေထံတွင် အကြည့်က ဆုံးသွားသည်။

ချက်ချင်းပင် ခြေလှမ်းစိပ်စိပ်ဖြင့် လျှောက်လာပြီး ...

''အိုးဝေ ... မင်း ငါ့ဆိုက်ကား နိုးသွားတယ်ဆို၊ အဲဒါ ပြန်ပေး''





အိုးဝေက ...

''အာ ... ကိုစူပါကလဲ၊ မခိုးပါဘူးဗျာ၊ ခဏယူသွားတာပါ''

''ဘာကိစ္စယူသွားတာလဲ၊ ငါ့မှာ အဲဒဲဆိုက်ကားလေးနဲ့ လုပ်စားနေရတာကို''

အိုးဝေ စိတ်ရှုပ်ဟန်ဖြင့် ကျွတ်စ်ခနဲ စုတ်သပ်ကာ စူပါဘက်သို့ ကြည့်လိုက်ပြီးမှ ...

''ကိုစူပါ ... ခဏ ရှင်းပြမယ်၊ ဒီဘက်ကအမှုတွဲကို အရင်ရှင်းလိုက်ဦးမယ်''

ပြောပြီး ညိုမြတို့ဘက်ကို ပြန်လှည့်လာသည်။

''ကဲ မညိုမြ ... ပြောဗျာ၊ ဘယ်လိုလုပ်ပေးရမလဲ၊ ကျွန်တော့် ဘောင်းဘီပေါ်ကို မုန့်ဟင်းခါးတွေ ပြန်သွန်ချမလား၊ ဒါဆိုလည်း အိုးဘဲဥနဲ့ တစ်ပွဲ မှာလိုက်မယ်''

ထိုစကားကြောင့် ညိုမြ ပိုတင်းသွားရ၏။ သို့သော် ... ဘာပြန်လုပ်ရမှန်းမသိ။ စိတ်ထဲတွင် မကျေနပ်တာပဲရှိသည်။ ထိုစဉ် တစ်ဖက်မှ စူပါကလည်း တစ်စခန်း ထလာပြန်၏။

''အိုးဝေ ... မင်း ငါ့ကိုရှင်းဦးလေကွာ''

''မညိုမြ ... ခဏ''

ညိုမြကို လက်ကာပြပြီး အိုးဝေက စူပါဘက်သို့ မျက်နှာပြန်မူလိုက်ပြန်သည်။

''ဒီမှာ ကိုစူပါ ... ကိုအံ့မောင်မိန်းမက ဗေဒင်အရ ကလေးမီးဖွားဖို့အတွက် ဆိုက်ကားနဲ့မှ သွားရမယ်ဆိုလို့ ခင်ဗျား ဆိုက်ကားကို လာယူတာ၊

www.burmeseclassic.com



ခုမှပြီ''

''မင်းကလည်း . . . အဲဒီ ငါ့ကိုနှိုးပါတော့လား''

''ဟာ . . . ခင်ဗျားကို နှိုးရအောင် ခင်ဗျားက, ကလေးမွေးပေးမယ့် အိုကျုံသရာဝန်မှ မဟုတ်တာ၊ ပြီးတော့ . . . ခင်ဗျားက မူးရူးပြီး အိပ်ပျော်နေ တာကိုး။ ကျွန်တော်မပြောနဲ့ ဆင်အော်၊ မြင်းအော်လို့တောင် နိုးမှာမဟုတ် ဘူး''

''ဟာ''

''ခု . . . ရှင်းပြီမလား''

''ရှင်းပြီကွာ၊ ဒါဆိုလည်း . . . ခု . . . ဆိုက်ကား ဘယ်မှာလဲ ပြန်ပေး''

''ဟိုဘက်ဆိုင်ဘေးမှာ ကပ်ထားတယ်''

ထိုအချိန်မှာပဲ လူတစ်ယောက်က အိုးဝေတို့ ဝိုင်းနားသို့ ကပ်လာပြီး

''ဒီမှာဗျို့ ဟိုနားကဆိုက်ကားက ဘယ်သူ့ဆိုက်ကားလဲ မသိဘူး''

ရှုပါက ချက်ချင်းပဲ ဆတ်ခနဲ ထရပ်ကာ . . .

''ကျွန်တော့်ဆိုက်ကားပါ၊ ဘာဖြစ်လို့လဲ''

''ဟိုလေ ဘူတာကြီးကို သွားချင်လို့ပါ၊ အားလားမသိဘူး''

''အားတယ် . . . အားတယ် . . . လာဗျို့''

ညှို့သည်နှင့်အတူ ရှုပါ ထထွက်သွားသည်။ ထိုအခါမှ အိုးဝေက ကလျာနွယ်ကိုကြည့်ကာ . . .

''တွေ့လား ကလျာ . . . ကိုရှုပါ အခေါက်ကြီးမိသွားပြီ၊ ဈေးနား မှာသာ ထိုးထားရင် ခေါက်တိုလေးတွေပဲ ရမှာ''





ကလျာနွေက မျက်စောင်းထိုးလျက် . . .

''ဩော် . . . နင်ပြောပုံက နင်နဲ့ထိုင်နေလို့ ကိုရှုပါ လပ်ကီးကောင်း သွားတာပေါ့ . . . အဲလိုလား''

အိုးဝေက ခေါင်းခါရင်းရယ်ကာ . . .

''အဲလို မဆိုလိုပါဘူးဟာ၊ ကဲ . . . မညိုမြ ခင်ဗျားရဲ့ကိစ္စကို''

ညိုမြက အိုးဝေစကားကို ဂရုမစိုက်တော့ဘဲ ကလျာနွေဘက်သို့ လှည့်ရင်း . . .

''ကလျာ ပြန်ရအောင်၊ ငါ တော်တော်စိတ်ရှုပ်နေပြီ၊ ပိုက်ဆံ ရှင်းဖို့ ခေါ်လိုက်တော့''

ပြောရင်း ညိုမြက သူ့ပိုက်ဆံအိတ်ကို ထုတ်လိုက်သည်။

''အေး . . . အေး''

ကလျာနွေက စားပွဲထိုးလေးကို လှမ်းခေါ်လိုက်ပြီး . . .

''မောင်လေး . . . အစ်မတို့ ဘယ်လောက်ကျလဲ၊ မုန့်ဟင်းခါးက နှစ်ပွဲ၊ လက်ဖက်ရည်နှစ်ခွက်''

စားပွဲထိုးလေးက . . .

''ရှင်းပြီးသွားပြီဗျ။ အစ်မရဲ့အစ်ကိုဆိုလား ဟိုအစ်ကိုကြီးလေ၊ လက်ဖက်ရည်လာသောက်ရင်း ရှင်းသွားတယ်''

''ဟင်''

စားပွဲထိုးလေးညွှန်ပြသည့်နေရာကို လှမ်းကြည့်လိုက်သည်။ အကာယ်ပင် ဆိုင်ထဲမှ ထထွက်သွားသည့် သူ့အစ်ကိုအား ကလျာနွေ တွေ့ လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"ညိုမြ . . . မပေးနဲ့တော့ ငါ့အစ်ကိုရှင်းသွားပြီတဲ့"

"ပြီးရောလေ၊ ဒါဆိုလည်း သွားရအောင်"

နှစ်ယောက်စလုံး ထရပ်လိုက်ကြသည်။ အိုးဝေက လှမ်းကြည့်ရင်း

"ကလျာ . . . နင်တို့ ငါနဲ့ထိုင်နေတာ ပိုက်ဆံတောင်မကုန်ဘူး။ အဟဲ . . . နောက်မှတွေ့မယ်နော်၊ ဆီးယူ"

ကလျာနွှေက မျက်စောင်းထိုးရင်း . . .

"ပနာယူနေတယ် ဟုတ်လား။ အိုးဝေ မသာကောင် . . . သွားပြီ"

ချစ်စဖွယ်နှုတ်ဆက်ပြီး နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

အပြန်လမ်းမှာ ညိုမြစဉ်းစားမိသေးသည်။ အိုးဝေဆိုသော ကောင်သည် တကယ်ပဲ မွေးရာပါလပ်ကီးကောင်သူလား။ ဒါဆိုလည်း သူများတွေအတွက် ဖြစ်ပေလိမ့်မည်။

ဒီရပ်ကွက်ထဲမှ လူတွေက အိုးဝေကို လာဘ်ကောင်အဖြစ် သတ်မှတ်ထားသည့်တိုင် သူ့မအတွက်တော့မဟုတ်။

ညိုမြ၏ တစ်ကိုယ်စာအမှုမှာတော့ အိုးဝေအတွက် ပေးစရာနာမည် တစ်ခုပဲ ရှိလေသည်။

အဲဒါက ငြိုဟ်ကောင်။

■



## (၄)

ညနေခင်းက သာယာပါသည်။ ပူပြင်းသောနေရောင်ခြည်တို့က သစ်ပင်ရိပ်ကို ရုပ်သိမ်းသွားပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး အလင်းသဲ့သဲ့ဖြင့် ခင်းကျင်းလှပနေပါသည်။ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေပြည်လေညင်းတို့ကြောင့်လည်း ညနေကို ညနေအဖြစ် ပို၍ပီပြင်လာစေသလို။

ထိုသို့သော ညနေမျိုးဆိုလျှင် အိုးဝေတစ်ယောက် ကိုအံ့မောင်တက်ဖက်ရည်ဆိုင်တွင် အေးအေးလူလူထိုင်ဖြစ်သည်။ ဘာရယ်ကြောင့်တော့ မဟုတ်။ သွားစရာ၊ လာစရာနေရာ များများစားစား မရှိသည့်အပြင် ကိုအံ့မောင်နှင့်လည်း ခင်နေ၍ဖြစ်သည်။ ပြီး ထိုင်ရသည့် နောက်ထပ်အကြောင်း တစ်ခုလည်း ရှိသေးသည်လေ။

ခုလည်း ကော်ဖီတစ်ခွက်မှာသောက်ရင်း ညိုမြနှင့်ဆုံခဲ့ ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည့်အကြောင်းကိုတွေးကာ ပြုံးမိသေးသည်။ ညီမြဘက်ကတော့ သူ့အပေါ်တင်းနေမှာ သေချာလောက်သည်။ တကယ်တော့ ထိုကိစ္စတွေသည် အိုးဝေတမင်လုပ်ခဲ့ခြင်းလည်း မဟုတ်ချေ။ သူ့အလိုလို အချိန်ကိုက်ဖြစ်သွားခြင်းသာဖြစ်သည်။ ထိုသို့ စဉ်းစားနေချိန်မှာပဲ . . .

"အိုးဝေ . . . မင်းတစ်ယောက်တည်းလား"

အသံကြောင့် အတွေးစ ပြတ်ကာ မော့ကြည့်မိသည်။ တွေ့လိုက်ရသူက ကိုညိုမောင်။ ဈေးထဲတွင် အိမ်သာကာန်ထရိုက်ဆွဲကာ ဗိုက်ဆံကောက်၍ လုပ်စားနေသည့် အညာသားတော်။

လှချင်းရင်းနှီးနေသဖြင့် အိုးဝေက . . .

"ကိုညိုမောင် . . . ထိုင်လေ၊ လက်ဖက်ရည်သောက်"

"သောက်မှာပါ၊ မင်းကိုလည်း တိုက်မယ်"

ကျားသားမိုးကြိုး . . . ကိုညိုမောင့်စကားကြောင့် အိုးဝေ ကိုယ့်နားကိုယ်ပင် မယုံနိုင်အောင် ဖြစ်သွားရသည်။ ကိုညိုမောင်အကြောင်း သူအသိခုံ။ ဒင်းသည် သူတစ်ပါးအပေါ် ကျွေးမွေးဖို့မပြောနှင့်၊ ကိုယ့်ဝမ်းကိုယ်ပင် သိပ်သဒ္ဓါသူ မဟုတ်ချေ။ ထပ်ပြောရလျှင် နှာခေါင်းချေးကို ငါးပိလုပ်စားချင်သည့် လူစားမျိုး။

ထို့ကြောင့် အိုးဝေက မျက်လုံးပြူးကာ ပြန်ကြည့်လိုက်ပြီး . . .

"ကိုညိုမောင် . . . ခင်ဗျား နေတော့ကောင်းပါတယ်နော်"

"ကောင်းပါတယ်ကွ . . . အလတ်ကြီးပါ၊ ဒီမှာကြည့်"

အရေးထဲ ညာဘက်လက်မှအကျီစကို မ၍ ဇလ ညွှစ်ပြလာသေးသည်။ စိတ်ဆင်းရဲရ၏။





အိုးဝေက ကိုညိုမောင်ကို အထက်အောက် အစုန်အဆန် ကြည့်လိုက်ပြီး . . .

"အင်း . . . ခင်ဗျားပုံစံကတော့ နေကောင်းတဲ့လက္ခဏာပဲ၊ ဒါပေမဲ့ . . . ခင်ဗျား ကျွန်တော့်ကို လက်ဖက်ရည်တိုက်မယ်ဆိုတာက ထူးဆန်းနေလို့ပါ"

စကားအဆုံးမှာ ကိုညိုမောင်က ဟီးခနဲရယ်သည်။ ပုံမှန်ရယ်သံမဟုတ်။ တစ်ခုခုကို လိုလားသည့် ဈေးခေါ်ရယ်သံမျိုးဖြစ်သည်။ ထင်သည့်အတိုင်းပင်။

"အိုးဝေ . . . မင်းကို ငါ မေးစရာလေးရှိလို့ကွ၊ အဲ . . . အကူအညီတောင်းချင်တာဆိုရင် ပိုမှန်လိမ့်မယ်"

"ပြော"

ထင်သားပဲဆိုသည့်စကားကို သုံးမနေတော့။ လေကုန်သည်။ ခံစပ်ကြွက်သား ညောင်းသည်။ ထို့ကြောင့် လိုရင်းကိုပဲ ထပ်မေးလိုက်၏။

"ကဲ . . . ဆိုစမ်းပါဦး၊ ခင်ဗျားက ဘာကိစ္စကို အကူအညီတောင်းချင်လို့လဲ"

ကိုညိုမောင်က ချက်ချင်းမပြောသေးဘဲ ရှက်အမ်းအမ်းမျက်နှာနှင့် ခေါင်းအရင်ကုတ်သည်။ ပြီး . . . မျက်နှာကိုမော့၍ လည်ပင်းကိုလည်း ကုတ်ပြန်၏။ ကြာလျှင် အပေါ်အောက် တစ်ကိုယ်လုံးကို ကုတ်မည့်အလားအလာရှိလေသည်။

ထို့ကြောင့် အိုးဝေက . . .

"ကိုညိုမောင် . . . ခင်ဗျား စကားပြောမှာလား၊ ခေါင်းကုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖင်တုတ် လုပ်နေမှာလား"

"မင်းကလည်းကွာ၊ ပြောဖို့အချိန်ယူနေတာပါ"

"အင်း . . . ဖြစ်ရမယ်၊ ဈေးထဲမှာ အိမ်သာလာတက်လို့ ပိုက်ဆံတောင်းရင်တော့ ခင်ဗျား အချိန်မယူဘူးနော်"

"အေးပါ . . . အိုးဝေရာ၊ ခုကိစ္စက အိမ်သာမှာ ပိုက်ဆံတောင်းသလောက်မလွယ်ဘူးကွ၊ ပြီးတော့ မင်းလို လပ်ကီးရှိတဲ့ကောင်ကို တိုင်ပင်မှ ဖြစ်မှာမို့လို့ပါ"

စကားက လိုရင်းမရောက်တော့ချေ။ ကြာတော့ အိုးဝေလည်း စိတ်မရှည်တော့။

"ကိုညိုမောင် . . . ခင်ဗျား ပြောမှာလား မပြောဘူးလား၊ မပြောရင်လည်း ကျွန်တော်ပြန်တော့မယ်"

စကားအဆုံးမှာတော့ ကိုညိုမောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အိုးဝေကိုလည်း တောင်းပန်သလို ကြည့်ကာ လက်ကာပြပြီး . .

"ခဏလေးပါကွာ . . . ပြောပါ့မယ်၊ ငါ . . . ငါလေ ကောင်မလေးတစ်ယောက်ကို ကြိုက် . . . ကြိုက်နေလို့"

"ဘာများလဲလို့ ကိုညိုမောင်ရာ၊ ဒါလေးပြောဖို့ဟာကိုများ ပျောက်နေတဲ့ MH370 မလေးရှားလေယာဉ်သတင်းပြောဖို့ ကျနေတာပဲ၊ ဒါနဲ့ ခင်ဗျား ကြိုက်နေတဲ့ကောင်မလေးက အပျိုလား"

"ဟာ . . . အပျိုပေါ့ဟ"

ခပ်ဆတ်ဆတ်ပြန်ပြောလာခြင်းဖြစ်သည်။ အိုးဝေက . . .

"ဒါများ . . . ကိုညိုမောင်ရာ၊ ခင်ဗျားလည်း လူပျို၊ ကောင်မလေး





ကလည်း အပျိုဆိုရင်ကြိုက်ပေါ့၊ ဒါဟာ လူ့အခွင့်အရေး ချိုးဖောက်တာမှ မဟုတ်တာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ . . . ငါ့မှာလည်း မင်းသိတဲ့အတိုင်း အတွေ့အကြုံကမရှိတော့ တိုင်ပင်ရတာပေါ့ကွ"

အိုးဝေက ခပ်ဟဟ ရယ်လိုက်သည်။ သူ့လာတိုင်ပင်သော ကိုယ်ကလည်း ရည်းစားဆိုတာ ထားဖူးသည်မဟုတ်။ ထားတော့ . . . လိုရင်းပဲ ဆက်မေးလိုက်သည်။

"ကဲ . . . ဆိုစမ်းပါဦး၊ ခင်ဗျားက ဘယ်ကောင်မလေးကို ကြိုက်နေတာလဲ၊ အဲဒါမှ ကျွန်တော် အကြံပေးလို့ရမှာဗျ"

ကိုညိုမောင် မျက်နှာကဝင်းကာ မျက်လုံးတွေ အရောင်တောက်လာသည်။ ဘေးပတ်ဝန်းကျင်ကိုလည်း မလုံမလဲ တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ

"ဟိုကွာ . . . ရပ်ကွက်ထဲကို မကြာသေးခင်ကမှ ပြောင်းလာတဲ့ ကောင်မလေးလေ၊ နာမည်က ညိုမြတဲ့"

"ဗြော်"

"ငါ သူ့ကို ကြိုက်နေတာကွ၊ သူ့မျက်နှာလေးက အမြဲချိုနေတာပဲ"

"ဟာ . . . သူ့မျက်နှာကို ချိုတယ်ပြောရအောင် ခင်ဗျားက လျှာနဲ့ လျက်ကြည့်ဖူးလို့လား"

"ဟာကွာ . . . မင်းကလည်း၊ ချိုသာတာကိုပြောတာကွ။ ကဲပါ . . . အိုးဝေရာ ငါ သူ့ကို ကြိုက်တယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ"

ဒီတစ်ခါ ခေါင်းကုတ်ရသူက အိုးဝေဖြစ်သွားသည်။ ကိုညိုမော



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အိမ်သာစောင့်နေရင်းက ဘယ်ကနေဘယ်လို ညိုမြကိုတွေ့ကာ ချစ်မိကျွသွားသည်မသိ။ ညိုမြကပဲ နေ့စဉ်ဈေးသွားတိုင်း အိမ်သာဝင်တက်လေ့ ရှိသလား။ ညိုမြသည် ဒီရုပ် ဒီရည်လေးနှင့် ဒီလောက်ဝမ်းလွယ်မည် မဟုတ်ချေ။ သူ့ကိစ္စသူ အိမ်မှာပဲ ရှင်းခဲ့ပေလိမ့်မည်၊ ဒါဆို ဘယ်လိုတွေ့သွားတာလဲ။ အိုးဝေ တသိတတန်းကြီး လိုက်စဉ်းစားနေမိ၏။

"ဟော့ကောင် ... ငါ ဘယ်လိုလုပ်ရမလဲလို့"

ကိုညိုမောင်စကားကြောင့် အတွေးစက လွင့်ထွက်သွားသည်။ အိုးတိုးအမ်းတမ်းဖြင့် ပြန်ပြောလိုက်ရ၏။

"အင်း ... အဲ ... ကြိုက် ... ကြိုက်ရင်တော့ စကားလိုက်ပြောပေါ့ဗျာ၊ ခင်ဗျားပြောတဲ့ ကောင်မလေးက ညနေဆိုရင် စာအုပ်ငှားပြီး ဒီလမ်းက ပြန်လာနေကျဗျ"

"ဖြစ်ပါ့မလား အိုးဝေရာ၊ ပြီးတော့ ... ငါက ဘာတွေ ပြောရမှာလဲ"

ဒီနေရာမှာတော့ အိုးဝေ စဉ်းစားရတော့၏။ လက်လွတ်စပယ် ပြောလိုက်လို့မဖြစ်ချေ။ ထို့ကြောင့် ...

"ဒီလိုဗျာ ... ပထမ ခင်ဗျားရဲ့နာမည်နဲ့အလုပ်အကိုင် ဝင်ငွေတို့ကိုပြောပြီး မိတ်ဆက်လိုက်၊ ပြီးရင်"

စကားက ပြတ်သွားရ၏။ စာအုပ်ကလေးကိုင်ကာ လမ်းလျှောက်လာသော ညိုမြကို တွေ့လိုက်ရ၍ ဖြစ်သည်။ အိုးဝေက ကိုညိုမောင်ကို ကြည့်၍ ...

"ဟော့လူ ... ဟိုမှာ ခင်ဗျားပြောတဲ့ကောင်မလေး လာနေပြီ၊





သွား ... သွား ... စကားလိုက်ပြောပေတော့၊ အချိန်ဆွဲမနေနဲ့"

ကိုညိုမောင်လည်း ညိုမြကို လှမ်းကြည့်ရင်း လှုပ်လှုပ်ရှားရှား ဖြစ် သွားသည်။ ပြီး ... စိုးရိမ်ဟန်ဖြင့် ...

"အိုး ... အိုးဝေ ... ငါက ဘာလိုက်ပြောရမှာလဲ"

"ဩော် ... ကဲ ... ခုနကပဲ ပြောပြီးပြီလေ၊ ခင်ဗျားရဲ့ အလုပ်အကိုင်နဲ့နာမည်ပြောပြီး မိတ်ဆက်လို့"

"ပြီး ... ပြီးရင်ကော"

"ဟာ ... ခက်တော့တာပဲ၊ ပြီးရင် ... ချစ်တယ် ဘာညာပေါ့ဗျာ၊ ခင်ဗျားကလည်း ဝေးလိုက်တာ"

"ဘာလဲကွ ... ချစ်တယ် ဘာညာဆိုတာ"

"ကိုညိုမောင်ရယ် ... ချစ်တယ် ဘာညာ သရကာပေါ့ဗျာ၊ သွား ... သွား ... သွားပြောတော့"

အသက်ကိုတစ်ဝကြီးရှူသွင်းကာ ကိုညိုမောင် ထွက်သွားသည်။ လေပူကြီးမှုတ်ထုတ်ကာ ရင်တထိတ်ထိတ်နှင့် ကျန်ခဲ့ရသူကတော့ ...

အိုးဝေ။

■



www.burmeseclassic.com

www.burmeseclassic.com

## (၅)

ခြေသံတဖျပ်ဖျပ်က နောက်ဘက်ဆီမှ အနားကိုကပ်လာလိုက်၊ ပြီး ရပ်ကျန်ခဲ့လိုက်၊ ပြန်၍ ကပ်လာလိုက်နှင့်မို့ ညိုမြစိတ်ထဲ မသိုးမသန့် ဖြစ်လာရသည်။ ဒါသည် သွေးရိုးသားရိုးတော့မဟုတ်။ သူမ,နောက်သို့ တစ်စုံတစ်ယောက် အကြံအစီတစ်ခုခုဖြင့် ချဉ်းကပ်လာပြီမှန်း ညိုမြ မိန်းကလေးတို့စိတ်ဖြင့် အတတ်သိလိုက်၏။

သို့သော် မသိချင်ဟန်ဆောင်ပြီး ဆက်လျှောက်လိုက်ပါသည်။ ဒါမျိုးက အရေးတယူ လှည့်မေးနေစရာမှ မလိုသည်ကိုး။ ဒီတစ်ခါတော့ ခြေသံပိုင်ရှင်က အနားထိအောင် တိုးကပ်လာပြီး . . .

"မ . . . မ . . . မညိုမြ"

အ,ထစ်၊ အ,ထစ်လေသံဖြင့် ကိုယ့်နာမည်ကို ခေါ်လာသည်မို့





ညိုမြ ဆတ်ခနဲ ဘေးဆီလှည့်ကြည့်လိုက်သည်။ အသားမည်းမည်း အရပ်ပုပြတ်ပြတ် လူတစ်ယောက်က ကွမ်းစားထားသော သွားနီနီများဖြင့် ဟီးခနဲ ရယ်ပြလာသည်။

ညိုမြ စိတ်ရှုပ်စွာ မျက်ခုံးအတွန့်ချိုးလိုက်ပြီး . . .

"ရှင် ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်မနောက်ကို လိုက်လာတာလဲ၊ လာမနှောင့်ယှက်နဲ့နော်၊ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး"

ညိုမြစကားကြောင့် ကိုညိုမောင် တွန့်ခနဲ ဖြစ်သွားရသည်။ သို့သော် လူပေါင်းစုံနှင့် ဆက်ဆံနေသော အိမ်သာကန်ထရိုက်ပိုင်ရှင်ပီပီ အားတင်းလိုက်ရင်း . . .

"မ . . . မနှောင့်ယှက်ပါဘူး မညိုမြ၊ စကားနည်းနည်းလောက် ပြောချင်လို့ပါ၊ ကျွန်တော့်နာမည်က ညိုမောင်လို့ခေါ်ပါတယ်၊ ဈေးထဲမှာ အိမ်သာကန်ထရိုက်ဆွဲထားတဲ့လူပါ"

ကိုညိုမောင်က သူ့ကို အထင်ကြီးအောင်ပြောလိုက်သော်လည်း ညိုမြနားခေါင်းထဲမှာတော့ မသဒ်စရာအနံ့တစ်ခု ရလိုက်သလို ခံစားလိုက်ရသည်။ ပျို့တက်လာသောခံစားမှုနှင့် ပြန်မေးလိုက်၏။

"ဒီမှာ . . . ရှင့်အလုပ်နဲ့ကျွန်မ ဘာမှပတ်သက်စရာမလိုဘူး ထင်တယ်"

စကားအဆုံးမှာ ကိုညိုမောင်က ခေါင်းခါခါ လက်ခါခါနှင့် . . .

"မဟုတ်သေးဘူးလေ မညိုမြရဲ့၊ အလုပ်အကြောင်းပြောတာက ကျွန်တော့်မှာ အလုပ်အကိုင်ရှိတဲ့အကြောင်း အရင်ပြောတာပါ၊ အခုက ပြောချင်တာက အဲဒါမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"နေစမ်းပါဦး။ ဒါဆို ... ရှင်က ဘာပြောချင်လို့လဲ"

ချက်ချင်းဆိုသလို ကိုညိုမောင်၏မျက်နှာ ဝင်းခနဲ ဖြစ်သွားပြီး...

"အဓိက ပြောချင်တာကတော့ မညိုမြကို ကျွန်တော် ... ကျွန်တော် ချစ်တယ်၊ ဘာညာဆိုတဲ့အကြောင်းပါ"

"ဘာ ... ဘာပြောလိုက်တယ်"

ညိုမြ ခပ်ကျယ်ကျယ်နှင့် ပြန်အော်လိုက်သော်လည်း ကိုညိုမောင်က အပြုံးမပျက်ဘဲ ...

"မညိုမြရယ် ... မညိုမြကို ကျွန်တော်ချစ်တယ်၊ ဘာညာသရကာပေါ့ဗျာ၊ အဲဒါကိုပြောတာ"

ဒေါသက ပိုထွက်လာရတော့သည်။ ဒီအိမ်သာကန်ထရိုက် စကားပြောပုံက လုံးဝအချိုးမကျချေ။ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ရင်း ညိုမြ စဉ်းစားလိုက်ကာ ...

"ဩော် ... ရှင်က ကျွန်မကို ချစ်တယ် ဘာညာသရကာပေါ့ ဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ ချစ်တယ် ... ဘာညာသရကာ၊ ချစ်တယ် ... ဘာညာသရကာပါ"

ကိုညိုမောင် ဝမ်းသာတက်ကြွစွာ ပြန်ပြောလိုက်သည်။ စိတ်ထဲမှာလည်း သင်ပေးလိုက်သော အိုးဝေကို ကျိတ်၍ ကျေးဇူးတင်သွား၏။

ညိုမြက ကိုညိုမောင်ကိုကြည့်၍ ...

"ဒီမှာ ... ရှင် ကျွန်မကို ချစ်တယ်၊ ဘာညာသရကာဆိုရင်လည်း ကျွန်မနောက်ကလိုက်ခဲ့"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ညိုမြက လျှောက်နေရင်းက လမ်းဘေးရှိ အိမ်တစ်လုံးထဲကို ဆတ်ခနဲ ချိုးဝင်သွားသည်။ ကိုညိုမောင်လည်း ထန်းလျက်ခဲပြုပြီး ခေါ်ခံရသည့် ခွေးအိုကြီးပမာ ညိုမြ၏နောက်မှ ကောက်ကောက်ပါအောင် လိုက်ပါသွားသည်။ ပတ်ဝန်းကျင်ကိုပင် မလေ့လာ မစူးစမ်းခဲ့။ ဒါသည်ပင် သူ၏အမှား။

ဝင်သွားသောအခန်းထဲသို့ ရောက်ရောက်ချင်း ညိုမြက ...

"ရပ်ကွက်အုပ်ချုပ်ရေးမှူးကြီးရှင့် ... ကျွန်မကို ဒီလူ လိုက်နှောင့်ယှက်နေပါတယ်"

"ဟင်"

ကိုညိုမောင် မျက်ကလူးဆန်ပျာဖြစ်သွားသည်။ ခုမှပဲ သူရောက်နေသောနေရာသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှန်း သတိထားမိသွား၏။ ခုနက မှုန်နေသဖြင့် ဘာမှမမြင်မိခဲ့။ ခုတော့သွားပြီ။

ထိုအချိန်မှာပဲ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုစိုးနိုင်၏အသံက ဟိန်းထွက်လာသည်။

"ဟေ့ကောင် ညိုမောင် ... ဒီမှာ လာတိုင်နေတယ်၊ မင်း ... ဒီကောင်မလေးကို လိုက်နှောင့်ယှက်တယ်ဆို"

ကိုညိုမောင်က မျက်နှာ အပျက်ပျက်အယွင်းယွင်းနှင့် ...

"အဲ ... အဲဒီသဘောမဟုတ်ပါဘူး အုပ်ချုပ်ရေးမှူးကြီး၊ ကျွန် ... ကျွန်တော် သူ့ကို မေတ္တာရှိလို့ လိုက်စကားပြောတာပါ"

ညိုမြက ဝင်ပြောလိုက်သည်။

"မဟုတ်ပါဘူး အုပ်ချုပ်ရေးမှူးရှင့်၊ သူပြောပုံက မဖွယ်မရာပုံပ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုချစ်တယ် ဘာညာ၊ ချစ်တယ် . . . ဘာညာသရကာဆိုပြီး တောက်လျှောက်ပြောလာတာပါ"

စကားအဆုံးမှာ ကိုစိုးနိုင်က စားပွဲကို လက်နှင့် ဖြန်းခနဲရိုက်ချလိုက်ရင်း . . .

"ညိုမောင် . . . မင်း အဲဒီအတိုင်းပြောတယ်ဆို ဟုတ်လား၊ မှန်မှန်ပြောနော်"

ညိုမောင်မျက်နှာက လက်သည်းခွံလောက်လေး ဖြစ်သွားပြီး

"ဟုတ် . . . ဟုတ်တော့ ဟုတ်ပါတယ် . . . ဒါပေမဲ့"

ကိုစိုးနိုင် စားပွဲကို ဖြန်းခနဲ ထပ်ရိုက်လိုက်ပြန်သည်။

"တော် . . . တိတ်၊ ဟုတ်ရင် မင်းနှောင့်ယှက်တာပဲပေါ့ ညိုမောင်၊ ဘယ်သူ့မှ ကောင်မလေးတစ်ယောက်ကို ချစ်တယ် . . . ဘာညာ၊ ချစ်တယ် ဘာညာသာရကာဆိုပြီး မပြောဘူးကွ၊ နားလည်လား၊ ညီမ ခဏနော်"

ကိုယ့်ဘက်လှည့်ပြောလာသဖြင့် ညိုမြမှာ ခေါင်းညိတ်ပြရသေးသည်။ ချက်ချင်း ကိုညိုမောင်မျက်နှာက ငိုတော့မလို အံ့ဆိုင်းမည်းမှောင်လာပြီး . . .

"ကျွန်တော် ရှင်းပြပါရစေ အုပ်ချုပ်ရေးမှူးကြီးရယ်၊ ဒီကိစ္စမျိုးမှာ ကျွန်တော် အတွေ့အကြုံ လုံးဝမရှိပါဘူး၊ ခုလည်း ဟိုကောင် အိုးဝေကို တိုင်ပင်တော့ . . . အိုးဝေက အဲလိုပြောဆိုတာနဲ့"

"ဘာကွ . . . အိုးဝေက မင်းကို အဲလိုပဲ သင်ပေးလိုက်တာလား"

"ဟုတ် . . . ဟုတ်ပါတယ်၊ ချစ်တယ် ဘာညာပြောပေါ့ဗျား၊ ချစ်တယ် ဘာညာသာရကာပြောလိုက်ပေါ့တဲ့၊ ကျွန်တော်လည်း သူ သင်ပေး





တဲ့အတိုင်း ပြောတာပါ၊ မဖွယ်မရာ မဟုတ်ပါဘူး"

ကိုစိုးနိုင်၏မျက်နှာက ပြုံးစိစိဖြစ်သွားပြီးမှ ပြန်တည်လိုက်၏။ သဘောပေါက်သလိုလည်း ရှိသွားသည်။ ညိုမြလည်း သဘောပေါက်သွားမယ့် အိုးဝေဆိုသောနာမည်ကြောင့် နားထင်ကြောက တင်းခနဲဖြစ်သွား၏။ အဲ့ဟိုကောင် သူ့ကို နှောင့်ယှက်ပြန်ပြီ။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုစိုးနိုင်က သူ့ကိစ္စ သူကိုင်တွယ်ပါတော့၏။

"ကဲ ညိုမောင်ရော . . . ဒီကညီမရော ခဏလေးနေကြပါဦး"

ထိုသို့ပြောပြီး သူ့လက်အောက်မှ ဝန်ထမ်းတစ်ယောက်ကို လှမ်းဆော်လိုက်လေ၏။

"ညီလေး . . . အိုးဝေဆိုတဲ့ကောင်ကို သွားရှာပြီး တွေ့တဲ့နေရာကနေ ခေါ်လာခဲ့၊ ငါ ခေါ်ခိုင်းတယ်လို့ပြော ဟုတ်ပြီလား"

"ဟုတ်ကဲ့"

■



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းတွင်းသို့ ရောက်ရောက်ချင်း အိုးဝေ အရင်ဝေ့ကြည့်လိုက်သည်။ အားပါးပါး လူစုံတက်စုံပါလား။ အုပ်ချုပ်ရေးမှူးကိုစိုးနိုင်နှင့် အပေါင်းအပါများအပြင် ခက်ထန်သောမျက်နှာနှင့် ညိုမြ ညှိုးငယ်သောအသွင်အပြင်နှင့် ကိုညိုမောင်တို့ကိုပါ တွေ့လိုက်ရ၏။

အိုးဝေ ပခုံးအရင်တွန့်လိုက်မိသည်။ ပြီး ... အုပ်ချုပ်ရေးမှူး ကိုစိုးနိုင်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ထိုင်ချလိုက်ရင်း ...

"ကိုစိုးနိုင်ရေ ... ကျွန်တော်တို့ ပြန်ဆုံကြပြန်ပြီနော်"

အိုးဝေအပြောကြောင့် ကိုစိုးနိုင်လည်း ယောင်နနဖြစ်သွားရပြီး ...

"အေးကွ ... မင်းရော နေကောင်းတယ်မဟုတ်လား၊ တစ်ခုခု သောက်ဦးလေ"





"ရပါတယ်ဗျာ၊ ကော်ဖီလောက်ပဲ လုပ်ပါ၊ အဟဲ"

ကိုစိုးနိုင်က သူ့တပည့်တစ်ယောက်ဘက်သို့လှည့်ကာ ...

"ဟေ့ ... အိုးဝေအတွက် ကော် ... ကော်ဖီ"

စကားမဆုံးခင်မှာပဲ ကိုစိုးနိုင် လက်ရှိအခြေအနေကို ပြန်သတိရသွားပုံပေါ်သည်။ စားပွဲကို လက်နှင့်ဖြန်းခနဲ ရိုက်လိုက်ရင်း ...

"ဟေ့ကောင် အိုးဝေ ... မင်းကို ကော်ဖီတိုက်ဖို့ခေါ်တာ မဟုတ်ဘူးကွ"

"ဒါ ... ဒါဆို ဘာလုပ်မလို့ ခေါ်တာလဲဟင်"

အိုးဝေက အရိုးခံပုံစံနှင့် ပြန်မေးလိုက်သည်။ ကိုစိုးနိုင်က မျက်နှာကို ထိုတာထက် ပို၍တင်းလိုက်ရင်း ...

"အိုဝေ ... မင်း ရှုးချင်ယောင်ဆောင်မနေနဲ့၊ ဒီမှာ ပြဿနာဖြစ်နေပြီ၊ မင်း၊ ညိုမောင်ကို မြှောက်ပေးလိုက်တဲ့ကိစ္စလေ၊ ဟိုကောင် ညိုမောင်ကလည်း မင်းသင်ပေးတဲ့အတိုင်း ဒီကညီမကို သွားပြောတော့ တိုက လာတိုင်တာပေါ့ကွ၊ မင်းကွာ ... တော်တော်မွှေတဲ့ကောင်"

အိုးဝေက ညိုမြကို တစ်ချက်ကြည့်လိုက်ပြီးမှ ကိုစိုးနိုင်အား ...

"အာ ... ကိုစိုးနိုင်ကလည်း ကျွန်တော် ကိုညိုမောင်ကို မမြှောက်ပေးပါဘူး၊ အကူအညီတောင်းလို့ အကြံပေးရုံလေး ပေးလိုက်တာပါ"

"အေး ... မင်း သင်ပေးလိုက်တာလည်း ကြည့်ဦးလေ၊ ချစ်တယ် ဘာညာပြောလိုက်၊ ချစ်တယ် ဘာညာသာရကာပြောလိုက် ... ဆိုတော့ ဟိုကောင်ညိုမောင်ကလည်း အဲဒီအတိုင်း သွားပြောတာ တစ်ဖက်က မိန်းကလေးအနေနဲ့ ဘယ်လိုတွေးမိမလဲ စဉ်းစားကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com

"တုတ်လား ... ကိုညိုမောင်"

ကိုညိုမောင်ဘက်လှည့်ကာ အိုးဝေက မေးလိုက်ခြင်းဖြစ်သည်။ ကိုညိုမောင်က ခပ်ယဲ့ယဲ့ ခေါင်းညိတ်ပြသည်။

အိုးဝေက ကိုညိုမောင်ကို မဲတော့၏။

"ခင်ဗျားဗျာ ... အကြံတောင်းလို့လည်း ပေးရသေးတယ်၊ ကိုယ့်ဖာသာ ကိုယ်မနိုင်တော့မှ ကျွန်တော်သင်ပေးတာပါဆိုပြီး လုပ်ချလိုက်တယ်၊ ကောင်းသေးလားဗျ။ ခုတော့ ... ကျွန်တော်နဲ့မညိုမြ မျက်နှာပျက်တော့မယ်"

"ဒီမှာ ... နင်နဲ့ငါ ဘာမှပတ်သက်တာမဟုတ်ဘူး အိုးဝေ၊ ငါ့နာမည် ထည့်မပြောနဲ့"

ထိုစကားကိုတော့ ညိုမြက ဒေါသံဖြင့်ပင် ပြောလိုက်ခြင်း ဖြစ်သည်။ အုပ်ချုပ်ရေးမှူး ကိုစိုးနိုင်က ညိုမြနှင့်အိုးဝေကို တစ်လှည့်စီ ကြည့်လိုက်ပြီးမှ ...

"အိုးဝေ ... မင်းနဲ့ ဒီကညီမနဲ့က သိနေတာလား"

"သိပါတော့ဗျာ"

"ဘာ ... သိပါတော့လဲ၊ အုပ်ချုပ်ရေးမှူးကြီးရှင့် ... သူနဲ့ကျွန်မ သိတယ်ဆိုတာ ရင်းရင်းနှီးနှီးသိတဲ့ပုံစံမျိုး မဟုတ်ပါဘူး။ ခဏခဏ ပြဿနာ ဖြစ်နေလို့ပါ"

ကိုစိုးနိုင်က သဘောပေါက်သွားသလို ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဒီမှာ ... အိုးဝေ"





အိုးဝေက ...

"ပြောကြည့်လေ ... ရင်ထဲပေါ့သွားတာပေါ့"

"အေး ... ပြောမယ်၊ ဟာ ... ဒီကောင်တော့ ...၊ ငါပြောတာ နားထောင်"

"ဟုတ်ကဲ့"

"ပြောရရင်ကွာ ... ခုလို ကိုယ့်ရပ်ကွက်ထဲမှာဖြစ်တဲ့ကိစ္စကို ဒီမှာပဲ ပြီးလိုက်စေချင်တယ်၊ ဟိုကောင်ညိုမောင်လည်း နောက်တစ်ခါ ဒီကညီမကို ထိုက်မနှောင့်ယှက်နဲ့တော့၊ အိုးဝေ ... မင်းလည်း ရပ်ကွက်ထဲမှာ သိပ် ပြဿနာမရှာပါနဲ့ကွာ၊ ရပ်ကွက်ထဲ မင်းကူညီတာနဲ့ မင်း ပြဿနာရှာတာက ထယ်ဘယ်လောက်ဖြစ်တော့မယ်"

"ဟုတ်ကဲ့ပါဗျာ၊ ကျွန်တော် ဆင်ခြင်ပါ့မယ်"

အိုးဝေ စကားအဆုံးမှာ ကိုစိုးနိုင်က ညိုမြဘက်သို့ လှည့်လိုက်ရင်း

"ကဲ ညီမရေ ... စိတ်ထဲမှာ ဘယ်လိုမှမထားပါနဲ့ကွယ်၊ ကိုယ့် ရပ်ကွက်သူ ရပ်ကွက်သားအချင်းချင်းပဲ၊ အစ်ကိုလည်း ဒီနှစ်ကောင်ကို ဆုံးမပြီးပါပြီ၊ နောက်တစ်ခါ နှောင့်ယှက်ရဲမှာမဟုတ်တော့ပါဘူး။ အစ်ကို သတိပေးတယ် ... သိလား"

အရေးထဲ ရပ်ကွက်အုပ်ချုပ်ရေးမှူးက သူ့ကိုယ်သူ အစ်ကို ... အစ်ကိုနှင့် ပနာဝင်ယူနေသေးသည်။

ထိုအခါမှ ညိုမြလည်း ထရပ်လိုက်ရင်း ...

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ အုပ်ချုပ်ရေးမှူးကြီးရှင့်၊ နောက်တစ်ခါ ထပ်နှောင့်ယှက်ရင် ကျွန်မဘက်က အမှုဖွင့်မယ်လို့သာ ပြောပေးပါ၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖိုး”

အိုးဝေကို မျက်စောင်းတစ်ချက် တိတိကျကျ ထိုးပြီး ညိုမြ ထပြန်သွားသည်။ အိုးဝေက ကိုစိုးခိုင်အား ပခုံးပဲ အသာတွန်းပြလိုက်၏။

ညိုမြပြန်သွားတော့မှ ကိုစိုးခိုင်က အိုးဝေကို ပြုံးစိစိနှင့်ကြည့်ကာ မှတ်ချက်ချလာသည်။

“အိုးဝေ ... အမြဲလပ်ကီးကောင်းတဲ့ မင်းဇာတာကတော့ ဒီကောင်မလေးနဲ့ကျမှ ပြောင်းပြန်ဖြစ်တော့မယ် ထင်တယ်”

အိုးဝေကလည်း ခပ်တည်တည်ပဲ ပြန်ချေပလိုက်ပါ၏။

“ပြောဖို့စောပါသေးတယ် ကိုစိုးခိုင်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဇာတာကို ကျွန်တော် ယုံတယ်လေ”

စကားအဆုံးမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုစိုးခိုင်က တဟားဟား ရယ်တော့သည်။

ကိုညိုမောင်ကိုကြည့်လိုက်တော့ မျက်လုံးလေး ကြောင်တောင်တောင်နှင့် အမောင် တောင်မှန်း မြောက်မှန်း မသိသလို။

■



## (၇)

“ဟဲ့ ညိုမြ ... မနေ့က နင် ရုံးရောက်ဂါတ်ရောက် ဖြစ်သေးတယ်ဆို”

တွေ့တွေ့ချင်း ခေါက်နဲ့ထွင်းဆိုသလို ကလျာနွယ် မေးလာသောစကားကြောင့် ညိုမြ ဖု,သွားရသည်။

ချက်ချင်းပင် မျက်စောင်း ဒိုင်းခနဲပြန်ထိုးလိုက်ရင်း ...

“ရပ်ကွက်ရုံးတင် ရောက်တာပါ ကလျာရာ၊ နင်မေးပုံကြီးက ဂါကပဲ အမှုအခင်းဖြစ်သလိုမျိုး”

နောက်တစ်နေ့မနက် ဈေးမှာတွေ့တော့ ကလျာနွယ်က မေးလာခြင်းဖြစ်သည်။ နလည်း ညိုမြက ဆုအောင့်အောင့်ပြောလိုက်တော့မှ ကလျာနွယ်က ဟီးခနဲရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဟီး ... ငါမေးတာ အဲလိုကြီးဖြစ်သွားလို့လား၊ ဒါနဲ့ ဘယ်လိုဖြစ်ကြတာလဲဆိုတာ ငါ့ကို အသေအချာပြောပြစမ်းပါဦး"

ညိုမြက မျက်နှာကိုမဲ့လိုက်ပြီး ...

"ဟို ... ကြိုဟ်ကောင်ကြောင့်ပေါ့ဟ"

ထိုသို့အစချီကာ မနေ့က ဖြစ်ပျက်သမျှကို ပြန်ပြောပြလိုက်သည်။ စကားအဆုံးမှာ ကလျာနွေက ထပ်ရယ်ပြန်သည်။ ဒီကောင်မ ရယ်ဖို့ တစ်ခုပဲ တတ်သလားမသိချေ။

အရယ်ရပ်တော့မှ မျက်နှာတည်လိုက်ပြီး ...

"အေးဟာ ... ဘယ်လိုလဲတော့မသိဘူး။ အိုးဝေရဲ့ဇာတာက တခြားလူတွေအတွက်ဆို လာဘ်ကောင်ဟ၊ နင်နဲ့ကျမှ ဘယ်လိုဖြစ်နေလဲ မသိဘူး"

"ကြိုဟ်ကောင်ဖြစ်နေတာလေ၊ ကြိုဟ်ကောင်ဖြစ်နေတာ၊ ဒါနဲ့ နေစမ်းပါဦး ကလျာ ... နင်တို့ပြောပြောနေတဲ့ အိုးဝေဟာ လပ်ကီးကောင်းတဲ့ကောင်ဆိုတာကို နင်လည်း တကယ်လက်ခံထားတာပဲလား"

စကားအဆုံးမှာ ကလျာနွေက ပခုံးအသာတွန့်လိုက်ပြီး ...

"အင်း ... လက်ခံသင့်သလောက်တော့ လက်ခံပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင် ကြုံဖူးလို့ပဲ"

ညိုမြ နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ သိချင်စိတ်နှင့် ချက်ချင်းပြန်မေးလိုက်၏။

"ဆိုစမ်းပါဦး ... နင်က ဘယ်လိုကြုံခဲ့လို့လဲ"

ကလျာနွေက ...





"ဒီလိုဟာ ... ငါ အလုပ်မရှိခင်တုန်းက အလုပ်တွေ လိုက်လျှောက်တာ ဆယ်ခုလောက်ရှိမယ်၊ တစ်ခုမှကို အဆင်မပြေဘူး။ ခု ဒီအလုပ်ကျတော့ လစာလည်းကောင်းမယ်၊ ငါ ဝါသနာပါတဲ့အလုပ်လည်း ဖြစ်နေတော့ ရချင်တာပေါ့ဟာ၊ ဒါပေမဲ့ ... ဖြစ်ချင်တော့ လျှောက်ထားတဲ့လူက သုံးရာလောက်ရှိတယ်ဟ၊ သူတို့ခန့်မှာက အယောက်နှစ်ဆယ်တည်း"

"အဲဒီတော့"

ညိုမြက စကားထောက်ပေးလိုက်သည်။ ကလျာနွယ်က ဆက်၍

"ငါလည်း အင်တာဗျူးဖြေမယ့်နေ့ကျတော့ ဟုတ်သော်ရှိ မဟုတ်သော်ရှိဆိုပြီး အိုးဝေကို အဖော်ခေါ်သွားလိုက်တယ်၊ အံ့မယ် ... ဒီကောင်က ထမ်းမှာတောင် ဘယ်လိုဖြေ ဘယ်လိုလုပ်ဆိုပြီး သင်ပေးသေးတာ၊ အဲ ... ငါ အင်တာဗျူးဖြေရတာ အမှန်အတိုင်းပြောရရင် ရာနှုန်းပြည့် စိတ်ကျေနပ်မှုတော့မရဘူးဟ၊ အိုးဝေကတော့ ပြောပါတယ်၊ နင် အလုပ်ရပါလိမ့်မယ်တဲ့၊ နောက်သုံးရက်လောက်လည်းကျရော အလုပ်ခန့်လိုက်ပြီဆိုတဲ့စာ ဝင်လာတော့တာပဲ၊ အဲဒါက အိုးဝေနဲ့ပတ်သက်ပြီး ငါကြုံဖူးတာလေ"

ဩော် ... ဟု ရေရွတ်ပြီး ညိုမြ အတန်ကြာ ငြိမ်သက်နေမိသေးသည်။ ပြီးမှ ပခုံးအသာတွန့်လျက် ...

"တိုက်ဆိုင်တာနေမှာပါဟာ၊ ငါဆိုရင်တော့ အဲလောက်လေးနဲ့ ဆက်မခံဘူး"

"ဩော် ... ဒါကတော့ နင့်သဘောလေ၊ ငါက ငါကြုံဖူးတာကို ပြောပြတာ၊ ပြီးတော့ အိုးဝေကိုမွေးပြီးမှ သူ့မိဘတွေ စီးပွားတက်လာတာဆိုတဲ့ စကားကြီးတွေ ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ပါပြီ . . . ဟုတ်ပါပြီ”

ညိုမြက ခပ်ရွှံ့ရွှံ့ ပြန်ပြောလိုက်သည်။ စကားပြောနေရင်း ကိစ္စတစ်ခုကို သတိသွားရသဖြင့် . . .

“ဟဲ့ ကလျာ . . . နှင့်ကိုပြောဖို့ မေ့နေတာ၊ မနေ့ညက ငါ့ဆီ စုမာ ဖုန်းဆက်သေးတယ်”

ကလျာနွေက နှာခေါင်းရှုံ့၍ . . .

“ဘာလဲ . . . သူ့ဘဲ ရန်နိုင်နဲ့ကိစ္စပဲလား”

“ဒီဟာမမှာ ဒီကိစ္စပဲရှိတာပဲဟယ်၊ ခုလည်း အကြီးအကျယ် စကားများ ရန်ဖြစ်ပြီး ပြတ်ထားပြီးမှ ရန်နိုင်က အတင်းငိုယိုပြီး နောက်ကို အရက်မသောက်တော့ပါဘူး။ လောင်းကစားမလုပ်တော့ပါဘူး ဆိုပြီး လိုက်တောင်းပန်နေလို့တဲ့”

“တော်ပါ ညိုမြရယ် . . . အဲဒီကောင်က ပိုက်ဆံလေးရှိသလောက် တစ်စက်မှ သောက်ကျင့်ကောင်းတဲ့ကောင် မဟုတ်ဘူး။ မူးလာရင် စုမာကို ရိုက်တာကို ငါမကျေနပ်ဆုံးပဲ”

ဟုတ်တော့လည်း ဟုတ်သည်။ ညိုမြတို့၏ အချစ်ဆုံးသူငယ်ချင်း တစ်ယောက်ဖြစ်သော စုမာ၏ရည်းစားက အလွန်ဆိုးသည်။ ပိုက်ဆံကလည်း ရှိသည်မို့ အရက်ကလေးတမြမြနှင့် လောင်းကစားလည်း လုပ်သေးသည်။ အဆိုးဆုံးကတော့ မူးလာလျှင် စုမာကို ပါးနားရိုက်သည့်ကိစ္စ။

ထိုသို့ ရန်ဖြစ်ကာ ပြတ်လိုက်၊ ရန်နိုင်က ပြန်တောင်းပန်၍ စုမာက ပြန်လက်ခံလိုက်။ ပြန်ပြတ်လိုက်နှင့် ဆယ်ကြိမ်ပင်မကတော့ပြီ။ ခုတစ်ခါလည်း ရန်နိုင်က ပြန်လာတောင်းပန်နေသည်ကို လက်ခံလိုက်ရမလားဟု





ညိုမြဆီ ဖုန်းဆက်ကာ လှမ်းတိုင်ပင်ခြင်းဖြစ်သည်။

ခုလည်း ကလျာနွေ၏ သုံးသပ်ချက်ကြောင့် ညိုမြက . . .

“အေး . . . ငါလည်း နှင့်လိုပဲကလျာ၊ ဒီတစ်ခါတော့ ငါ စုမာကို အပြတ်ပြောလိုက်တယ်၊ နင် ပြန်လက်ခံရင် အရင်လိုပြန်ဖြစ်မှာပဲ၊ ရန်နိုင်ဟာ နင့်အတွက် သင့်တော်တဲ့ယောကျ်ားကောင်း မဟုတ်ဘူးလို့”

“ကောင်းတယ်၊ ငါ့ဆီဖုန်းဆက်ရင်လည်း ငါ ဒီအတိုင်း ပြောမှာပဲ”

စကားအဆုံးမှ ညိုမြက သက်ပြင်းချရင်း . . .

“ငါလည်း ငါ့ကိုမှန်းချင်မုန်းတော့ဆိုပြီး ထပ်ပြောလိုက်သေးတယ်၊ ဒီတစ်ခါ နင် ရန်နိုင်ကို ပြန်လက်ခံရင်တော့ ငါတို့နဲ့ သူငယ်ချင်းအဖြစ်က ထာဝရပြတ်ပြီလို့၊ ဒါကလည်း သူ့အတွက်ပါဟာ”

ကလျာနွေက သက်ပြင်းသဲ့သဲ့လိုက်ချသည်။ ပြီးမှ . . .

“စိတ်ထဲ အဲလောက်ခံစားမနေပါနဲ့ ညိုမြရယ်၊ စုမာလည်း သူ့ဘဝအတွက် မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်မှာပါ”

“အဲလိုပဲ မျှော်လင့်ရတာပဲလေ၊ ငါလည်း သူငယ်ချင်းတစ်ယောက် ဆုံးရှုံးချင်ပါဘူး။ ပြီးတော့ ရှေ့လျှောက် စုမာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေမှာကို မကြည့်ရက်လို့ ပြောလိုက်ရတာပါ”

“ကဲပါ . . . ငါလည်း စုမာဆီ ဖုန်းဆက်လိုက်ပါဦးမယ်၊ လောလောဆယ် နင် ခေါင်းထဲထည့်ထားရမှာက အိုးဝေပဲ”

“အောင်မာ . . . ဘာဆိုင်လို့လဲ၊ ကလျာနော်”

စကားလမ်းကြောင်းက ချက်ချင်းပြောင်းသွားသည့်အပြင် အိုးဝေဆိုသော နာမည်ပါလာသဖြင့် ညိုမြ ပြန်အော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တလျှာနေ့က စပ်ဖြီးဖြီးလုပ်ကာ ...

"အပြီး ... ငါ ဆိုလိုချင်တာက အိုးဝေဟာ နင်နဲ့ကျမှ ဘာဖြစ်လို့ လာဘ်ကောင်မဖြစ်တဲ့ ဖြိုဟ်ကောင်ဖြစ်နေတာလဲဆိုတာကို စုံစမ်းသင့်တယ်လို့ ပြောမလို့ပါ"

"တော်စမ်းပါဟာ ... အဲကောင်အကြောင်း စိတ်ကိုမဝင်စားဘူး။ ကြားလည်း မကြားချင်ဘူး၊ မြင်လည်း မမြင်ချင်ဘူး၊ သိလည်း မသိချင်ဘူး"

ထိုသို့ အတိအကျပြောခဲ့ပါသည်။ ကလျာနေ့နှင့်လမ်းခွဲပြီး ညိုမြ အိမ်ပြန်လာခဲ့၏။ ဈေးခြင်းတောင်း မေမေ့ဆီအပ်ပြီး ဖေဖေ့ကို မြင်တော့မှ ညိုမြ သတိရလေ၏။

ထို့ကြောင့် ဖေဖေ့အနားသွားကာ ...

"ဖေဖေ ... သမီး ကလျာနဲ့စကားကောင်းနေတာနဲ့ ကွမ်းယာဝယ်ဖို့ မေ့သွားတယ်၊ နေ ... သွားပြန်ဝယ်ပေးမယ်နော်"

ဖေဖေက ဖတ်လက်စဂျာနယ်ကိုချကာ ခေါင်းအသာခါပြရင်း ...

"မဝယ်နဲ့တော့ သမီး၊ ကွမ်းယာက ရောက်နေပြီ နောက်နေ့လည်း သမီး ဝင်ဝယ်စရာမလိုတော့ဘူး"

ဖေဖေ့စကားကြောင့် ညိုမြ ကြောင်တက်တက်ဖြစ်သွားရပြီး ...

"ဟင် ... ဘယ်လိုရောက်လာတာလဲ၊ ဖေဖေကိုယ်တိုင် သွားဝယ်တာလား၊ ဒါမှမဟုတ် မောင်လေးဖိုးကျော်"

"မဟုတ်ဘူး သမီးရဲ့၊ ဟို ... အိုးဝေဆိုတဲ့ကောင်လေးလေ၊ သမီးနဲ့လည်း သိတယ်ဆို၊ သူက သမီးမိန်းကလေးတန်မဲ့ ကွမ်းယာ ဝင်ဝင်ဝယ်နေတာ မသင့်တော်လို့ဆိုပြီး လာပို့ပေးတာ၊ နောက်နေ့တွေလည်း မနက်ဆို





သူပဲ လာလာပို့ပေးမယ်တဲ့၊ ဖေဖေတောင် တစ်ရက် သုံးရာဖိုးနဲ့ တစ်လစာ ပိုက်ဆံ ကြိုပေးထားလိုက်တယ်"

"ဟာ"

"အံ့ဩသွားလို့လားသမီး၊ ကောင်လေးက ရည်ရည်မွန်မွန်လေး ပါကွယ်၊ သူနဲ့စကားပြောရတာလည်း အတော့်ကို ရယ်ရသား"

အရေးထဲ မေမေက ကြားပြီး လှမ်းအော်သေးသည်။

"ဟုတ်တယ် ဖေကြီးရေ ... အဲဒီကောင်လေးက ထူးတော့ ထူးဆန်းသား၊ လပ်ကီးကောင်းတယ်ဆိုပြီး တစ်ရပ်ကွက်လုံးက ချစ်ခင်ကြတဲ့ ကောင်လေးလေ"

သွားပြီ ... သွားပြီ လုံးဝသွားပြီ။ ညိုမြ ဘာပြန်ပြောရမည်မှန်း မသိပင် ဖြစ်သွားရ၏။ ခုနကပဲ ကလျာကို အိုးဝေအကြောင်း မကြားချင်၊ မမြင်ချင်၊ မသိချင်ဟု ပြောခဲ့သေးသည်။ ခုတော့ ... ဒင်းက အိမ်အထိလာ တာ မေတ္တာခံယူသွားလေပြီ။

ထိုစဉ် မေမေထပ်ကာ လှမ်းပြောလိုက်သောစကားကြောင့် ညိုမြ ခေါင်းနှင့် နီးစပ်ရာတိုင် ပြေးဆောင့်ချင်စိတ်ပေါက်သွားရလေသည်။

"သမီးရေ ... ကိုယ်က ရပ်ကွက်ထဲကို ပြောင်းလာတာမကြာ သေးဘူးဆိုတော့ အဲလိုကောင်လေးမျိုးနဲ့ အသိအကျွမ်းဖြစ်ထားတာ မမှား ဘူး၊ တစ်ခုခုဆိုရင် နိုင်းလို့ပြုလို့ အားကိုးလို့ရတာပေါ့၊ ဖိုးကျော်လေးကလည်း ငယ်သေးတယ်လေ"

ပြီးပြီ။

■

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၈)

"ဟေ့ကောင် အိုးဝေ . . . ခွေးကောင် လာဘ်ကောင်၊ သူတောင်းစား ဘော်ဒါကြီး"

ဂုဏ်ပုဒ်များစွာတပ်၍ အခေါ်ခံလိုက်ရသောအသံပြကြီးကြောင့် အိုးဝေလန့်ကာ မြီးညှောင်းရိုးပင် တွန့်သွားရသည်။

ကမန်းကတန်း လှည့်ကြည့်လိုက်တော့ တွေ့လိုက်ရသူက သီဟ။ သဘော်သား။ ရေမျောကမ်းတင်ကောင်။

"ဟာ . . . သီဟ"

အိုးဝေက ထကာ သီဟကိုပြေးဖက်လိုက်သည်။ ခဏကြာမှ လူချင်းဖတ်ခနဲခွာလိုက်ပြီး . . .

"ဟေ့ကောင်သီဟ . . . မင်းဆီမှာ အပြည့်ပြည့်ဆိုင်ရာ ဗိုးမွှား





တွေတော့ ပါမလာပါဘူးနော် လဒ"

"အေပေး"

သီဟက မတိုးမကျယ် ဆဲရေးသည်။ မနက်ပိုင်း အိုးဝေထိုင်နေသည့် လက်ဖက်ရည်ဆိုင်သို့ သီဟ ရောက်လာခြင်းဖြစ်သည်။ နှစ်ယောက်သား ထိုင်လိုက်ကြပြီးမှ အိုးဝေက . . .

"မင်း . . . ဒီလထဲမှာ ပြန်ရောက်မယ်လို့တော့ သတင်းကြားတယ်ကွ၊ ဘယ်ရက်မှန်းသာ မသိတာ၊ ဒါနဲ့ ဘယ်အချိန် လေယာဉ်ဆိုက်တာလဲ"

"မနက်ခြောက်နာရီခွဲက"

အိုးဝေက မျက်မှောင်ကြုတ်လိုက်ပြီးမှ . . .

"နာတယ်ကွာ၊ မင်း စောစောပြန်လာခဲ့ရင် ပိုကောင်းမှာ"

စကားအဆုံးမှာ သီဟက ရယ်လိုက်ရင်း . . .

"ဘာလဲ . . . သကြံန်မီအောင်လား"

"ဟေ့အေး . . . ပျောက်သွားတဲ့ မလေးရှားလေယာဉ်နဲ့ ပါသွားအောင်ပါ"

ခဏကြောင်သွားပြီးမှ သီဟက သူတောင်းစားဟု ကျိန်ဆဲတော့သည်။ အိုးဝေက ဆက်၍ . . .

"နောက်တာပါကွာ၊ ဒါနဲ့ . . . မင်းတို့သဘော် ဆိုမာလီဘက်ကို ရောက်သေးလား"

သီဟ ပခုံးတွန့်လျက် . . .

"ရောက်တာပေါ့ကွ၊ အဲဒီနေရာကို ဖြတ်တုန်းက ရင်တထိတ်ထိတ်နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား ... ငါတောင် တွန်ဟန်နဲ့ ကပ္ပတိန်ဗိုးလစ်ဖတ် တာကြည့်ပြီး စဉ်းစားမိသေးတယ်၊ မင်းတို့သဘော အဲလိုကြျရင် မင်းလည်း အတွေ့အကြုံတော်တော်ရမှာပဲလို့"

သီဟမျက်နှာက အနည်းငယ် သုန်မှုန်လာသည်။

"အိုးဝေ ... မင်း နည်းနည်းတော့မှားလာပြီနော်၊ မင်းဟာ သောက်ကျင့်တိုမပျောက်ဘူး"

အိုးဝေက တဟားဟား ရယ်လိုက်သည်။

"သီဟရယ် ... မင်းကို မစ,ရတာကြာပြီမို့လို့ပါကွာ၊ ဪ ... ဒါနဲ့ အရေးကြီးတာ မေးရဦးမယ်၊ ဒီတစ်ခေါက်ပြန်လာရင် မင်းကို ကလျာက အဖြေပေးမယ်ဆို၊ ခု ... ဘယ်လိုလဲ"

သီဟ ရှက်အမ်းအမ်းဖြစ်ကာ မျက်နှာပင် သပြေသီးရောင်ပင် ပေါက်လာသည်။ ပြီးမှ သက်ပြင်းချလျက် ...

"အေးကွာ ... သူလည်း ရှက်နေလို့ ထင်ပါတယ်"

"ဘာလဲ ... စဉ်းစားဦးမယ်ဆိုပြီး ထပ်မှုနေလို့လား"

"ဟေ့အေး ... ဒီ လေယာဉ်ကွင်းရောက်ကတည်းက ဖုန်းဆက်ပြီး အဖြေပေးလိုက်တာ"

"ဟာကွာ ... မင်းတော့"

ပြောရင်း အိုးဝေက သီဟ၏လက်မောင်းကို လှမ်းထိုးလိုက်သည်။ သီဟက ပီတိပြုံးကြီးနှင့် တဟီးဟီးလုပ်ကာနေ၏။

ချက်ချင်းပဲ အိုးဝေက ထရပ်လိုက်ပြီး ...

"ဟေ့ကောင် ... ထ, လာသွားမယ်"





"ဟင် ... ဘယ်ကိုလဲ"

"ဘီယာဆိုင်လေကွာ၊ မင်း ပြန်ရောက်လာတဲ့ အထိမ်းအမှတ်ရယ်၊ ပြီးတော့ ... မင်း ကလျာဆီက အဖြေရတဲ့အတွက် အောင်ပွဲသွားခံရအောင်"

"ဟာကွာ ... အစောကြီးပဲရှိသေးတယ်"

"ဘာလဲ ... မင်းက မသောက်ဘူးလား"

သီဟက ဟီးခနဲရယ်လိုက်ရင်း ...

"သောက်မှာပေါ့ကွ၊ သဘော်မှာဆို ဒီအချိန် ဆော်ပြီးပြီ ... အဟီး"

နှစ်ယောက်သား ဘီယာဆိုင်သို့ ဘယ်တစ်လှမ်း၊ ညာတစ်လှမ်း လှမ်းကာ ချီတက်လိုက်ကြသည်။ စုံခုန်သွားရအောင်လည်း ကိုယ်တွေက စရှုတ်သရဲမှ မဟုတ်သည်ကိုး။ တကယ့်တရုတ်သရဲစစ်စစ်တွေကတော့ မြန်မာနိုင်ငံကို ခြောက်လှန့်နေကြပြီ။ ဘာရရ ယူမည့်သဘောတွေရှိ၏။

ခုလည်း ဘီယာဆိုင်ရောက်တော့ ရိုးရှင်းသောဘဝရဲ့ ပျော်ရွှင်မှု ဖြစ်သည့် မြန်မာတို့၏ မြန်မာစည်ဘီယာကို တစ်ယောက်တစ်ခွက်စီ မှာ ယူလိုက်ကြ၏။

ဘီယာတစ်ခွက်ကို တစ်ကျိုက်တည်းမော့ချလိုက်ပြီး သီဟက အား ရရ ရေရွတ်လိုက်သည်။ ပြီးမှ ...

"မှားတောင် မှားသွားမလား မသိဘူးကွ"

"ဟင် ... ဘာဖြစ်လို့လဲ၊ ခရီးပန်းလာလို့လား"

"ဘယ်ကလာ ... ကောင်းလွန်းလို့လေ၊ ဘီယာသောက်ရတာ"

"ဟာ ... မင်းကတော့ လုပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား ရယ်ဖြစ်ကြသည်။ နောက်ထပ် တစ်ယောက်တစ်ခွက်စီ ထပ်ဝင်သွားတော့ သီဟက ခပ်စွေစွေကြည့်လာပြီး ...

"အိုးဝေ ... မင်းကော ကောင်မလေး မတွေ့သေးဘူးလား"

အိုးဝေက မျက်ခုံးပင့်ကာ အမြည်းတစ်ဖက်ကို တူနှင့်ညှပ်ကာ ဝါးလိုက်ပြီးမှ ...

"ကောင်မလေးတွေကတော့ နေ့တိုင်းတွေ့နေတာပဲလေ၊ အိမ်ထဲက အိမ်ပြင်ထွက်တာနဲ့ တွေ့တာပဲ"

"ဟာကွာ ... မင်း ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့ အိုးဝေ၊ ငါ မေးတာကို မင်းသိတယ်၊ မင်းမှာ ချစ်ရမယ့်ကောင်မလေး တွေ့ထားပြီလားလို့ မေးတာ"

အိုးဝေ တဒင်္ဂငြိမ်ဆိတ်သွားသည်။ ချက်ချင်းဆိုသလို ညိုမြ၏ မျက်နှာလေးက အာရုံထဲ ဖျတ်ခနဲပေါ်လာ၏။ ထို့ကြောင့် သက်ပြင်းချလိုက်ရင်း ...

"အမှန်အတိုင်း ဝန်ခံရရင်တော့ တွေ့ထားပြီကွ၊ ဒါပေမဲ့ ... ခက်နေတယ်"

သီဟက အံ့ဩသွားဟန်နှင့် ...

"ဟာ ... တကယ်လား၊ ခထာလေး၊ ခက်တာကို ထားဦး။ မင်းလို ရည်းစားမထားခဲ့တဲ့ကောင်မျိုးက ချစ်ရမယ့်သူ တွေ့ထားတယ်ဆိုတာနဲ့တင် ငါ အံ့ဩလိုက်ဦးမယ်"

"ဩော် ... ကဲ"

သီဟက ဘီယာခွက်ကို တစ်ခါတည်း လှိုက်လှိုက်လှဲလှဲ မော့ချ





လိုက်ပြန်သည်။ ဒင်း အံ့ဩပုံကတစ်မျိုးဖြစ်၏။ လေးငါးခြောက်ခါလောက် အံ့ဩလျှင်တော့ သီဟ ဘီယာမူးပြီး ဖင်ဘူးတောင်းထောင်သွားလောက်သည်။

ဘီယာကို မြိန်ရေရှက်ရေသောက်သုံးလိုက်ပြီးမှ သီဟက ...

"ကဲ ... ဆက်ပြောတော့အိုးဝေ၊ မင်းက ဘယ်ကောင်မလေးကို ကြိုက်နေတာလဲ၊ ဘာဖြစ်လို့ ခက်နေတာလဲ"

ဘယ်ကဘယ်လို စပြောရမည်ကို အိုးဝေ အရင်စဉ်းစားလိုက်၏။ ဇာတ်လမ်းက အစကတည်းက ယဉ်သလိုဆိုတာမျိုး ဖြစ်နေသည်တို့။ သို့သော် စကားစထားပြီးမှ ပြောရတော့မှာပဲဟု တွေးကာ ...

"ဒီလိုကွာ ... ကောင်မလေးနာမည်က ညိုမြတဲ့၊ ငါတို့ရပ်ကွက်ထဲကို ပြောင်းလာတာမကြာသေးဘူး"

"ဩော်"

"အေး ... ထပ်ပြောရရင် မင်းရဲ့အသစ်စက်စက်ရည်းစား ကလျာရဲ့ သူငယ်ချင်းကွ၊ သူတို့ချင်းအရမ်းရင်းနှီးတယ်"

စကားအဆုံးမှာ သီဟ၏မျက်ဝန်းအစုံ ပြူးဝိုင်းသွားရင်း ...

"ဟာ ... အဲဒါဆို ဘာခက်စရာလိုလဲကွ၊ ကလျာက မင်းနဲ့လည်း သူငယ်ချင်းဟာကို၊ တွန်းခိုင်းပေါ့"

အိုးဝေက ခေါင်းခပ်ဖြည်းဖြည်း ခါလိုက်ရင်း ...

"မလွယ်ဘူးဟေ့ကောင်၊ ငါ ညိုမြကိုချစ်နေတာ ကလျာတောင် မသိသေးဘူး။ အေး ... သိရင်လည်း ငါက အောင်သွယ်ခိုင်းမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ ပထမဆုံးနဲ့ နောက်ဆုံးချစ်ရတဲ့သူရဲ့အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဦးအရည်အချင်းနဲ့ငါ ကြိုးစားရယူချင်လို့ပဲ''

သီဟက မေးစင်းစင်းကြည့်လာပြီး ...

''မင်းကလည်းကွာ ... မခက်ခက်အောင် လုပ်နေတာပဲ၊ ဒါနဲ့ ... ခု အဲဒီညိုမြနဲ့မင်းရဲ့အနေအထားကကော ဘယ်လိုလဲ''

''အင်း ... ပြောရရင်တော့ သီဟရာ''

ထိုသို့အစချီကာ ညိုမြနှင့်စတွေ့ချိန်မှစ၍ လတ်တလော ရပ်ကွက်ရုံးရောက်သည်အထိ ပြောပြလိုက်သည်။

အိုးဝေစကားအဆုံးမှာ သီဟက လေပူတစ်ချက်မှုတ်ချလိုက်ပြီး..

''ဟင်း ... ဒီအတိုင်းဆိုရင်တော့ မင်းကိစ္စက တကယ်မလွယ်ကြောပဲကွ၊ ကောင်မလေးကလည်း အကြောင်းလေးဆိုတော့''

အိုးဝေက ခေါင်းသုံးခါလောက်ဆင့်ကာ ညိတ်သည်။ ပြီး ... ခွက်ထဲမှ လက်ကျန်ဘီယာကို မော့ချလိုက်ရင်း ...

''ဘယ်လောက်ပဲ အကြောင်းတင်းပါ သီဟရာ၊ သူ အကြောလျော့မယ့်အချိန်ကို သွေးအေးအေးနဲ့ စောင့်နေရုံပေါ့၊ အိုးဝေပါကွ ... မင်းငါ့အကြောင်း သိပါတယ်''

ထိုသို့ မူးစပ်စပ်နှင့် ပြောခဲ့ပါသည်။

သို့သော်လည်း ...။

(၉)

အိပ်ရာကနိုးနိုးချင်း မျက်စိနှစ်လုံးဖွင့်ကာ နာရီကို လှမ်းကြည့်လိုက်သည်။ မျက်စိမှိတ်၍ ကြည့်လို့မှမရသည်ကိုး။ အိပ်ရာကနိုးမှတော့ မျက်စိဖွင့်ရမည်။ သို့မှသာ နာရီကြည့်နိုင်မည်ပေါ့။ ပြောရတာလည်း ရှုပ်သည်။ အားတော့။

ခုလည်း နာရီကြည့်လိုက်တော့ ခါတိုင်း အိပ်ရာထချိန်ထက် နောက်ကျနေပြီမို့ ညိုမြ လူးလဲထလိုက်ရသည်။ မနက်ပိုင်း ဈေးမကွဲခင် အမီသွားရဦးမည်မဟုတ်လား။

ရေတောင်မချိုးဖြစ်တော့ဘဲ ခြေလက်ဆေးကြောကာ မျက်နှာသစ်ပြီး ဈေးခြင်းတောင်းကိုင်ကာ အိမ်ရှေ့ထွက်လာခဲ့သည်။

သို့သော် ... ဖြတ်လျှောက်ရမည့်အိမ်ရှေ့ညွှန်းသို့ မရောက်ခင်





www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ညိုမြခြေလှမ်းက တုံ့ခနဲရပ်သွားရသည်။ တစ်ယောက်ယောက်က ထုပ်ဆီးတိုးတမ်းကစားသလို ရှေ့ကပိတ်ထား၍မဟုတ်၊ ညည့်ခန်းဆီမှအသံ စိမ်း၊ အသံသစ်တစ်သံကို ကြားလိုက်ရ၍ ဖြစ်သည်။

"ဦး ... နားထောင်ကြည့် ကျွန်တော်ရွတ်ပြမယ်၊ မြန်မာစာဟာ ရေးတတ်ရင် ဘယ်လောက်ကျယ်ပြန့်လဲဆိုတာ"

"အေး ... လုပ်စမ်းပါဦး"

ဖေဖေ့အသံဖြစ်သည်။ တစ်ဖက်မှအသံရှင်ကို သိလိုစိတ်ဖြင့် ခန်းဆီး၏ အသာဟကာ ကြည့်လိုက်သည်။

"ဟင်"

မထင်မှတ်ထားစွာ မြင်လိုက်ရသူက အိုးဝေ၊ ကြိုဟ်ကောင်၊ ဘယ်က နေဘယ်လို အိမ်ပေါ်အထိရောက်ကာ ဖေဖေနှင့် လေပေးဖြောင့်နေသနည်း။ ဖေဖေ့ပုံစံကလည်း ဒင်းနှင့်စကားပြောရတာ သဘောကျနေဟန်ရှိသည်။ ခုလည်း မြန်မာစာအရေးအသား ကျယ်ပြန့်ပုံကို ပြောပြဦးမည်တဲ့လေး ဒင်းကများ။ ညိုမြမျက်နှာကို မဲ့၍ ဆက်ကာနားစွင့်ထားလိုက်၏။

အိုးဝေအသံက ဆက်ထွက်လာသည်။

"မောင်းတံကို လေးဆယ့်ငါးဒီဂရီမ,ယူ၍ နာရီလက်တံအတိုင်း ဖြစ်စေ၊ နာရီလက်တံပြောင်းပြန်ဖြစ်စေလှည့်ယူပါ၊ တစ်ရာ့ရှစ်ဆယ်ဒီဂရီ ပြည့်သွားသောအခါ မောင်းတံကို ထောင့်ကျယ်ဘက်သို့ တစ်နည်း မိမိ ဘက်သို့ ချိုးချပါ"

ခုချိန်ထိ ဘာကိုဆိုလိုမှန်း ညိုမြ မသိသေး။ အိုးဝေ ဆက်ပြော သောစကားကြားမှ ပြုံးစိစိဖြစ်ရတော့၏။





"ထို့နောက် အသွားနှစ်ဖက်ကြား မိမိညှပ်လိုသော လက်သည်းကို ထား၍ မောင်းတံကို ဖိချပါ၊ ထောင်းခနဲမြည်၍ သင်၏လက်သည်း ပြတ်ထွက်သွားပါလိမ့်မည်တဲ့ ဦးရဲ့၊ အဲဒါ လက်သည်းညှပ်နည်းအကျယ်ပဲ"

စကားအဆုံးမှာ ဖေဖေက တဟားဟားရယ်တော့သည်။

"အေးကွာ ... မင်းပြောတော့မှပဲ လက်သည်းညှပ်တဲ့ကိစ္စဟာ ဒီလောက် ကျယ်ပြန့်မှန်းသိရတော့တယ်"

ညိုမြလည်း ပါးစပ်ကို လက်နှင့်ပိတ်ကာ ကြိတ်ရယ်မိပါသည်။ သို့သော်လည်း ... မျက်နှာပိုးသတ်၍ ညည့်ခန်းအတွင်းမှ ဖြတ်လျှောက်လိုက်သည်။

အရေးထဲ အိုးဝေဆိုသော ကြိုဟ်ကောင်က မြင်ဖြစ်အောင် မြင် သွားပြီး ...

"ညိုမြ ... မောနင်းပါ၊ ဈေးသွားပြီးပြီလား"

မကြားချင်ဟန်ဆောင်ကာ ညိုမြ ဆက်လျှောက်လိုက်သည်။ ဒါကို ဖေဖေက ဘယ်လိုထင်သည်မသိ လှမ်းပြော၏။

"ဟဲ့ သမီး ... ဒီမှာ မောင်အိုးဝေ နှုတ်ဆက်နေတယ်လေ၊ ဈေးသွားပြီလားတဲ့"

ညိုမြက မျက်ခုံးအတွန့်ချိုးကာ လှည့်ကြည့်လိုက်ပြီး ...

"ဒီမှာ ဈေးခြင်းတောင်းကိုင်လာတာမမြင်ဘူးလား၊ ဈေးခြင်း တောင်းကိုင်လာမှတော့ ဈေးသွားမှာပေါ့"

ညိုမြစကားကြောင့် ဖေဖေ မျက်လုံးပြူးသွားရင်း ...

"ဟဲ့ သမီး ... ကိုယ့်အဖေကို ဘယ်လိုပြန်ပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေက သူ့ကို ပြန်ပြောသည်ဟု ထင်သွားပုံရသည်။ ညိုမြလည်း အားသည့်လက်တစ်ဖက်ဖြင့် ခေါင်းကုတ်လိုက်ရင်း စိတ်ရှုပ်စွာ . . .

"အာ ဖေဖေကလည်း . . . ဖေဖေ့ကိုပြောတာ မဟုတ်ပါဘူး ဖေဖေ့နားကတစ်ယောက်ကို ပြောတာပါ"

"ဟော"

ထိုအချိန်မှာပဲ အိုးဝေက ပြုံးစိစိနှင့် ဝင်ပြောလာသည်။

"သြော် အေး အေး . . . ညိုမြ ဈေးသွားမယ်ဆိုလည်း သွားလေ ဂရုစိုက်သွားနော်၊ သြော် . . . ဒါနဲ့ အသီးအရွက်ဝယ်ရင် ဟင်းရွက်တန်းရဲ့ အဆုံး ညာဘက်ထောင့်ဆိုင်က ဝယ်ဟ၊ အဲဒီအစ်မကြီးက သူ့ခြံထွက်တွေ ရောင်းတာ၊ အရမ်းလတ်တယ် . . . သိလား"

"ပြောစရာမလိုပါဘူး . . . ငါသိတယ်"

ဘောက်ဆတ်ဆတ်ပြောပြီး အိမ်ထဲမှ ထွက်လာခဲ့သည်။ စိတ်လည်း တိုသွားရ၏။ အိုးဝေဆိုသောကောင်သည် ဘာကောင်မှန်းလည်း မသိချေ။ ရုပ်ကွက်ထဲက လာတ်ကောင်ဟု ခေါ်ကြသည့်လူမှန်းတော့ သိသည်။ သို့သော် သူ့မလေမျက်စိထဲတွင် တစ်စက်မှ အချိုးမကျ။ ဘောက်မြင်ကတ်သည်။

သို့နှင့် . . . ဈေးရောက်တော့လည်း ဟိုဝယ်ဒီဝယ် ဟိုဈေးဆစ် ဒီဈေးဆစ်နှင့် အိုးဝေကို မေ့သွားသည်။ ဈေးမှအပြန် အိမ်အပြန်လမ်းကျမှ ၎င်းကို သတိပြန်ရသည်။ ကောင်းသောခြင်းတော့ မဟုတ်။ ၎င်း . . . အိမ် ကနေ ပြန်မှ ပြန်ပါဦးမလားဟူသော စိတ်ဖြင့် တွေးပူကာ သတိရလိုက်ခြင်း ဖြစ်သည်။

ကိုယ့်မိသားစုနှင့်ကိုယ်နေသော အိမ်ပေါ်သို့ အသက်အောင့်ကာ





တက်ရသည်။ ညှော်ခန်းဆီသို့ မဝံ့မရဲလှမ်းကြည့်လိုက်တော့ ဖေဖေတောင် ယောက်တည်း။ ဒါဆို ၎င်းပြန်သွားပြီပေါ့။ ကောင်းပါသည်။ ညိုမြစိတ်ထဲ အထူးကြည်လင်သွားရ၏။

မေမေနှင့်အတူ ပျော်ရွှင်စွာ ဟင်းချက်လိုက်သေးသည်။ ထမင်း တင်းကျက်တော့မှ ရေမိုးချိုးကာ ခပ်ပါးပါးအလှပြင်ပြီး ဆိုင်ဖွင့်ရန် အိမ်ရှေ့ တွင် အဖီဆွယ်ထားသော စတိုးဆိုင်လေးဆီ ထွက်လာခဲ့သည်။

ဆိုင်ဖွင့်ပြီး သိပ်မကြာလိုက်ပါချေ။ စာအုပ် အုပ်နှစ်ဆယ်ခန့်ကို လက်နှစ်ဖက်နှင့်ပွေ့ကာကိုင်၍ အိမ်ထဲသို့ဝင်လာပြန်သော အိုးဝေကို တွေ့ လိုက်ရပြန်သည်။ ညိုမြစိတ်ထဲ ချက်ချင်းဆိုသလို နောက်ကျိသွားရပြန်၏။ ၎င်းနှင့် ဘယ်လိုများ ရေစက်ဆုံနေရသည်မသိတော့။

အိုးဝေက အိမ်ထဲမဝင်ခင် ဆိုင်ထဲမှ ညိုမြကို စာအုပ်တွေပွေ့ထား ၍ လက်မအားသည့်ကြားက မျက်စိဖြင့်ကြည့်ကာ ပါးစပ်နှင့် ပြောသွားသေး သည်။

"အဟဲ ညိုမြ . . . နင့်အဖေက စာအုပ်တွေဖတ်ချင်တယ်ဆိုလို့ ငါ့အဖေရဲ့စာအုပ်တွေ လာပို့ပေးတာဟ"

တောက် . . . ၎င်းက ငယ်ပေါင်းကြီးဖော်တွေလို ပြောသွားခြင်း ဖြစ်သည်။ စိတ်တိုလိုက်တာ မပြောပါနှင့်တော့။

သိပ်မကြာပါချေ။ အိုးဝေက အိမ်ပေါ်မှဆင်း၍ ညိုမြရှိရာ ဆိုင်သို့ ဦးတည်ကာ လျှောက်လာသဖြင့် မဆီမဆိုင် ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရသေး သည်။ သို့သော်လည်း အမူအရာမပျက်အောင် မျက်နှာကိုချိုကာ တင်းထား လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

အနားရောက်ရောက်ချင်း အိုးဝေက ပုံမှန်လေသံ၊ ပုံမှန်ပုံစံဖြင့်...

"ညိုမြ ... ငါ နင့်ကို စကားနည်းနည်းလောက်ပြောချင်လို့"

စကားအဆုံးမှာ ညိုမြက ပြန်၍ မေးလိုက်သည်။

"နေစမ်းပါဦး ... ငါကပဲ အရင်ပြောပါဦးမယ်၊ နင် ဘာရည်ရွယ်ချက်နဲ့ ငါတို့အိမ်လာပြီး ခုလိုတွေလုပ်နေတာလဲ"

အိုးဝေက ခေါင်းကုတ်လိုက်ကာ ...

"အဲ ... အဲဒါကလေ ရည်ရွယ်ချက်ရယ်လို့ မဟုတ်ပါဘူး၊ မနက်တိုင်း နင့်အဖေကို ကွမ်းယာလာပို့ပေးတယ်ဟာ၊ အဲဒါကလည်း အချက်သုံးချက် ရှိတယ်၊ တစ်အချက်က နင် မိန်းကလေးတန်မဲ့ ကွမ်းယာမဝယ်ရတော့ဘူး၊ နှစ်အချက် ဟိုတက်က ငါ့အသိကွမ်းယာဆိုင်လည်း ပုံမှန်ဖောက်သည်ရသွားတယ်၊ သုံးကတော့ နင့်အဖေလည်း အဆင်ပြေသွားတာပေါ့"

"အကြောင်းပြချက်က သိပ်ကိုခိုင်လုံနေပါလား အိုးဝေ"

ညိုမြက ရွဲ့ကာပြောလိုက်သည်။ အိုးဝေက မသိကျိုးကျွန် ဟန်ဆောင်လိုက်ပြီးမှ ...

"ငါပြောစရာရှိတာကို ပြောတော့မယ်နော်"

ညိုမြရင်ထဲ ဒိန်းတပ်တပ် ထပ်ဖြစ်ရပြန်၏။ သို့သော် ... အိုးဝေ စကားက ...

"နင်နဲ့ငါ ဖြစ်ခဲ့တာတွေဟာ တိုက်ဆိုင်သွားလို့ပါဟာ၊ ငါ့အပေါ် အဲဒီလောက်ကြီး မကျေမနပ်ဖြစ်မနေပါနဲ့လို့၊ ငါက ပျော်ပျော်ရွှင်ရွှင် စနောက်နောက်နေတတ်တော့ နင်မခံချင်အောင် စမိသလို ဖြစ်သွားတာပါ၊ ငွေမယူပါနဲ့နော် ... ညိုမြ"





စကားအဆုံးမှာ ညိုမြက ခပ်စူးစူးကြည့်လိုက်ပြီး ...

"နင်ပြောချင်တာ ဒါပဲလား အိုးဝေ၊ အဲဆို ... ငါ့ဘက်ကလည်း ပြောစရာရှိတာပြောမယ်၊ နင့်ကို လုံးဝပဲ"

"ခွင့်လွှတ်လိုက်တာလားဟင်"

"မကျေနပ်တာပေါ့ မကျေနပ်တာ"

ခပ်စူးစူးလေး အော်လိုက်သည်၊ အကျယ်ကြီးအော်လို့လည်း မဖြစ်။ အိမ်ပေါ်က ကြားသွားလျှင် ဖြေရှင်းနေရဦးမည်။

ခုလည်း ညိုမြစကားကြောင့် အိုးဝေ မျက်နှာငယ်လေး ဖြစ်သွားရပြီး ...

"ခက်တော့တာပဲ ညိုမြရယ် ... ဒီလောက်တောင်းပန်နေတာကို နင်က မကျေနပ်နိုင်ဘူး၊ နင်နဲ့ငါက ဘယ်လိုဖြစ်နေလဲသိလား၊ ငါက နင့်ကို အနှုံးပေးတဲ့အနေနဲ့ အလံဖြူပြတယ်၊ ဒါပေမဲ့ ဖြစ်ချင်တော့ ငါ ပြလိုက်တာက အလံဖြူမဟုတ်ဘဲ အလံနီဖြစ်နေပြီး ကျွဲကိုသွားပြမိသလို ဖြစ်နေပြီ"

"ဘာ"

ညိုမြ ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်သွားရသည်။ ဒင်းပြောပုံအရဆိုလျှင် ကိုယ်က ကျွဲမကြီးဖြစ်သွားပြီပေါ့။ ဒေါသစိတ်တို့ တလိပ်လိပ် ထက်လာချိန်မှာပဲ ...

"ဩော် ... မောင်နှမတွေ စကားကောင်းနေကြပါလား၊ အေးအေး ... သားအိုးဝေရေ မင်းညီမ လိုအပ်တာရှိရင် ကူညီလိုက်ပါဦး"

အရေးထဲ မေမေကတစ်မျိုး။ အိမ်ပေါက်ဝမှ လှမ်းကြည့်ကာ အမြဲ သဘောဆောင်သောစကားကို ဆိုနေသေးသည်။ ညိုမြမှာဖြင့် ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုထိန်းမရတော့။ ကက်ကက်လန်အောင် ပျစ်ပျစ်နှစ်နှစ် ပြောပစ်လိုက်ချင်တာ တွေးကာ အိုးဝေဘက်သို့ ပြန်လှည့်လိုက်သည်။

သို့သော် ...

အိုးဝေတစ်ယောက် ဘယ်အချိန်ကပဲ လစ်ထွက်သွားသည်မသိ။ မရှိတော့။

## (၁၀)

ကလျာနွေက အတင်းဖုန်းခေါ်၍ ရပ်ကွက်ထဲရှိ အအေးဆိုင်လေးထဲသို့ ညီမြရောက်နေသည်။ ပြောရလျှင် ဒီလောက် ပူအိုက်စပ်နေသည့် ရာသီတွင် အပြင်သိပ်ထွက်ချင်သည်မဟုတ်။ ကလျာနွေက အရေးကြီးသည် ဟုဆို၍သာ ထွက်လာခဲ့ခြင်းဖြစ်သည်။

ရောက်၍ ယင်းအရေးကြီးသည့်အကြောင်းကို မေးကြည့်လိုက်တော့ စိတ်တိုရလေ၏။ ကလျာနွေဆိုသောဟာမက နန့်ကြောခွဲကာ ရည်းစားထားပြီး နလည်း ထိုရည်းစားနှင့် ညီမြကို မိတ်ဆက်ပေးရန် လှမ်းခေါ်ခြင်းဖြစ်သည်။ ရောက်သည့်နောက်တော့ မထူးပါဘူးဟု တွေးကာ စိတ်ရှည်အောင်ခွဲဆန့်ပြီး ထိုင်နေလိုက်၏။ ညီမြရောက်ပြီး ငါးမိနစ်လောက်ကြာသည့်အထိ ကလျာနွေ၏ရည်းစား သခင်္သာသားဆိုသူက ပေါ်မလာသေးချေ။



www.burmeseclassic.com

www.burmeseclassic.com

ညိုမြက နှာခေါင်းရှုံ့လိုက်ရင်း . . .

"ကလျာရယ် . . . ကိုယ်က မိန်းကလေးဖြစ်ပြီး ခုလိုပြန်စောင့်နေရတာကတော့ အောက်ပါတယ်"

စကားအဆုံးမှာ ကလျာက ရှက်သလို ရွံ့သလိုလုပ်ရင်း . .

"သူ နောက်ကျတောမဟုတ်ဘူးဟ၊ ချိန်းထားတဲ့အချိန်ထက် ငါက စောနေတာ၊ အဲဒါကြောင့် နင့်ကိုလှမ်းခေါ်လိုက်တာ စကားလေး ဘာလေး ပြောရင်းဆိုပြီးတော့လေ"

တော်တော်တရားကျဖို့ကောင်းလှသည့် သူငယ်ချင်းဖြစ်သည်။ ရည်းစားကိုစောင့်နေသည့်အချိန် စကားပြောဖော်ရအောင် သူငယ်ချင်းကို လှမ်းခေါ်သည်တဲ့လေ။

သူ့စိတ် သူ့ခန္ဓာနှင့် သူ့ဘာသာ မှန်နေသည့် ကလျာနွေကို ညိုမြ ဘာမှမပြောချင်တော့။ သို့သော် ကိုယ်နှင့်တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စကို တော့ ပြောလိုက်ပါသည်။

"ဩော် ကလျာ . . . နင့်ကိုပြောဖို့မေ့နေတာ၊ မနေ့ကညနေက တောင် စုမာ ငါ့ဆီလာသွားသေးတယ်"

"ဟုတ်လား။ ဘာလာလုပ်တာလဲ"

"သူ့ဘဲ ရန်နိုင်နဲ့ကိစ္စပေါ့ဟ၊ ဒီတစ်ခါတော့ စုမာက တကယ်ပြတ် သွားပြီဟဲ့၊ ဒါတောင် ရန်နိုင်ရဲ့အစ်ကိုဆိုလား လာပြီးတော့ ပြောသေးတယ်တဲ့ ရန်နိုင်က မခံစားနိုင်လို့ သစ်ပင်ကို ကားနဲ့ဝင်တိုက်တယ်ဆိုလား"

ကလျာနွေက မဲ့လျက် . . .

"အလကား . . . ရုပ်ရှင်ရိုက်တာနေမှာပါဟယ်၊ ဟုတ်ရင်တောင် ရန်နိုင်မူးပြီး ဝင်တိုက်မိတာပဲဖြစ်မှာ"





အလိုက်သင့် ခေါင်းညိတ်လိုက်ရင်း ညိုမြက . . .

"ဘာပဲဖြစ်ဖြစ်၊ စုမာရဲ့ ဒီတစ်ခါပြတ်သားမှုကိုတော့ ငါ လေးစား သွားပြီ"

"အောင်မယ်လေး . . . မလေးစားနဲ့ ညိုမြ၊ မလေးစားနဲ့၊ စုမာ ခုလိုပြတ်သားတာဟာ နင့်ရဲ့စကားတွေ, ဖိအားပေးမှုတွေကြောင့်ဟဲ့ . . . သိရဲ့လား"

"အင်း . . . ဟုတ်တော့လည်း ဟုတ်ပါတယ်"

ညိုမြက ခပ်လေးလေးပြောလိုက်သည်။ တကယ်လည်း စုမာကို နောက်ထပ်မခံစားစေချင်၍ ရန်နိုင်နှင့်ပြတ်အောင် အတင်းဖိအားပေးခဲ့ခြင်း ဖြစ်သည်။ ခုတော့ စုမာ၏ဇာတ်လမ်းလည်း တစ်ခန်းရပ်သွားလေပြီ။ သို့သော် ခုတစ်ခါ စ,လာသူက ကလျာနွေ။ ဗိုင်းတာမ။

ထိုသို့ စဉ်းစားလိုက်ရင်း ညိုမြက ကလျာနွေကို ကြည့်၍ . . .

"ကလျာ . . . နင်လည်း စုမာကို အတုယူနော်၊ နင် စုမာလို ဖြစ်လာရင် ငါကတော့ စုမာတုန်းကအတိုင်း လုပ်ရမှာပဲ"

စကားအဆုံးမှာ ကလျာနွေက ခေါင်းခါလိုက်ရင်း . . .

"ဟော့အေး . . . ငါတို့ကတော့ အဲလိုဖြစ်မှာမဟုတ်ဘူး။ ဘာဖြစ်လို့ လဲဆိုတော့ သီဟနဲ့ ငါနဲ့ဆိုတာက ငယ်ငယ်တုန်းကပဲ ပေါင်းလာတဲ့ အတွင်း သိတွေ၊ သူ့အကြောင်း ငါ အကုန်သိပြီးသား"

"အေးပါ . . . ကိုယ့်ဇာတ်ကိုယ်နိုင်ရင်လည်း ပြီးတာပါပဲ"

ထိုအချိန်မှာပဲ တဖျပ်ဖျပ်ခြေသံတွေနှင့်အတူ စကားသံတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ကြားလိုက်ရင်း။

"ကလျာ . . . ရောက်နေတာ ကြာပြီလား။ ဆောရီးဟာ . . . ဝါ သဘော်ကုန်း ခဏသွားနေရလို့"

ကလျာက . . .

"ရပါတယ်၊ ငါလည်း ခုမှရောက်တာပါ"

ကလျာနွေက ပြောင်ကြီးညာလိုက်သည်။ ဒါသည်ပင် မိန်းကလေးတို့၏မာယာပဲလားမသိ။ ဟုတ်ဖို့များသည်။

သီဟဆိုသူက ကလျာနွေ၏ဘေးတွင် ဝင်ထိုင်လာသည်၊ ထိုအချိန်ထိ ပြဿနာမရှိသေး။ သို့သော် သီဟ၏ဘေးတွင် ကပ်ကာ ဝင်ထိုင်လိုက်သောသူကို ကြည့်ကာ ညိုမြ အနည်းငယ် မျက်လုံးပြူးသွားရလေ၏။

အိုးဝေ . . .။

ဒင်းက ဘယ်ကဘယ်လို ပါလာရသနည်း။ ညိုမြ ထပြန်ချင်စိတ် ပေါက်သွားရသည်။

ကလျာနွေက ညိုမြကိုကြည့်ကာ ထိုအချက်ကို ရိပ်မိသည့်ထင်၏၊ ပြေလည်ရာပြေလည်ကြောင်း စကားဖာလေသည်။

"ဪ . . . အိုးဝေပါ ပါလာတာပဲ၊ နင်နဲ့ ဘယ်မှာတွေ့လာတာလဲ သီဟ"

"မြို့ထဲမှာပါ၊ ဒီကောင်ကလည်း သူ့ကိစ္စနဲ့သူ မြို့ထဲလာတာလေ၊ အမှတ်မထင် သွားဆုံရင်း အတူတူပြန်လာတာ"

ကလျာနွေက ညိုမြကို ကြည့်လိုက်ရင်း . . .

"ဪ ညိုမြ . . . သီဟနဲ့အိုးဝေနဲ့ကလည်း သူငယ်ချင်းလေး





ဒါကတော့ ငါပြောတဲ့ သီဟတဲ့"

ညိုမြက သီဟကို ပြုံးပြလိုက်ရင်း . . .

"တွေ့ရတာဝမ်းသာပါတယ် ကိုသီဟ"

သီဟက ရယ်ကာ လက်ကာပြလျက် . . .

"ဟုတ်ကဲ့၊ အားလုံးခေါ်သလို သီဟလို့ခေါ်လို့ရပါတယ်၊ ကိုတွေ ဘာတွေ တပ်မနေပါနဲ့၊ သူကတော့ အိုးဝေပါ၊ ကျွန်တော့်ဘော်ဒါပဲ ခင်လို့ရပါတယ်"

သီဟက အလိုက်ကန်းဆိုးမသိ မိတ်ဆက်ပေးနေသေး သည်။ အိုးဝေဆိုသော ဖြိုဟ်ကောင်ကလည်း သံယောင်လိုက်၍ . . .

"တွေ့ရတာ ဝမ်းသာပါတယ်လို့ မပြောတော့ဘူးနော် ညိုမြ၊ နင်နဲ့ငါက သိနေပြီးသားပဲဟာကို"

ညိုမြက မျက်နှာမဲ့ကာ မျက်စောင်းထိုးလိုက်သည်။ ပြောချင်စိတ် မရှိသဖြင့် ဘာမှကို ပြန်မပြောလိုက်။

ထိုအချိန်မှာပဲ သီဟက ကျောပိုးအိတ်ထဲမှ အနီရောင်ဘူးကလေး တစ်ဘူးကိုထုတ်ကာ ကလျာနွေဆီ လှမ်းပေးလိုက်ရင်း . . .

"ရော့ ကလျာ . . . ငါ့အတွက် သူငယ်ချင်းအဆင့်ကို ကျော်ပေးတဲ့နင့်ကို လက်ဆောင်ပေးတာ၊ အမှတ်တရပေါ့"

ရတနာပစ္စည်းထည့်သည့်ဘူးကလေးဖြစ်သည်။ ကလျာနွေက အနီလုပ်ကာ ခပ်ဖြည်းဖြည်းလှမ်းယူရင်း ဖွင့်ကြည့်လိုက်၏။

"ဟယ် . . . လက်စွပ်ကလေးတော့၊ လှလိုက်တာ"

ကလျာနွေ၏ အပျော်ပုံရိပ်ကို သီဟက ကြည်ကြည်နူးနူး ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



...

"နင် သဘောကျတယ်မဟုတ်လား ကလျာ"

"အင်း ... ကြိုက်တယ်၊ နင့်ကို အရမ်းကျေးဇူးတင်တာပဲ"

"အရမ်းရော မချစ်ဘူးလား"

"နင်နော် သီဟ ... လူကြားထဲမှာ"

အရေးထဲ နှစ်ယောက်သား ပလီနေကြသဖြင့် ညီမြို မျက်နှာပူပြီး နီရွေးရွေးဖြစ်လာသည်။ ပြီးတော့ ခုဟာက ရုပ်ရှင်လည်းမဟုတ်၊ ကိုယ့်ရှေ့မှာ ပေါ်တင်ကြီးဖြစ်သည်။ ကိုယ်က ရှည်းစားသနာလည်း မထားဖူးသဖြင့် အနေရခက်လာခြင်းဖြစ်၏။ ထိုစဉ် အိုးဝေက ...

"ညီမြို"

ခေါ်သံကြောင့် ယောင်ပြီးငဲ့ကြည့်လိုက်မိသည်။ အိုးဝေမျက်ဝန်း ထဲ၌ ခါတိုင်းလိုမဟုတ်သော အငွေ့အသက်များက ယှက်သိုင်းရစ်ပိုင်းနေ၏ အိုးဝေကပဲ ...

"ဒီကောင်တွေကိုကြည့်ရတာ ကြည့်နူးဖို့ကောင်းတယ်နော် ညီမြို"

ရုတ်တရက်ပြောလာသော အိုးဝေ၏စကားကြောင့် ညီမြို လတ်တ လောဖြစ်နေသော ရှက်စိတ်က ဒေါသအဖြစ် အသွင်ပြောင်းသွားလေတော့ ၏။

မျက်နှာတစ်ခုလုံး နီရဲခက်ထန်စွာနှင့် ညီမြို ဝုန်းခနဲထရပ် လိုက်ပြီး အိုးဝေကို မီးညွှန့်မျက်ဝန်းများဖြင့် ကြည့်လျက် ...

"အိုးဝေ ... နင် ဘယ်လိုကောင်စားမျိုးလဲ၊ ဘာသဘောနဲ့ ငါ့ကို အရှက်မရှိတဲ့စကားတွေ လာပြောနေရတာလဲ ... ပြောစမ်းပါ၊ နင်က အရှက်





ရှိ ပြောထွက်ပေမယ့် ကြားရတဲ့ငါက ရှက်တယ်ဟဲ့၊ တကယ်ပဲ ... မြင်ရ ကြားရတာ အော်ဂလီဆန်စရာကောင်းတယ်"

ပြောပြီး ညီမြို ချာခနဲလှည့်ထွက်သွားလေသည်။

"ဟဲ့ ... ညီမြို ညီမြို"

ကလျာခေါ်လိုက်ခေါ်သော်လည်း ညီမြိုက လှည့်မကြည့်တော့။

အိုးဝေလည်း မှင်သက်ပြီး ဘာတစ်ခွန်းမှမပြောနိုင်ဘဲ ငြိမ်နေမိ သည်။ ညီမြို ဘာဖြစ်သွားတာလဲ။

ထိုစဉ် သီဟဆီမှ လေချွန်သံကြားရအပြီး ကလျာနှေက ခပ်တိုး တိုး မှတ်ချက်ချလိုက်လေသည်။

"အင်း ... ညီမြိုတစ်ယောက်တော့ ရှက်ရမ်းရမ်းသွားပြီ"

■

www.burmeseclassic.com

www.burmeseclassic.com

ပန်းတွေလည်း ဝေမနေခဲ့ပါဘူး
ဒီဇာတ်လမ်း
အလွမ်းတွေပဲ အဝေဖိုးလာသလို
ကောင်မလေးရေ ...
မေ,ခင်ကဆုံးရှုံးရင်တော့
ဒီရာသီတစ်ခုလုံး
တိမ်တွေငုံးသွားလိမ့်မယ်။

## (၁၁)

နောက်တစ်နေ့ရောက်သည်အထိ မနေ့က ကိုယ့်လုပ်ရပ်ကို တွေးတာ ညိုမြ တအုံနွေးနွေးဖြစ်နေမိသည်။ မနေ့က ပြောခဲ့တာ တော်တော်များလွန်သွားပြီလား။ ထိုအကြောင်းကိုတွေးရင်း ညကလည်း တော်တော်နှင့်အိပ်မပျော်ခဲ့ချေ။ မနက်အိပ်ရာကထတော့ အတော်ပင် နေမြင့်နေလေပြီ။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ရန် အိမ်နောက်ဘက်သို့ ဝင်သွားတော့ မေမေက ဆီး၍ ...

"ခုမှ အိပ်ရာကထတော့မှုတယ် ... ဟုတ်လား၊ အချိန်ကိုလည်းကြည့်ဦး"

စကားအဆုံးမှာ ညိုမြက သန်းဝေလိုက်ရင်း ...

"ညက တော်တော်နဲ့ အိပ်မပျော်လို့ပါ မေမေရာ၊ မျက်နှာသစ်ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သွားလိုက်ပါမယ်''

''မသွားနဲ့တော့၊ ငါသွားပြီးပြီ၊ ညည်း ... ရေမိုးချိုးပြီးရင် ဟိုဘက်ရပ်ကွက်ကိုသာ ပိုက်ဆံသိမ်းဖို့ သွားတော့''

''အာ ... မေမေကလည်း''

ညိုမြ ခေါင်းကုတ်ရင်း ပြောလိုက်သည်ကို မေမေက ...

''မေမေကလည်း လုပ်မနေနဲ့၊ ပိုက်ဆံလိုက်သိမ်းရမှာ ရက်တွေ တောင် ကျော်နေပြီ၊ ညည်းနှယ်အေ ကိုယ့်ပိုက်ဆံကိုယ်ပြန်လိုက် သိမ်းရတာ ဘာများရှက်စရာရှိလို့လဲ''

ဆက်ပြောနေလျှင် စကားက ပိုရှည်တော့မည်မို့ ညိုမြ သက်ပြင်း ချလိုက်ပြီး ...

''ပြီးရော မေမေရာ ... စာရင်းသာ လုပ်ထားလိုက်၊ ပြီးရင် သွား သိမ်းပေးမယ်''

မေမေက ဘာမှ ဆက်မပြောတော့ဘဲ မျက်စောင်းတစ်ချက် ထိုးကာ သူ့အလုပ်သူ ဆက်လုပ်နေသည်။

ရေမိုးချိုးပြီးတော့ အနည်းငယ် ဖြီးလိမ်းပြင်ဆင်ကာ ညိုမြ အိမ်ရှေ့ ဆီသို့ ထွက်ခဲ့လိုက်၏။ အိမ်ရှေ့ဧည့်ခန်းတွင် မေမေက ပိုက်ဆံသွားသိမ်းရမည့် စာရင်းကို လုပ်နေသည်။ ဖေဖေကတော့ ဂျာနယ်ဖတ်နေရင်းက အိမ်ရှေ့ဆီ သို့ ခဏ ခဏ လှမ်းကြည့်နေ၏။ ဖေဖေတစ်ယောက် ဘာဖြစ်လို့ ဂနာမငြိမ် ဖြစ်နေသည်မသိရချေ။

ညိုမြ ခုံမှာဝင်ထိုင်လိုက်တော့ မေမေက တစ်ချက် စောင်းငဲ့ကြည့် ပြီး ...





''ခဏနော် ... သမီး ပြီးတော့မယ်''

ညိုမြက ခေါင်းညိတ်လိုက်ရင်း ...

''မေမေ ... မောင်လေးရော၊ အဖော်ခေါ်သွားရင် ကောင်းမလား လို့''

မေမေက ညိုမြကိုမကြည့်ဘဲ ...

''နှင့်မောင်ကိုတော့ မေးမနေနဲ့တော့၊ ဆော့ဖို့ ထွက်သွားပြီ ဒင်းက ပြောင်းလာတာမှ မကြာသေးဘူး၊ အပေါင်းအသင်းတွေ ရနေပြီလေ''

ညိုမြလည်း ဘာမှထပ်ကာ ပြောမနေတော့ချေ။ မေမေ စာရင်း လုပ်တာကိုပဲ အသာထိုင်စောင့်နေလိုက်၏။ ထိုအချိန်မှာပဲ ...

''ဆောရီး ဦးရာ ... ညက အိပ်ရာဝင် နောက်ကျတာနဲ့ မနက်က တော်တော်နဲ့မနိုးဘူး၊ ခုလည်း ဦးစောင့်နေမယ်ဆိုတာ သိလို့ ပြေးလာတာ''

ထိုသို့ပြောရင်း အိမ်ထဲဝင်လာသူက တခြားမဟုတ်။ အိုးဝေ ဖြစ် သည်။ စကားအဆုံးမှာ လက်ထဲက ကွမ်းယာဘူးကို ဖေဖေ့ဆီ လှမ်းပေး လိုက်၏။ ဖေဖေက ...

''ရပါတယ် မောင်အိုးဝေရာ ... ဒါပေမဲ့ ပါးစပ်တော့ အတော်ချဉ် နေပြီကွ ... ဟား ဟား''

ပြောရင်း ရယ်လိုက်ကာ ဖေဖေက ကွမ်းယာဘူးထဲမှ ကွမ်းတစ်ယာ ထုတ်ယူ၍ ပါးစပ်ထဲထည့်လိုက်သည်။ အိုးဝေဆီ မသိမသာ လှမ်းကြည့်လိုက် တော့ ခါတိုင်းလို သူမဆီပင် ကြည့်မနေချေ။ ပုံစံကြည့်ရသည်မှာ သူမ ရှိနေသည်ကိုပင် သတိမထားမိသောပုံစံမျိုး။ ညိုမြစိတ်ထဲ အနည်းငယ် ခံချိမခံသာ ဖြစ်သွားရသည်။ ဘာကြောင့်မှန်းတော့မသိ။



www.burmeseclassic.com

www.burmeseclassic.com



မေမေက ...

"မောင်အိုးဝေရေ ... မင်းယူလာပေးတဲ့ စာအုပ်တွေကတော့ ဦး အတွက် ဖိမ်ပဲကွ"

"ဟုတ်ကဲ့ ဦး ... ဦးဖတ်လို့ပြီးသွားရင် ကျွန်တော် ထပ်ယူလာ ပေးပါ့မယ်၊ ခုတော့ ... ပြန်ခွင့်ပြုပါဦး"

"အေး ... အေး"

အိုးဝေ လှည့်ထွက်လိုက်ချိန်မှာပဲ မေမေ လှမ်း၍ပြောလိုက်သည်။

"ဟဲ့ မောင်အိုးဝေ ... ပြန်တော့မလို့လား၊ ဘာ အရေးတကြီး ကိစ္စရှိလို့လဲ"

မေမေ့ဘက်ပြန်လှည့်လိုက်ရင်း အိုးဝေက ...

"မရှိပါဘူး ဒေါ်ဒေါ်၊ လက်ဖက်ရည်ဆိုင်သွားမလို့ပါ၊ ဘာများ နိုင်းစရာရှိလို့လည်း မသိဘူး"

အိုးဝေ စကားအဆုံးမှာ မေမေက ...

"မရှိရင်လည်း ထိုင်စမ်းပါဦးကွယ်၊ လက်ဖက်ရည်က ဒေါ်ဒေါ်တိုက် ပါ့မယ်၊ သမီး ... မောင်အိုးဝေအတွက် လက်ဖက်ရည်တစ်ခွက်လောက် သွားဖျော်လိုက်"

"ဟုတ်"

ညိုမြက အိုးဝေကို သိပ်မကြည်သလို တစ်ချက်လှမ်းကြည့်ပြီး ထထွက်လာခဲ့သည်။ ပြီး ပြန်လာတော့ လက်ဖက်ရည်ခွက်ကို အိုးဝေရှေ့ ချပေးလိုက်၏။

အိုးဝေက လက်ဖက်ရည်ခွက်ကို မ,ကာ တစ်ငုံ ငုံလိုက်ရင်းက...





"အား ... လက်ဖက်ရည်က တော်တော်ကောင်းတာပဲ ကိုအံ့ မောင်ဆိုင်ထက် သာတယ်"

ထိုစကားကြောင့် ညိုမြ ရယ်ချင်စိတ်ဖြစ်သွားရရင် အိုးဝေကို မျက်စောင်းထိုးလိုက်ကာ ...

"အပိုတွေပြောနေပြန်ပြီ၊ အဲဒီလက်ဖက်ရည်က တီးမစ်အထုပ်ကို ဖျော်လာတာ"

ညိုမြစကားကြောင့် အိုးဝေ ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ ရယ် သျက် ...

"အပါး ... တီးမစ်က သောက်နေကျမဟုတ်လို့ ထင်တယ်၊ ကောင်းသားပဲဗျ"

ပြောရင်း လက်ဖက်ရည်ကို အကုန်မော့ချလိုက်သည်။ မေမေက ညိုမြဆီ စာရင်းစာရွက်လှမ်းပေးပြီး ...

"ကဲ သမီး ... သွားတော့၊ မောင်အိုးဝေကို မေမေပြောထားပြီး ပြီ သူ အဖော်လိုက်ပေးလိမ့်မယ်"

"အာ မေမေကလည်း ... သမီးတစ်ယောက်တည်း ဖြစ်ပါတယ်"

"ဟင် ... ခုနကတော့ အဖော်ရအောင် ဖိုးကျော်ကိုမေးနေပြီး တော့၊ ကဲပါ ... မောင်အိုးဝေနဲ့ သွားလိုက်ပါ၊ ညည်းကို စိတ်မချဘူး ဆိုတာထက် မောင်အိုးဝေက လယ်ကီးကောင်းလို့ ထည့်ပေးလိုက်တာပေါ့ ... သိပြီလား၊ အတူသွား အတူပြန်လာခဲ့"

အားမနာတမ်းပြောရလျှင်တော့ အတော်ရက်ရောသည့် အမေဖြစ် သည်။ ခုပဲ ကြည့် ... သမီးအပျိုလေးကို သူစိမ်းယောကျ်ားနှင့် အတူတွဲ၍



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြွေးတောင်းဖို့ လွှတ်နေ၏။ ခေတ်ကာလမိဘတွေများ . . .။

ပြန်ပြောနေလျှင်လည်း စကားရှည်နေမှာစိုးသဖြင့် ညိုမြက စာရင်းစာရွက်ကို ဖိုက်ခံအိတ်ထဲထည့်ကာ ထရပ်လိုက်ရင်း အိုးဝေကို ကြည့်လျက် . . .

"သွားမယ်"

ပြောပြီးထွက်လာခဲ့သည်။ နောက်ဘက်မှ အိုးဝေ၏ခြေသံကိုလည်း ကြားလိုက်ရ၏။

လမ်းအတူလျှောက်လာရင်း ငါးမိနစ်လောက်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြ။ ခဏနေတော့ ညိုမြကပဲ မိန်းကလေးပီပီ စကားစပြောလိုက်ပါသည်။

"အိုးဝေ . . . မနေ့က ငါနည်းနည်းလွန်သွားတယ် ထင်တယ်၊ ကလျာကိုတော့ ဖုန်းဆက်ပြောထားပြီးပြီ၊ နင့်သူငယ်ချင်းသီဟကိုလည်း ငါရှိုင်းသွားရင် တောင်းပန်ပါလို့ ပြောလိုက်"

စကားအဆုံးမှာ အိုးဝေက ခပ်တည်တည်ပုံစံနှင့် . . .

"ပြောလိုက်မယ်လေ၊ ဒါပေမဲ့ . . . နင်က ငါ့ကိုပြောခဲ့တာနော်"

"ဘာလဲ . . . နင်က တောင်းပန်ခံချင်လို့လား"

ခေါင်းခါလိုက်ရင်း အိုးဝေက . . .

"မဟုတ်ပါဘူး၊ ငါ့စိတ်ထဲမှာလည်း နင့်အပေါ် ဘာမှ အငြိုးအတေးမရှိပါဘူး ညိုမြ၊ ငါ နားလည်ပါတယ်"

ပြောပုံကိုက အလာကြီးဖြစ်သည်။ သူ့ဘက်က အငြိုးအထားမရှိဘူးဆိုတော့ ကိုယ့်ဘက်ကပဲ မကျေနပ်ချက်တွေများပြီး အငြိုးအတေးကြီး





နေသလိုလို။ ညိုမြ ပြန်မပြောခင်မှာဘဲ အိုးဝေက . . .

"ငါတို့ . . . ခု ဘာနဲ့သွားကြမလဲဟင်၊ တက်စီနဲ့လား လိုင်းကားနဲ့လား"

မျက်စောင်းပျပျထိုးလိုက်ရင်း ညိုမြက . . .

"နင်က ဘာနဲ့သွားချင်လို့လဲ"

"ဘာဖြစ်ဖြစ်ရပါတယ်၊ နင့်ကို ကိုရီးယားကားထဲကလို ကုန်းပိုးခေါ်မသွားရရင် ပြီးတာပဲ . . . အဟဲ"

အိုးဝေ ရယ်ကျဲကျဲပြောလိုက်သောစကားကြောင့် ညိုမြက ဒိုင်းနဲ့မျက်စောင်းထိုးလိုက်ကာ . . .

"အိုးဝေ . . . နင် စကားအကောင်းပြောနေရင်း ဖောက်မလာနဲ့နော်၊ အဲဒါတွေကို ကြည့်မရတာ . . . ဟွန်း"

"အေးပါဟာ . . . ငါလည်း အကျင့်ပါနေလို့ပါ၊ နင်မကြိုက်ရင်"

စကားမဆုံးခင်မှာပဲ ညိုမြက ဖြတ်၍ . . .

"တော် တော် . . . နင့်စိတ်နဲ့နင် ကြိုက်သလိုနေ၊ ငါ့ကြောင့်ဆိုပြီး အဲ့မထည့်နဲ့၊ ဘာမှမဆိုင်ဘူး"

အိုးဝေက . . .

"ပြီးရောဟာ၊ ကဲ . . . ခု ဘာနဲ့သွားမှာလဲ . . . ပြော"

စိတ်မရှည်သံလုပ်ကာ မေးလာသဖြင့် ညိုမြက ခပ်တည်တည် မျက်နှာပေးပြန်လုပ်ကာ . . .

"လိုင်းကားနဲ့ပဲသွားမယ်၊ သိပ်မှမဝေးတာ"

"ပြီးရော . . . ပြီးရော၊ နင် ဆုံးဖြတ်တဲ့အတိုင်းပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား စကားထပ်မပြောဖြစ်ဘဲ ကားမှတ်တိုင်ဆီသို့ လျှောက်လာခဲ့ကြ၏။ မှတ်တိုင်ရောက်တော့ စောင့်ရသေးသည်။ ထိုးရပ်လာသော ကားတွေက စီးရမည့်လမ်းကြောင်းမဟုတ်၍ မတက်ဖြစ်သေး။ အိုးဝေကတော့ သူနှင့်မဆိုင်သလို ဖုန်းထုတ်ကာ ဂိမ်းဆော့ နေသည်။

အတန်ကြာတော့မှ ငါးပိငါးချဉ်သိပ်သလို လူအပြည့်တင်ဆောင်လာသော အထူးကားတစ်စီးက မှတ်တိုင်ဆီ ထိုးရပ်လာသည်။ လိုင်းနံပါတ်ကြည့်လိုက်တော့ မိမိတို့စီးရမည့်ကားဖြစ်နေသဖြင့် ညိုမြက ...

"ဟဲ့ အိုးဝေ ... ဒီကားစီးရမှာ၊ လာ ... သွားမယ်"

ပြောရင်း ညိုမြက မိန်းကလေးပီပီ တွန်းတွန်းတိုက်တိုက်နှင့် ကားပေါ်အရောက်လှမ်းတက်လိုက်၏။ ဆံထုံးနောက် သျှောင်ပါဆိုသလို အိုးဝေက နောက်မှလိုက်တက်လာပါသည်။

နှစ်ယောက်သား အဝမှာ တစ်လစ်တစ်လစ်ဖြစ်နေသဖြင့် ကားစပယ်ယာက အော်လေတော့၏။

"ကဲ ... ဒီက အစ်မလေးနဲ့အစ်ကိုလေးတို့ အထဲနည်းနည်း တိုးလိုက်ပါဦး။ အထဲမှာ အချောင်ကြီးပါ၊ နည်းနည်းလှုပ်လိုက်ပါခင်ဗျ"

စပယ်ယာစကားကြောင့် အိုးဝေ လေသံတိုးတိုးဖြင့် ...

"ညိုမြ နည်းနည်းတိုးလိုက်လေ၊ ဟိုမှာ အော်နေပြီ"

အိုးဝေသည် လိုင်းကားပဲ မစီးဖူးလေသလားမသိ၊ စပယ်ယာအော်သံလောက်ကိုမျှ ကျွတ်ကျွဲနေသေးသည်။

ညိုမြက ခန္ဓာကိုယ်ကို အနည်းငယ်လှုပ်ကာ အထဲသို့တိုးလိုက်ရင်း

"ကားကလည်း ကျပ်ပိတ်သိပ်နေတာပဲ"





စိတ်ရှုပ်စွာ ပြောလိုက်သည်ကိုပင် အိုးဝေက ...

"ဒါကတော့ နင့်ရဲ့ရွေးချယ်မှုပဲလေ၊ ခုတော့ ... တိုးသာတိုးတော့"

အားပေးစကားဆိုရှာပါသည်။ ညိုမြက အရှေ့က တိုးလိုက်၊ အိုးဝေက နောက်မှ အသလေးကပ်ကာ မျှောလိုက်လိုက်နှင့် သိပ်မကြာလိုက်ချေ။ ညိုမြမီးလာသော ကတ္တီပါဖိနပ်ပါးအား အိုးဝေ နောက်မှ ဖိနင်းမိထားသည်ကို သတိမထားမိဘဲ ခြေလှမ်းကိုအရွေ့ ...

"အယ် ... သွားပြီ ဒုက္ခပါပဲ"

ညိုမြစကားသံကြောင့် အိုးဝေက ...

"ညိုမြ ... ဘာဖြစ်လို့လဲ"

အံကြိတ်ကာ ညိုမြ ပြန်ပြောလိုက်သည်။

"ဘာဖြစ်ရမှာလဲ၊ နင် ငါ့ဖိနပ်ကို နောက်ကတက်နင်းထားတာလေ၊ ဒီ ခြေထောက်ကို မ,လိုက်တော့ ဖိနပ်က ပြတ်ပြီပေါ့ဟ"

"ဟင် ... ဟုတ်လား"

အရေးထဲ သေချာအောင်လာမေးနေသေးသည်။ စိတ်တို လှုန်းသဖြင့် ညိုမြလည်း ပြန်မပြောမနေတော့။

အိုးဝေက လေသံတိုးတိုးနှင့် ...

"ဒီအတိုင်းလေးပဲ ငြိမ်နေလိုက်ဦး ညိုမြ၊ ကားပေါ်ကဆင်းရင် ဒီ ဖြေရှင်းပေးပါ့မယ်"

"လာပြောမနေနဲ့၊ နင်ဟာလေ သူများတွေအတွက်သာ လာဘ် ကောင်းဖြစ်မယ်၊ ငါ့အတွက်တော့ ကြိုဟ်ကောင်ပဲ ... သိလား အိုးဝေ"

"နင်ကလည်းဟာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှသာပြောပြီး အိုးဝေ ပါးစပ်ပိတ်သွားသည်။ ဆင်းရမည့် ကားမှတ်တိုင်ရောက်တော့ ညိုမြက ခြေထောက်နှင့်ဖိနပ်သည်းကြိုးပြတ်ကို အသာ ထိန်းကာ ရှုပ်တိုက်လျှောက်၍ သတိကြီးစွာထားပြီး ဆင်းလိုက်ရသည်။

ကားပေါ်မှဆင်းကာ အောက်ရောက်တော့ အိုးဝေက ဆိုင်းမပါ ဗုံမဆင့်မေးလာ၏။

''ညိုမြ . . . နင့်ဆိုဒ်က ဘယ်လောက်လဲ''

ထိုစကားကြောင့် ညိုမြ တင်းသွားရပြီး . . .

''နင် . . . မိုက်ရိုင်းလှချည်လား အိုးဝေ၊ ဘာတွေလာမေးနေတာလဲ''

''အာ . . . ဒုက္ခပါပဲ ညိုမြရယ်၊ ငါမေးတဲ့ဆိုဒ်ဆိုတာက နင်စီးတဲ့ ဖိနပ်ဆိုဒ်ဟ၊ နင့်ရဲ့ ခါး, တင်, ရင် အချိုးအစားဆိုဒ်ကို မေးနေတာမဟုတ်ဘူး''

ပြောမှ ပိုဆိုးတော့သည်။ ညိုမြမှာလည်း မျက်စောင်းတွေ ထိုးရလွန်းသဖြင့် ကြာလျှင် မျက်စိပင် စောင်းတော့မည်လား မသိ။ ခုလည်း အောင့်သက်သက်နှင့် ပြန်ပြောလိုက်ရ၏။

''ဒီလို ကတ္တီပါဖိနပ်ဆိုရင် နံပါတ်ခုနစ်စီးတယ်''

''ခြော် အေး . . . နင်က ခွာသေးသေးပဲဟ''

''ဘာ''

ညိုမြ အော်လိုက်သဖြင့် အိုးဝေ ရယ်ကျဲကျဲနှင့် လက်ကာပြကာ . .

''ဘာမှမဟုတ်ဘူး၊ နင် ဒီမှာခဏစောင့်နေ''

ပြောပြီး အိုးဝေ လှစ်ခနဲပြေးထွက်သွားသည်။ သိပ်မကြာလိုက်





ဖိနပ်တစ်ရန်ဝယ်ပြီး ပြန်ရောက်လာသည်။

''ရော့ . . . စီးကြည့်ဦး''

မြေကြီးပေါ် အသင့်ချပေးသောဖိနပ်ကို ညိုမြ စီးစွပ်လိုက်သည်။ ဇွက်တိ။ ထိုအချိန်မှာပဲ အိုးဝေက ညိုမြ ဘယ်လိုမှထင်မထားသည့်အပြု အမူတစ်ခုကို လုပ်လိုက်၏။ ညိုမြ၏ဖိနပ်အပြတ်ကို ကောက်ယူကာ ကားမှတ်တိုင်တွင်ရှိသော အမှိုက်ပုံးထဲသို့ သွားထည့်လိုက်ခြင်းဖြစ်သည်။ ညိုမြ အံ့ဩသွားသော်လည်း အိုးဝေပုံစံကတော့ ငှက်ပျောသီးအခွံတစ်ခုအား သွားထည့်လိုက်သကဲ့သို့ပင်။

ညိုမြက မသိကျိုးကျွန်ပြုလိုက်ရင်း . . .

''ဖိနပ်က ဘယ်လောက်ပေးရလဲ၊ ငါ ပိုက်ဆံပြန်ပေးမယ်''

စကားအဆုံးမှာ အိုးဝေက ပခုံးအသာတွန့်ရင်း . . .

''ရပါတယ်ဟာ . . . ထားလိုက်၊ ဖိနပ်တစ်ရန်လောက်နဲ့ ငါလည်း ဆင်းရဲသွားမပျက်ပါဘူး၊ ကဲ . . . သွားစရာရှိတာ သွားရအောင်''

''အာ . . . မဟုတ်သေးဘူးလေ၊ ငါ သူများဆီက ဘာပစ္စည်းမှ အလကားမလိုချင်ဘူး၊ အဲဒါကြောင့်''

စကားမဆုံးခင်မှာ အိုးဝေက လက်ကာပြရင်း . . .

''ကဲ ဒေါ်ညိုမြ . . . အကြွေးတင်မခံချင်ရင်လည်း ပိုက်ဆံတော့ ပြန်ပေးမနေနဲ့၊ ကိစ္စဝိစ္စပြီးရင်သာ ငါ့ကို တစ်ခုခုကျွေး . . . ဟုတ်ပြီလား''

''ပြီးရော''

ထို့နောက် ညိုမြက ဦးဆောင်ကာ နှစ်ယောက်သား ပိုက်ဆံသိမ်းမယ့် ရုံးကွက်ထဲသို့ ဝင်ခဲ့လိုက်သည်။ ယခုတစ်ခေါက်ကတော့ ပိုက်ဆံလိုက်



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်သည့်မှာ အတော်ပင် ရှောရှောရှူရှူရှိလှသည်။ အရင်အခေါက်တွေလို စကားများများမပြောရ၊ သိမ်းစရာရှိသော ပိုက်ဆံများ အကုန်ရခဲ့သည့်အပြင် ထပ်ဦးကဆိုလျှင် ခရီးသွားစရာရှိသည်ဟုဆိုကာ နောက်ထပ်နှစ်လအတိုးကို ကြိုပေးလိုက်သေးသည်။ ဒါသည် အိုးဝေပဲ ပါလာလို့လား။ လက်မခံချင် သော်လည်း ညိုမြစိတ်ထဲ တကယ်ပင် ပထမဆုံး တွေးမိသွား၏။

အပြန်ကျတော့ ညိုမြကပဲ ...

"အိုးဝေ ... အပြန်တော့ တက်စီနဲ့ပြန်ရအောင်"

"သဘောလေ၊ နှင့်ကို ငါ ဘာမှမစိုးမိုးဘူးနော်၊ အဟဲ"

ညိုမြ ခပ်တိုးတိုး ကျိန်ဆဲလိုက်၏။ အိုးဝေသည် ဘာကောင်မှန်း မသိ။ ကိုယ့်ဘက်က စကားအကောင်းပြောလျှင် ဖောက်ပြီ။ ကောလိုက်ပြန် တော့လည်း မျက်နှာငယ်လေးနှင့်။ ဒင်းကို ဘယ်လိုသုံးသပ်ရမည်မှန်းပင် မသိတော့ချေ။

ကားပေါ်ရောက်တော့ သုံးမိနစ်လောက် ငြိမ်နေပြီးမှ အိုးဝေက စကားစလာသည်။

"ညိုမြ ... နှင့်ကို ငါ စကားတစ်ခွန်းလောက်ပြောချင်တယ်"

ရင်ထဲ ဒိန်းခနဲဖြစ်သွားကာ ညိုမြ ခန္ဓာကိုယ်က ခပ်တောင့်တောင့် ဖြစ်သွားရင်း ...

"နင်နော် ... မဟုတ်ကဟုတ်ကတွေတော့ လာမပြောနဲ့"

"ဩော် ... ကဲ ... ငါက ရိုးရိုးသားသားပြောမှာပါဟ"

"အဲဆိုလည်းပြော ... ဘာလဲ"

စကားအဆုံးမှာ အိုးဝေက မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်ရင်





"ကုစိ ကုစံ ကွာစိလန်လို့ ပြောမလို့ပါ"

"ဘာ ဘာ ဘာ"

"ဩော် ... ကုစိကုစံ ကွာစိလန် လို့"

"အိုးဝေ ... နင်ပြောတာ ဘာစကားလဲ၊ ဘာအဓိပ္ပာယ်လဲ၊ ရှင်းရှင်း ပြော"

ညိုမြ ဘောက်ဆတ်ဆတ်မေးလိုက်သည်ကိုပင် အိုးဝေက ရယ်လျက် ...

"ညိုမြရယ် ... နင့်ကိုပြောချင်လို့ ပြောတာပါဆို၊ အဟဲ ... ကုစိ ကုစံ ကွာစိလန် နော်"

"အိုးဝေ ... ငါ တင်းလာပြီနော်၊ ငါ အဓိပ္ပာယ်ကို နားမလည် ပေမယ့် နင် မဟုတ်တာပြောနေတယ်ဆိုတာ ငါသိတယ်"

"ဩော် ... မဟုတ်ပါဘူးဆိုမှ ကွာစိလန်ရယ်"

"အိုးဝေ"

ညိုမြ တင်းကာ အော်လိုက်သဖြင့် ကားဆရာပင် လန့်ကာ နောက် သို့ လှည့်ကြည့်လာသည်။

အိုးဝေက ကားဆရာအား လက်ခါပြ၍ ...

"အစ်ကိုကြီး ... ဘာမှမဟုတ်ဘူး၊ ဆက်မောင်း၊ ဆက်မောင်း၊ ကွာစိလန် ဖြစ်တာပါ"

ဒေါသထွက်လွန်းသဖြင့် ညိုမြလည်း ပြန်ပြောမနေတော့ချေ။ စိတ်ထဲ၌ အိုးဝေကို ကုတ်ဖဲ့ပစ်လိုက်ချင်စိတ် ပေါက်နေသည်။

အိမ်ရှေ့ကားရပ်ပြီး ဆင်းလိုက်တော့ အိုးဝေက အိမ်ထဲအထိ လိုက်

www.burmeseclassic.com

ဝင်လာသည်။

ညိုမြက မေမေ့ကို ပိုက်ဆံအပ်ပြီး အကျိုးအကြောင်း ပြောပြလိုက်တော့ မေမေက . . .

"ငါပြောသားပဲ . . . မောင်အိုးဝေက လပ်ကီးကောင်းပါတယ်လို့"

ညိုမြက . . .

"အဲဒါကို ထားဦးမေမေ၊ မေမေ့အတွက်ပဲ လပ်ကီးကောင်းတာဖြစ်မယ်၊ သမီးမှာတော့ အသွားတုန်းကပဲ သူလုပ်လို့ ဖိနပ်ပြတ်သွားသေးတယ်"

အိုးဝေက ဝင်၍ . . .

"ညိုမြရယ် . . . နင့်ကို ငါ ဖိနပ်အစားတစ်ရန် ဝယ်ပေးပြီးပြီပဲဟာကို"

"သိတယ် . . . ပြောပြနေတာ"

ပြီး မေမေ့ဘက်ပြန်လှည့်၍ . . .

"အဲဒါတင်မကသေးဘူး မေမေ၊ လမ်းမှာ သမီးကို မဖွယ်မရာတွေလည်း ပြောလာသေးတယ်"

"ဟဲ့"

မေမေက ရင်ဘတ်ဖိလိုက်ပြီးမှ . . .

"ဘာ ဘာများပြောလို့လဲ"

"သမီးလည်း နားမလည်ဘူး မေမေရာ၊ ကုစိကုစ် ကွာစိလန်တဲ့ အဲဒါ မဖွယ်မရာမှန်းတော့ စိတ်ထဲက သိနေတယ်"

စကားအဆုံးမှာ မေမေက အိုးဝေဘက်သို့ ဆတ်ခနဲ လှည့်လိုက်





သည်။ အိုးဝေက ချက်ချင်းပင် လက်ကာပြ၏။

"ဟာ ဒေါ်ဒေါ် . . . အဲဒါ မဖွယ်မရာပြောတာ မဟုတ်ဘူးနော်"

"အဲဆို . . . ဘာလဲ ခုရှင်း"

ညိုမြက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထိုအခါမှ အိုးဝေက ရယ်ကျဲကျဲလုပ်လျက် . . .

"ဒီလိုဒေါ်ဒေါ်ရဲ့ . . . ဒေါ်ဒေါ့်သမီးနာမည်က ညိုမြဆိုတော့ သကြြန်ကို ပြန်သတိရတာနဲ့ သီချင်းစာသား ရွတ်လိုက်တာပါ၊ သကြြန်သီချင်းလေ"

မေမေကလည်း ယောင်နနနှင့် . . .

"ဟဲ့ . . . သကြြန်သီချင်းထဲမှာ ဘာလန် . . . အဲ . . . ကွာစိလန်ဆိုတာ မကြားဖူးပါဘူး"

အိုးဝေက . . .

"ကွာစိလန်ဆိုတာက အိပ်မက်စေတမန်သီချင်းကို ဖျက်ဆိုထားတာဗျ၊ ဒေါ်ဒေါ်ကြားဖူးမှာပေါ့ . . . အဲဒီသီချင်းထဲမှာ ညြော် သင်း သင်း ကျူနီ၊ ညြော် သင်း သင်း ကျူနီ၊ တီးကြ ဆိုကြ ကကြရလေ ဦးတော့ပြန်နှမ်အကူးမို့ ကြည်နူးလေတဲ့သကြြန် ဆိုတာလေ"

"အေး . . . ကြားဖူးတာပေါ့"

မေမေက ရင်ကော့၍ ဖြေသည်။ အိုးဝေက ခေါင်းညိတ်လျက် . .

"ဟုတ်ကဲ့ . . . အဲဒီနေရာမှာဆိုရင် ကျွန်တော်တို့က ဒီလိုဆိုတာဗျ"

ပြောရင်း အိုးဝေက သံနေသံထားဖြင့် ဆိုပြလေ၏။ နဂုက ဆိုပြသော သီချင်း ညြော် သင်း သင်း ကျူနီဆိုသည့် အလိုက်အတိုင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ကွာ စိ စိ လန့်၊ ကွာ စိ စိ လန့်၊ ကွိစိ ကွာစ ကွာစိ ကုစိ ကုစိ လန့်၊ ကွာစိ ကု ကုစိ ကွာစိ လန့်"

အိုးဝေ၏ကွာစိလန့်သီချင်းအဆုံးမှာ မေမေက တသောသော ရယ်တော့သည်။ ညိုမြပင် မနေနိုင်ဘဲ လိုက်ရယ်မိတော့၏။

အိုးဝေက ညိုမြကိုကြည့်ကာ . . .

"ငါပြောသားပဲ . . . ကွာစိလန့်ဆိုတာ မဖွယ်မရာ မဟုတ်ပါဘူးလို့"

"မသိဘူးလေ၊ နင်က တစ်လမ်းလုံး ကွာစိလန့်လာတာကိုး"

မျက်နှာပိုးမသတ်နိုင်သေးဘဲ အရယ်တစ်ဝက်ဖြင့် ညိုမြက ပြန်ပြောလိုက်သည်။ မေမေကတော့ ပိုက်ဆံလည်းရပြီ၊ ကွာစိလန့်အကြောင်းလည်း သိရပြီမို့ အိမ်ထဲဝင်သွား၏။

ထိုအခါမှ အိုးဝေက ညိုမြကိုစူးစိုက်ကြည့်ပြီး . . .

"ကဲ . . . ကွာစိလန့်"

"အောင်မာ . . . ဘာကွာစိလန့်လဲ၊ နင်နော်"

"အဟဲ . . . ခေါ်လို့ကောင်းလို့ပါ ကွာစိလန့်ရယ်၊ နင့်ကိုငါ ချစ်တယ် . . . သိလား"

ညိုမြ ရုတ်တရက် ကြောင်သွားသည်။ အိုးဝေ စကားရော ဖောရော နှင့် ရည်းစားစကားပြောလိုက်တာလား။ ရှက်စိတ်ကြောင့် ညိုမြမျက်နှာတစ်ခုလုံး နီရွေးကာ မျက်စိမှိတ်၍ ကြုံးအော်လိုက်လေသည်။

"အိုးဝေ"

မျက်စိဖွင့်ကာ ပြန်ကြည့်လိုက်ချိန်မှာတော့ သူမရှေ့မှ ပြေးထွက်သွားသည့် အိုးဝေ၏နောက်ကျောကိုသာ မြင်လိုက်ရလေ၏။





ရှက်စိတ်နှင့်အတူ စိတ်တွေလှုပ်ရှားကာ ရုတ်တရက် ဘာလုပ်ရမည်မှန်း မသိ။ အိမ်မြောင်ဥကို ကိုင်မိသလို ကတုန်ကယင် ဖြစ်နေမိသေးသည်။

ထိုကိစ္စအား မေမေ့ကိုသွားတိုင်လို့လည်း မဖြစ်ချေ။ ပို၍ ကွာစိလန့်သွားပေလိမ့်မည်။ သို့နှင့် ရည်းစားစကားပြောခံလိုက်ရသော မိန်းကလေးတို့၏ထုံးစံအတိုင်း အိမ်ထဲသို့ ပြေးဝင်လာခဲ့မိ၏။

ညိုမြ ပြေးဝင်လာသောပုံစံကို ကြည့်ကာ မေမေက ဘယ်လိုထင်သည်မသိ၊ မျက်လုံးပြူးကာ မေးလာသည်။

"ဟဲ့ . . . ဒီကောင်မလေး အပြေးအလွှားနဲ့ ဘာဖြစ်လာတာလဲ"

ညိုမြလည်း တုံ့ခနဲရပ်လိုက်ပြီးမှ ပြောမိပြောရာ ပြောလိုက်ရလေသည်။

"ဘာမှမဖြစ်ပါဘူး မေမေ . . . သမီး ရှူးပေါက်ချင်လို့"

ထို့နောက်မှာတော့ ညိုမြတစ်ယောက် ကိုယ့်စကားနှင့် အိမ်သာထဲသို့ ဝင်လိုက်ရကာ . . .။

အင်း . . .

အနည်းငယ်ပေါ့ပါးသွားသည်ကတော့ အမှန်ပင်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ဘယ်လိုမှမနေနိုင်၍ ရည်းစားစကားပြောလိုက်မိသော်လည်း ညိုမြ စိတ်ဆိုး မုန်းတီးသွားမှာကို အိုးဝေ ကြောက်နေမိသည်။ ထို့ကြောင့် မနက် မနက် ညိုမြအဖေဆီ ကွမ်းယာပို့ပြီးလျှင် ချက်ချင်းဆိုသလို ပြန်ပြန်လစ်လာ ခဲ့၏။

ထို့အတူ ညိုမြဘက်ကလည်း စိတ်တိုသလို မျက်နှာလည်း ပူသဖြင့် အိုးဝေ အိမ်လာလျှင် ရှောင်နိုင်အောင် အသင့်ပြင်ထားသည်။ ထို့ကြောင့် သုံးလေးရက်လောက် နှစ်ယောက်သား မျက်နှာချင်းမဆိုင် မိကြ။

သို့သော် ...

နှစ်ယောက်သား ကိုယ့်အတွေးနှင့်ကိုယ် ရှောင်နေသည့်ကြား တစ်ရက်တော့ ထိပ်တိုက်တွေ့ဆုံရန် အကြောင်းဖန်လာသေး၏။





ဖြစ်ပုံက သည်လို။

ကလျာနွေက အလုပ်နားရက်ဖြစ်သဖြင့် ရှောပင်းထွက်ရန် ညိုမြကို လာခေါ်သည်။ ညိုမြလည်း ဝယ်စရာလေးတွေရှိသဖြင့် လိုလိုလားလားပင် လိုက်ခဲ့လိုက်၏။ မေမေ ပိုက်ဆံသိမ်းနိုင်သည်ကိုပင် နောက်နေ့မှသွားပေး မယ်ဟု ရက်ရွှေ့လိုက်သေးသည်။ မေမေက သူ့ဟာသူသွားမယ်ဆိုပြီး တချစ်တောက်တောက်ပြောကာ ကျန်ခဲ့၏။

မြို့ထဲရှိ ရှောပင်းမောရောက်၍ ဝယ်စရာရှိတာ ဝယ်ပြီးချိန်မှာတော့ ကလျာနွေက ...

"ဝယ်စရာရှိတာတွေလည်း ဝယ်ပြီးသွားပြီဆိုတော့ တစ်ခုခုစားရ အောင် ညိုမြ အဲ ... ခဏလေး ငါ ဖုန်းဆက်လိုက်ဦးမယ်"

ကလျာနွေစကားကြောင့် ညိုမြ ကြောင်သွားရပြီး ...

"ဟင် ... ဘယ်ကိုဖုန်းဆက်မှာလဲ၊ ဆိုင်ကိုအစားအသောက် ကြို မှာမလို့လား၊ အဲလောက်မလိုပါဘူး ကလျာရယ်"

စကားအဆုံးမှာ ကလျာနွေက ခေါင်းခါလိုက်ရင်း ...

"မဟုတ်ပါဘူး ညိုမြရဲ့၊ သီဟနဲ့ ချိန်းထားလို့လေ၊ ဈေးဝယ်ပြီးရင် ဖုန်းဆက်လိုက်တဲ့၊ နေ့လယ်စာကျွေးချင်လို့ဆိုလို့"

ညိုမြစိတ်ထဲ ဒိန်းခနဲ ဖြစ်သွားရသည်။ သီဟလာလျှင် အိုးဝေကော ပါလာမည်လား။ အိုးဝေနှင့်ဆိုလျှင် ...။

"ကလျာ ... ဟိုလေ ... သီဟလာရင် အိုး ... အိုးဝေကော ပါလာမှာလား"

ကလျာနွေက တစ်ချက်စွေကာ ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ငါလည်းမသိဘူးဟာ၊ ပါလာတော့ကော ဘာဖြစ်လဲဟာ။ နင်နဲ့လည်း သိနေတာပဲ ဥစ္စာ"

ဘာပြန်ပြောရမည်မှန်းပင် မသိတော့ချေ။ အိုးဝေ ရည်းစားစကား ပြောထားသောကိစ္စကို ပြန်ပြောပြဖို့လည်း မရဲသဖြင့် အသာငြိမ်နေလိုက်သည်။ စိတ်ထဲမှာတော့ အိုးဝေပါမလာပါစေနဲ့ဟု အခါတစ်သိန်းလောက် ဆုတောင်းနေမိ၏။

ကလျာနွေက သီဟာဆီ ဖုန်းဆက်ကာ စားသောက်ဆိုင်တစ်ဆိုင်မှာ ချိန်းလိုက်၏။ ပြီး ... နှစ်ယောက်သား ထိုဆိုင်သို့ထွက်လာခဲ့ကြသည်။

ညိုမြ ဆုတောင်းပြည့်သည်ဟု ဆိုရတော့မည်လားမသိ။ ချိန်းဆိုထားသည့်ဆိုင်ရောက်တော့ သီဟာက တစ်ယောက်တည်း စောင့်နေပါသည်။ ညိုမြ အတော်ဝမ်းသာသွား၏။

နှစ်ယောက်သား စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ကြရင်း ကလျာနွေက သူ့ဘဲကို လှိုက်လှိုက်လှဲလှဲ ပြုံးပြရင်း ...

"ရောက်နေတာကြာပြီလား သီဟ"

"မကြာသေးပါဘူး ... ငါးမိနစ်လောက်ပဲရှိသေးတယ်၊ ကဲ ... စားချင်တာ မှာကြ၊ ညိုမြလည်း အားမနာနဲ့နော်၊ မှာသာမှာ"

ပြောရင်း သီဟာက မီနူးကို ရှေ့သို့တိုးပေးလာသည်။ ညိုမြနှင့် ကလျာနွေတို့လည်း မီနူးကိုကြည့်ကာ စားချင်တာတွေကို အားရပါးရ မှာလိုက်ကြ၏။

ကလျာနွေက သီဟာကို မျက်စောင်းပျပျထိုးရင်း ...

"သီဟ ... နင် ဘီယာသောက်ချင်ရင် မှာသောက်နော်၊ ငါ့ရှေ့မှာ





ဆိုပြီး ဟန်ဆောင်မနေနဲ့"

သီဟာက ရယ်လျက် ...

"မသောက်ပါဘူး ကလျာရယ်၊ ဟန်လည်း မဆောင်ပါဘူး။ ငါက နင့်ကွယ်ရာကျမှ ခိုးသောက်တာ"

"နင်နော်"

သုံးယောက်သား ရယ်ဖြစ်ကြသည်။

ထိုအချိန်မှာပဲ ...

"ဒီသုံးယောက် ဘာတွေများ သဘောကျနေကြတာလဲ၊ ငါ့အတင်းပြောပြီး ရယ်နေတာတော့ မဟုတ်ပါဘူးနော်"

"ဟင်"

ကြားလိုက်ရသောအသံကြောင့် ညိုမြခန္ဓာကိုယ်တစ်ခုလုံး တောင့်မတ်သွားရသည်။ ဆိုင်အတွင်းဘက်မှ အိုးဝေထွက်လာခြင်း ဖြစ်၏။

သီဟာက အိုးဝေရောက်လာသည်ကို ဘာမှထူးခြားဟန်မပြဘဲ ...

"မင်းကွာ ငါကျွေးမယ်ဆိုပြီး ခေါ်လာတာပါ၊ နောက်ဘက်မှာ သွားစားစရာမလိုပါဘူး"

သီဟာစကားကြောင့် အိုးဝေမျက်နှာ မဲ့ခနဲဖြစ်သွားပြီး ..

"ဟော့ကောင် ... မဆိုက်ရိုင်းနဲ့နော်၊ ငါက မင်း ဒါနမြောက်အောင် စားပေးဖို့အတွက် ဝိတ်သွားလျှော့တာကွ"

ပြောရင်း အိုးဝေက ဝင်ထိုင်လိုက်သည်။ ဖြစ်ချင်တော့ ဒင်း ထိုင်နေသည့်နေရာက ညိုမြနှင့် မျက်နှာချင်းဆိုင်တည့်တည့်။

အိုးဝေက သူ ဘာမှမပြောထားသလို ပိဘိအပြစ်ကင်းစင်ဟန်



www.burmeseclassic.com

www.burmeseclassic.com



လေနှင့် ညိုမြကိုကြည့်ကာပြုံးလျက် . . .

"ညိုမြလည်း ပါလာတာကိုး၊ စားစရာတွေမှာ ထားပြီလား၊ မမှာရသေးရင်လည်း ငါမှာပေးမယ်လေ"

အရေးထဲ အလှူ့လက်ဖက်နှင့် မျက်နှာလာလုပ်နေသေး သည်။ ညိုမြက မျက်စောင်းတစ်ချက်ခဲလိုက်ရင်း . . .

"မှာပြီးပြီ၊ အပိုတွေလာပြောနေတယ်"

ထိုစကားကို အိုးဝေက နားဟန်မရှိဘဲ ရယ်ကျဲကျဲလုပ်၍ . .

"ကွာစိလန်ကလည်း စိတ်ချည်းပဲ"

လာပြန်ပြီ ဒီကွာစိလန်။ ညိုမြမျက်နှာ ရဲခနဲဖြစ်သွားရင်းက ဒေါသပါထွက်သွားပြီး . . .

"အိုးဝေ . . . နင် တော်တော့နော်၊ ဆက်ပြောနေရင် ငါ ထပြန်သွားမှာ၊ မရိုင်းချင်ဘူး"

အိုးဝေက ကြောက်ဟန်နှင့် ဖက်ပုပြလာသည်။ ကလျာနွေက အိုးဝေနှင့် ညိုမြတို့ကို နားမလည်သလို တစ်လှည့်စီ ကြည့်လိုက်ပြီးမှ . .

"ဟဲ့ . . . နင်တို့နှစ်ယောက်က ဘယ်လိုဖြစ်နေကြတာလဲ၊ မိုးကျော်လေးပြောတော့ နင်တို့နှစ်ယောက် အတူတူတောင် အကြွေးသွားတောင်းကြတယ်ဆို၊ ငါက နင်တို့တွေ ပြေလည်နေပြီထင်တာ"

ညိုမြက စကားကိုဖြတ်ကာ စိတ်ရှုပ်သောအသွင်ဖြင့် . . .

"ဘာမှမပြေလည်ဘူး၊ အကြွေးသွားတောင်းတာကလည်း မေမေနိုင်းလို့ အတူသွားတာ၊ သွားချင်လွန်းလို့တော့ မဟုတ်ဘူး၊ ဒင်းနဲ့အတူရှိနေရင် ငါ ကြိုဟ်ဝင်မှာ သေချာတယ်"





ညိုမြ စကားအဆုံးမှာတော့ အိုးဝေက မျက်နှာကို တည်လိုက်ရင်း

"ကဲပါ ညိုမြရယ် . . . အဲဒီလောက်လည်း ဒေါသထွက်မနေပါနဲ့၊ ငါတို့က ရန်သူတွေမှ မဟုတ်တာ၊ တော်ကြာ ဒေါသထွက်နေရင် စားမဝင်ဖြစ်နေဦးမယ်"

"ဟုတ်သားပဲ . . . အိုးဝေက နင့်ကို စ,တာပါဟယ်"

ကလျာနွေကပါ အိုးဝေဘက်က ဝင်ပြောလေသည်။ ညိုမြ စဉ်းစားလိုက်၏။ ဒီအတိုင်းဆိုလျှင် အိုးဝေက သူ ရည်းစားစကားပြောထားသည်ကို ဘယ်သူ့ကိုမှ အသိပေးထားဟန်မရှိသေး။ အနည်းငယ်တော့ စိတ်အေးသွားရပါ၏။ စားသောက်စရာတွေ ရောက်လာတော့ အိုးဝေက ရေသန့်ဘူးထဲမှ ရေငှဲ့ကာ မစားမီ အားလုံး၏ရှေ့တွင် တစ်ခွက်စီချပေးသည်။

"ကဲ . . . စားလိုက်ကြရအောင်"

သီဟ စကားအဆုံးမှာ အားလုံးပဲ ဖွန်း၊ ခက်ရင်းကိုင်ကာ ဟန်ပြင်လိုက်ကြ၏။ သို့နှင့် စားတော့မည့်ဆဲဆဲမှာပင် ညိုမြ၏ဖုန်းက လာသည်။ နံပါတ်ကိုကြည့်ကာ နားထောင်လိုက်ပြီးမှ ညိုမြ၏မျက်နှာတစ်ခုလုံး မျက်ယွင်းသွားကာ ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်သည်။

"ငါ . . . ငါ ပြန်မှဖြစ်တော့မယ်၊ မေမေ ပိုက်ဆံသွားသိမ်းရင်း ပြီးလဲကျလို့တဲ့"

"ဟေ"

"ဟာ"

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ညနေပိုင်းရောက်တော့ သီဟ၊ ကလျာနွေတို့နှင့်အတူ ညိုမြအိမ်တို့သို့ အိုးဝေ လိုက်သွားဖြစ်သည်။ ကိုယ်ကလည်း ညိုမြ၏မိဘတွေနှင့် ခင်မင်နေသဖြင့် လိုက်သွားခြင်းလည်းဖြစ်၏။

ရောက်တော့ ညိုမြတို့အိမ်ရှေ့လမ်းဘေး၌ ကားအကောင်းတစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရ၏။

အိုးဝေက ကလျာနွေကိုကြည့်ကာ ...

"ဟဲ့ ကလျာ ... ညိုမြတို့အိမ်မှာ ဧည့်သည်ရောက်နေလား မသိဘူး"

စကားအဆုံးမှာ ကလျာက အိုးဝေကိုကြည့်၍ ...

"ဧည့်သည်ရှိတော့ကော ဘာဖြစ်လဲဟဲ့၊ ငါတို့လည်း သတင်း





မေးဖို့လာတာပဲဟာကို"

ဘာမှပြန်မပြောဘဲ အိုးဝေ ငြိမ်နေလိုက်သည်။ အိမ်ပေါ်ရောက်တော့ ထင်ထားသည့်အတိုင်း ညိုမြတို့မိသားစုအပြင် ကိုယ်နှင့် အသက်မတိမ်းမယိမ်းလောက်ရှိမည့် လူတစ်ယောက်ကိုပါ တွေ့လိုက်ရ၏။ ပုံစံကတော့ ပိုက်ဆံရှိပြီး လူရည်သန့်ပုံစံဖြစ်သည်။ အိမ်ရှေ့၌ ရပ်ထားသောကားကလည်း ထိုလူ၏ကားပဲဖြစ်မှာ သေချာ၏။

သူတို့ကိုတွေ့တော့ ညိုမြက ထိုင်နေရာမှထလာကာ နှုတ်ဆက်၏။ ကိုယ့်ကိုတော့မဟုတ်၊ ကလျာနွေကိုဖြစ်သည်။

ကလျာနွယ်က ...

"ညိုမြ ... အန်တီက ဘယ်လိုဖြစ်တာလဲဟင်"

ညိုမြ သက်ပြင်းချ၍ ...

"အင်း ... ပြောရရင်တော့ ဒီနေ့ ဟိုဘက်ရပ်ကွက်မှာ မေမေက ဖဲ့ကို ပိုက်ဆံသွားသိမ်းခိုင်းတာလေ၊ ငါက နောက်နေ့မှ သိမ်းပေးမယ်ဆိုပြီး နင်နဲ့လိုက်ခဲ့တာ၊ အဲဒါကို မေမေက မနေနိုင်မထိုင်နိုင် သူ့ဟာသူ သွားတောင်းရင်း ဖြစ်တာဟေ့"

"ဖြစ်တာက ဘယ်နေရာမှာလဲ ညိုမြ"

"အပြန်မှာလေ၊ လိုင်းကားနဲ့ပြန်လာပြီး ရပ်ကွက်ထဲအဝင်နားမှာ မူးလဲတာ။ တော်သေးတာပေါ့ ... ကိုမျိုးသူရနဲ့တွေ့လို့"

ညိုမြစကားကြောင့် ကလျာက အိမ်ပေါ်မှာရှိနေသည့်လူစိမ်းကို တစ်ချက်လှမ်းကြည့်လိုက်ရင်း လေသံတိုးတိုးဖြင့် ...

"ဟဲ့ ... မျိုးသူရဆိုတာ ဟိုလူလား"



www.burmeseclassic.com

www.burmeseclassic.com



ညိုမြက ခေါင်းအသာညိတ်ရင်း ...

"အေး ... ဟုတ်တယ်၊ သူက သူ့ကိုစွန့်သွား ရပ်ကွက်ထဲလာတာ တာ၊ မေမေမူးလဲကျတာမြင်တော့ သူကပဲ ကူညီပြီး ကားနဲ့ဆေးခန်းကို လိုက်ပို့ပေးခဲ့တာ"

"တော်သေးတာပေါ့ဟယ်၊ ကူညီတတ်တဲ့လူနဲ့ တွေ့လို့သာပေါ့"

"ဟုတ်တယ်ဟာ၊ ခုလည်း မေမေ့အတွက် လိုအပ်တဲ့ဆေးတွေ မြို့ထဲကဝယ်ပြီး တစ်ခေါက်လာပို့တာ၊ ငါတော့ အဲဒီလူကို တော်တော် အားနာနေပြီ၊ ပိုက်ဆံပြန်ပေးတာကိုလည်း မယူဘူး"

ညိုမြနှင့်ကလျာနွေတို့ ပြောနေကြသောစကားတွေကို နားထောင်ရင်း အိုးဝေက မျိုးသူရဆိုသူကို လှမ်း၍ အကဲခတ်လိုက်သည်။ မျိုးသူရက ညိုမြ၏အမေနှင့် စကားကောင်းနေ၏။ ညိုမြအမေကတော့ ညှော်ခန်းထဲရှိ ဒရင်ဘာတ်ပေါ်တွင် အသာမှိန်းနေသည်။

အိုးဝေက ညိုမြကိုကြည့်ရင်း ...

"ညိုမြ ... နောက်ဆို ဒေါ်ဒေါ်ကို ပိုက်ဆံသိမ်းဖို့ ပေးမသွားနဲ့ တော့လေ၊ နင်လည်း မသွားချင်ရင် ငါ သွားသိမ်းပေးပါ့မယ်"

ထိုစကားကြောင့် ညိုမြက ဆတ်ခနဲကြည့်ရင်း ပုံမှန်မျက်နှာထား ပုံမှန်လေသံဖြင့် ...

"ရပါတယ် ... ကိစ္စမရှိပါဘူး"

"ဘာလဲ ... ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး ငါ့ကို မယုံလို့လား"

ညိုမြ မျက်ခုံးအတွန့်ချိုးလိုက်ရင်းက ...

"အိုးဝေရယ် ... နင် တော်တော်လျှာရှည်တာပဲ၊ ငါ့အိမ်ကကိစ္စ





ငါလုပ်နိုင်ပါတယ်၊ နင် ဝင်ပြီး ပူပန်ပေးမနေနဲ့၊ ကိုယ့်ဟာကိုယ် နေစမ်းပါ နင်ဝင်ပါရင် ပိုရှုပ်တယ်၊ ပိုဆိုးတယ်"

စကားအဆုံးမှာ အိုးဝေက ဖျော့တော့တော့မျက်ဝန်းတွေနှင့် ငြင်း ကြည့်လာသည်။ တစ်ခုခုပြောရန် ဟန်ပြင်လိုက်ပြီးမှ ပါးစပ်ကို ပိတ်ကာ တစ်ဖက်သို့ မျက်နှာလွှဲသွား၏။

အခြေအနေကို သတိထားလိုက်မိသော ကလျာနွေက ကြားဝင်ကာ စကားလွှဲလိုက်သည်။

"ညိုမြ ... အန့်တီလည်း နေမကောင်းဘူးဆိုတော့ အိမ်အလုပ် တွေရော ဆိုင်အလုပ်တွေပါ နင့်တာဝန်ဖြစ်သွားပြီပေါ့၊ အဲဒါလည်း ... ကောင်းပါတယ်"

"အောင်မာ ... ဘာကောင်းတာလဲ၊ နင်ပြောနေတာက ငါ ပင်ပန်းမယ့်ကိစ္စဟဲ့"

မျက်စောင်းထိုးရင်း ညိုမြ ပြန်ပြောလိုက်သည်။

ထိုအချိန်မှာပဲ အိုးဝေက ထရပ်လိုက်ရင်း ...

"ငါ ပြန်လိုက်ဦးမယ် ညိုမြ ...၊ ကိစ္စလေးရှိသေးလို့၊ သီဟာနဲ့ ကလျာ ငါသွားပြီ"

နှုတ်ဆက်ပြီး အိုးဝေက လှည့်ထွက်သွားလေသည်။ သီဟာက တစ်ခုခုပြောရန် ဟန်ပြင်လိုက်သော်လည်း ကလျာနွေက လှမ်းကြည့်သဖြင့် ငြိမ်နေလိုက်သည်။

နောက်ဆုံးတော့ .... သက်ပြင်းခိုးချရသူမှာ ညိုမြကိုယ်တိုင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်သို့ မျက်နှာလွှဲလိုက်တော့ စိုက်ကြည့်နေသည့် မျိုးသူရကို တွေ့လိုက်ရပြန်၏။

ထိုသို့ဖြင့်။

## (၁၄)

"ဘာပြောတယ် အိုးဝေ၊ မင်း ညီမြကို ပရိုပိုစ့်လုပ်ထားပြီ ဟုတ်... မင်းကွာ ... ငါတို့ကို ဘာဖြစ်လို့ အစောကြီးက မပြောတာလဲ"

ဆူအောင့်အောင့်ပြောလိုက်သည့် သီဟစကားအဆုံးမှာ ကလျာနွေ...လည်း ...

"အေးလေ ...ငါတို့သိထားတော့ မသိမသာနဲ့ ဝင်ကူညီလို့...ပေါ့။ ခုချိန်ကျမှ နင့်ကို အောင်သွယ်လုပ်ပေးရရင်တော့ သိပ်မချောင်ဘူး...ဝ"

စကားသံတွေအဆုံးမှာ အိုးဝေက သက်ပြင်းသဲ့သဲ့ချလိုက်သည်။

... ...

"ငါ နင်တို့ကို မပြောခဲ့တူးဆိုတာကလည်း ဘာအကြောင်းကြောင့်မှ



www.burmeseclassic.com

www.burmeseclassic.com



တော့တ်ပါဘူး။ တော်ကြာ . . . နင်တို့တွေက ငါ့ဘက်ကနေ အတင်းလိုက်တွန်းနေရင် ညိုမြ စိတ်ခုသွားမှာစိုးလို့ပါ''

''ဩော် . . . ဒါဆိုရင် ခုကျတော့ နင့်ကို ညိုမြက တော်တော်ကြည်လင်နေတာပေါ့၊ ဟုတ်လား''

ရွဲ့ပြောလာသည့် စကားအဆုံးမှာ အိုးဝေက ခပ်ဖြည်းဖြည်း ခေါင်းခါရမ်းလိုက်သည်။

''အေးဟာ . . . ငါ့ဇာတာကလည်း ဘာဖြစ်နေမှန်းကို မသိတော့ပါဘူး။ တခြားလူတွေအတွက် အဆင်ပြေသလောက် ညိုမြနဲ့ကျမှ ပြောင်းပြန်ဖြစ်နေတယ်''

အိုးဝေ ခပ်ညည်းညည်းပြောလိုက်သောစကားကို ကလျာနွေက ခေါင်းညိတ်ထောက်ခံလိုက်ပြီး . . .

''အဲဒါတော့ ဟုတ်တယ်၊ ညိုမြဘက်က ကြည့်ရင်လည်း ခုချိန်ထိ နင်နဲ့ပတ်သက်လာရင် သူမှာ လပ်ကီးမှုမကောင်းခဲ့တာကိုး''

''ငါလည်း ဘာလုပ်ရမှန်းကို မသိတော့ပါဘူးဟာ၊ ဒါပေမဲ့ . . . ငါ ညိုမြကို တကယ်ချစ်တာပါ''

ကလျာနွေနှင့် သီဟတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

သီဟက . . .

''မင်း . . . တကယ်ချစ်ရင် အဲဒီလပ်ကီးကောင်းတာတွေ မကောင်းတာတွေကို ထည့်စဉ်းစားမနေနဲ့တော့ အိုးဝေ၊ လုပ်စရာရှိတာသာ ဆက်လုပ်တော့''





''ငါက ဘာလုပ်ရမှာလဲ''

''အာ . . . ဒီကောင်တော့၊ အရေးအကြောင်းကျမှ ဒူနေပြန်ပြီ မင်း . . . ခု ညိုမြကို ပရိုပို့စ်လုပ်ထားပြီလေ၊ အဲဒါ ဆက်ကြိုးစားပေါ့ကွ ပြောထားပြီးရင် အဖြေတောင်းရမှာပေါ့၊ ဒါနဲ့ မင်း သူ့အဖေဆီကိုကော ကွမ်းယာပို့ဖို့ ရောက်သေးလား''

ခေါင်းခါလိုက်ရင်း အိုးဝေက . . .

''ဟင့်အင်း . . . ညိုမြက ငါ့ကိုမတွေ့မမြင်ချင်ဘူးထင်တာနဲ့ ကွမ်းယာဆိုင်ကလူကိုပဲ သွားပို့ခိုင်းထားတာ''

''ဟာ . . . အဲဒါ မင်းမှားတာပဲ အိုးဝေ၊ မှားတာပဲ၊ တကယ်ဆို ကြိုးစားရမှာက မင်းတာဝန်လေ၊ ခုတော့ မင်းဘက်က ပရိုပို့စ်လုပ်ထားပြီး ရှောင်နေသလိုဖြစ်နေပြီ မိန်းကလေးဘက်ကတော့ ကိုယ့်ကို ရည်းစားစကားပြောထားတဲ့ယောကျ်ားလေးကို အိမ်လာခဲ့ပါ၊ စကားလက်ခံပြောပါ့မယ်ဆိုပြီး ပြောမလားကွ''

''ဟုတ်တယ် အိုးဝေ၊ ညိုမြက သဘောထားသေးသိမ်တဲ့ မိန်းကလေးမျိုးလည်း မဟုတ်ပါဘူး။ သူလည်း နင့်လိုပဲ ဒီလိုကိစ္စမျိုးမှာ အတွေ့အကြုံ မရှိဘူးလေ၊ ရှက်ရမ်းရမ်းတာလည်း ပါတယ်၊ ဘာပဲဖြစ်ဖြစ် နင့်ဘက်က တကယ်ချစ်ရင်တော့ ဆက်ကြိုးစားသင့်တယ်''

ဒီသမီးရည်းစားနှစ်ယောက်ကတော့ ခြောက်ချတစ်မျိုး၊ ချော့ချတစ်ဖုံ အားပေးနေကြပြီ။ ထို့ကြောင့် ဘာဆက်လုပ်ရမည်ဆိုတာကို အိုးဝေ စဉ်းစားရတော့၏။

သီဟက သူတွေးနေသည်ကို ရိပ်မိဟန်ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"တော့ကောင် ... ဘာမှစဉ်းစားမနေနဲ့ မင်း အရင်ပုံစံအတိုင်းပဲနေ၊ ညိုမြတို့အိမ်ကိုလည်း သွားမြဲလာမြဲအတိုင်းသွား။ သူ့မိဘတွေနဲ့ မင်းနဲ့လည်း ခင်နေတာပဲဟာကို၊ အဲ ... အရေးကြီးတာက ညိုမြနဲ့ နှစ်ယောက်ချင်း တွေ့ပြီး စကားပြောဖြစ်အောင် ကြိုးစား၊ အဲဒါပဲ"

"ငါလည်း ညိုမြဆီဖုန်းဆက်ပြီး နှင့်အပေါ်ထားတဲ့သဘောထားကို မသိမသာ တီးခေါက်ပေးပါ့မယ်ဟာ ... ဟုတ်ပြီလား"

နှစ်ယောက်စလုံးကတော့ အားပေးနေကြလေပြီ။ အိုးဝေ စိတ်ထဲ၌ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ပြန်ဖြစ်ထွန်းကာ အားရှိလာသလို ခံစားလိုက်ရ၏။

ထို့ကြောင့် အသက်ကို ဝဝရှူလိုက်ရင်း ...

"အေးကွာ ... ငါကြိုးစားမယ်၊ နောက်ဆုံး ညိုမြ ငါ့ကို ပြန်မချစ်ရင်တောင် သူ ငါ့အပေါ်မြင်နေတဲ့ ကြိုဟ်ကောင်ဆိုတဲ့အမြင်ကို ရအောင် ဖယ်ရှားပစ်မယ်"

"ဒါပဲပေါ့ကွ ... အဲလိုနေစမ်းပါ၊ သေတာတောင် ဝမ်းသွားမရပ်တဲ့ မသာလို နေမနေစမ်းပါနဲ့"

အရေးထဲ ပေးလာသော ဥပမာကြောင့် နင်ရသေးတော့သည်။ မည်သို့ပင်ဖြစ်စေ။

■



## (၁၅)

နောက်နေ့မနက်ကျတော့ အိုးဝေ ကွမ်းယာဘူးလေးကိုင်ပြီး မောင်းတင်ကာ ညိုမြတို့အိမ်သို့ ထွက်လာခဲ့၏။ မောင်းတင်လာသည်ဟု ဆိုခဲ့သည့်အတိုင်း အများကြီး စဉ်းစားလာခဲ့သည်၊ ယုံကြည်မှုလည်း အပြည့်။

ညိုမြတို့အိမ်ရောက်လျှင် သူ့အမေအား ကွမ်းယာဘူးပေးရင်း အချိန်ဆွဲကာ စောင့်ကြည့်ပွားနေလိုက်မည်။ ပြီးမှ ... ညိုမြဈေးသွားလျှင် လိုက်သွားကာ စကားပြောမည်။ ဒါမှမဟုတ် ဆိုင်ဖွင့်လျှင်လည်း ဆိုင်ထဲသွားကာ စကားပြောမည်ပေါ့။ ပြောမည့်စကားများကိုလည်း စိတ်ထဲ၌ စီထားပြီးသား ဖြစ်၏။

သို့သော် ...

ကိုယ်လိုရာခရီးကို တန်းတန်းမတ်မတ် မသွားလိုက်ရ။ လမ်းမှလတ်



www.burmeseclassic.com

www.burmeseclassic.com

မှာ အနောင့်အယှက် အတားအဆီးက ပေါ်လာသေးသည်။ တခြားတော့ မဟုတ်။ လက်ရှိရာထူးကို အာသာငမ်းငမ်း ဖက်တွယ်ထားသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုစိုးနိုင်နှင့် လမ်းမှာ တိုက်တိုက်ဆိုင်ဆိုင် မျက်နှာချင်းဆိုင်သွားဆုံမိခြင်းဖြစ်၏။

အိုးဝေကို တွေ့တွေ့ချင်း ကိုစိုးနိုင်က ...

"ဟာ အိုးဝေ ... အတော်ပဲကွာ၊ လာ ... လက်ဖက်ရည်ဆိုင်သွားရအောင်"

ဖက်လဲတကင်း ဖိတ်ခေါ်ခြင်းဖြစ်သည်။ သို့သော်လည်း ကိုယ့်မှာက ကိုယ့်ကိစ္စနှင့်ကိုယ်မို့ အိုးဝေက ခေါင်းခါလိုက်ရင်း ...

"တော်ပါပြီဗျာ၊ ကျွန်တော် အိမ်က ထမင်းကြော်စားလာပြီးပြီမို့ ကိုစိုးနိုင် ဗိုက်ဆံအပိုကုန်နေပါဦးမယ်"

စကားအဆုံးမှာ ကိုစိုးနိုင်က မျက်နှာမဲ့လိုက်ရင်း ...

"မင်းကိုလည်း လက်ဖက်ရည် အတင်းမတိုက်ပါဘူးကွာ၊ ခုဏ စကားပြောဖို့ခေါ်တာ၊ တိတိကျကျပြောရရင် မေးစရာရှိလို့ ခေါ်တာ၊ ရှင်းပြီလား။ လာလိုက်ခဲ့"

ကြွင်းကျန်နေသေးသော အာဏာရှင်စနစ်ဓါလေ့သံဖြင့် အမိန့်ပေးကာ ခေါ်နေခြင်းဖြစ်သည်။ အဲဒီခေတ်တွေကုန်နေပြီ ... စဉ်းစားလေ့ဦးတောင်းဦးဟု ပြန်ပြောမည် ကြံလိုက်ပြီးမှ အကျယ်အကျယ် မငြိမ်းဖွယ်သကဲ့သို့ စကားရှည်နေမှာစိုးသဖြင့် ...

"ပြီးရောဗျာ ... လိုက်ခဲ့မယ်"

ကိုစိုးနိုင်က ရပ်ကွက်အုပ်ချုပ်ရေးမှူးအပြုံးနှင့် တစ်ချက်ပြုံးသည်။





ပြီး မေးဆတ်ကာ သွားမည်ဟု အချက်ပြလာ၏။

လက်ဖက်ရည်ဆိုင်ထဲရောက်တော့ ကိုစိုးနိုင်သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးပီသစွာ လက်ဖက်ရည်နှင့်မုန့်ကို သူ့အတွက်ပဲ မှာပြီး အရင်စားသုံးလိုက်သေးသည်။ အိုးဝေမှာ စိတ်မရှည်စွာ ထိုင်စောင့်နေရ၏။ စားသောက်ခြင်းအမှု ပြီးစီးတော့မှ ကိုစိုးနိုင်က ပါးနားသပ်လိုက်ရင်း အိုးဝေကို ကြည့်လျက် ...

"ငါလို ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ယောက်က မေးစရာရှိတယ်ဆိုလို့ သိပ်လည်းလန့်မနေပါနဲ့ကွာ၊ ငါက မင်းရဲ့ပါစင်ဂျာကိုပဲ မေးမှာပါ"

အိုးဝေ ကြောင်တက်တက်ဖြစ်သွားရပြီး ...

"ဘာလဲဗျ ကျွန်တော့်ရဲ့ပါစင်ဂျာဆိုတာ၊ ပါစင်ဂျာရှိရအောင် ကျွန်တော်က ဆိုက်ကားလည်း မနင်းဘူး။ တက်စီလည်း မမောင်းဘူး"

စကားအဆုံးမှာပဲ ကိုစိုးနိုင်က လက်ကာပြရင်း ...

"ဟာ ... ဆောရီး ဆောရီး၊ ငါပြောတာက မင်းရဲ့ပါစင်နယ်ပါ၊ စကားမှားသွားလို့"

"ခင်ဗျားဗျာ ... ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ယောက်လုပ်နေပြီးတော့ ဒါလေးတောင် ခွဲခြား ..."

စကားပင် မဆုံးလိုက်ချေ။ ကိုစိုးနိုင်မျက်နှာတစ်ခုလုံး မည်းထွက်သွားပြီး ချက်ချင်းပဲ ...

"ဟေ့ကောင် အိုးဝေ ... ရပ်ကွက်အုပ်ချုပ်ရေးမှူးလည်း လူပဲကွ၊ မှားတဲ့အခါလည်း မှားမှာပေါ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဆိုပြီး အကုန်သိနေမယ်, တတ်နေမယ် ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com

အရေးထဲ ဂုဏ်ပုဒ်တွေကိုလာဖော်ပြနေသေးသည်။ အိုးဝေက ရယ်လိုက်ရင်း . . .

"ဟုတ်ပါပြီဗျာ၊ ကဲ ကိုစိုးနိုင် . . . ကျွန်တော့်ကို မေးမယ်ဆိုတာက ဘာလဲ"

ချက်ချင်းဆိုသလို ကိုစိုးနိုင်၏မျက်နှာက ပြန်တည်သွားသည်။ အိုးဝေကိုလည်း စူးစိုက်ကြည့်လာပြီး . . .

"အေး . . . ဒါပေမဲ့ ငါအုပ်ချုပ်နေရတဲ့ ရပ်ကွက်ထဲမှာတော့ အစ်ကိုတာနီးပါးကအစ ငါသိတယ်၊ မင်းကိုမေးချင်တာကကွာ . . . ဟိုတစ်ခါ မင်းနဲ့အတူ ရုံးမှာ ပြဿနာလာရှင်းကြတဲ့ ကောင်မလေးကို မင်းလိုက်ကြောင်နေတယ်ဆို"

အိုးဝေ အံ့ဩသွားရ၏။ ဒါသည် အုပ်ချုပ်ရေးမှူးကိုင်နှင့် ဆိုင်သော မေးခွန်းမဟုတ်ချေ။

သို့သော်လည်း မေးလာ၍ ဖြေလိုက်ပါသည်။

"ကြောင်တာမဟုတ်ပါဘူးဗျာ၊ ကြိုက်လို့လိုက်နေတာပါ၊ အဲဒါ ဘာဖြစ်လို့လဲ"

မကြိုက်နဲ့။ ငါလည်းကြိုက်နေတာဟု ကိုစိုးနိုင်က မဖြေချေ။ ဖြေလာလျှင်လည်း အိုးဝေက ရပ်ကွက်အုပ်ချုပ်ရေးမှူးသော ဘာသော စဉ်းစားနေမည်မဟုတ်။ ပြိုင်လိုက်ရန် စိန်ခေါ်လိုက်မည်သာ ဖြစ်သည်။

ခုတော့ ကိုစိုးနိုင်၏အဖြေက တခြား။

"ဒီလိုပဲ သတင်းကြားလို့ သေချာအောင် မေးကြည့်တာပါကွာ၊ ငါ့အနေနဲ့ ကိုယ့်ရပ်ကွက်ထဲမှာ ဘာဖြစ်တယ်ဆိုတာကို သိထားသင့်တယ်





မဟုတ်ဘူးလား။ ဒါပေမဲ့ . . . တစ်ခုတော့မှာထားမယ်ကွာ၊ ဟိုကောင် ညိုမောင်တုန်းကလို ရုံးကိုလာတိုင်တာမျိုးတော့ မဖြစ်စေချင်ဘူးကွာ၊ အဲဒီအမှုတွေက ရှင်းရခက်တယ်"

"စိတ်ချပါ ကိုစိုးနိုင်ရယ်၊ ကျွန်တော့်အကြောင်း ကိုစိုးနိုင်လည်း သိပါတယ်၊ ကိုညိုမောင်လို အရူးတူလုပ်ရပ်မျိုးတော့ ကျွန်တော် မလုပ်ပါဘူး"

စကားအဆုံးမှာ ကိုစိုးနိုင်က ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီး . . . ဆက်မေးလာသေး၏။

လျှာရှည်သည်ဟု ပြောလျှင်လည်း ရသည်။

"ဒါနဲ့ . . . ခု မင်းနဲ့ ကောင်မလေးရဲ့ အခြေအနေက ဘယ်လိုလဲကွ၊ အနေအထားလေး ပြောပြစမ်းပါဦး"

အိုးဝေက တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး . . .

"အင်း . . . အဖြေရခက်တဲ့ မေးခွန်းပဲဗျ၊ အဲ . . . နိုင်ငံရေးစကားနဲ့ နှိုင်းယှဉ်ပြောရရင် ရှေ့ကိုတော့ ဆက်သွားနေတယ်၊ နောက်ကြောင်းပြန်မလှည့်အောင်လည်း ကြိုးစားနေတယ်ပေါ့"

"ဘာတွေလဲကွာ . . . မင်းစကားကလည်း"

ကိုစိုးနိုင် ခေါင်းကုတ်တော့သည်။ အိုးဝေက ထိုင်နေရာမှ ထလိုက်ရင်း . . .

"အဲဒါတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ယောက်ရဲ့ ဦးနှောက်နဲ့ ကိုစိုးနိုင် စဉ်းစားကြည့်တော့ဗျာ၊ ကျွန်တော် သွားပြီ"

ပြောပြီး . . . အိုးဝေလှည့်ထွက်လာခဲ့၏။ နောက်ဘက်မှ လှမ်း



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်သော ကိုစိုးနိုင်၏စကားကြောင့် . . . အိုးဝေ တွန့်သွားရသေးသည်။

"ဟော့ကောင် . . . မင်းကိစ္စကို ဟိုကောင်ညှိုမောင်လည်း သိတယ်နော်၊ ဖြတ်ခုတ်တယ်ဆိုပြီး မင်းကို အဲကောင်က သိပ်ကျေနပ်တာ မဟုတ်ဘူးကွ၊ တွေ့ရင် အကျိုးအကြောင်း ရှင်းပြလိုက်ဦး၊ ကြားလား"

■

## (၁၆)

ကိုစိုးနိုင်၏လှုကွဲ့ထောင်ချောက်မှာ မိနေခြင်းကြောင့် အချိန်အတော်လင့်သွားသည်။ ဒီအချိန်ဆိုလျှင် ညိုမြ ဈေးကပင် ပြန်ရောက်နေပြီလားမသိ။ အခြေအနေရ ကြည့်ကျက်လှုပ်ရှားရမှာပဲဟု တွေးကာ အိမ်ထဲဝင်လာခဲ့လိုက်၏။

အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်ကာ စာဖတ်နေသော ညိုမြ၏ အဖေကို အသင့်တွေ့လိုက်ရပါသည်။

အိုးဝေက အသံပြုလိုက်၏။

"ဦးလေး . . . ကွမ်းယာလာပို့တာခင်ဗျ"

အသံကြားလိုက်ရသောကြောင့်လားမသိ၊ ဖတ်လက်စစာအုပ်ကို ဘေးချပြီးကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

အိုးဝေကိုမြင်တော့ ပြုံးကာ ခေါင်းညိတ်ရင်း …

"ဪ အေး … မောင်အိုးဝေ လာလေကွာ၊ မင်းလည်း အလုပ်များနေတယ်ထင်တယ်၊ အိမ်ဘက်တောင်မရောက်ဘူး"

အိုးဝေက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ကာ ကွမ်းယာဘူး လှမ်းပေးလိုက်ပြီး …

"အလုပ်များတယ်လို့လည်း မဟုတ်ပါဘူး ဦးလေးရယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့ကိစ္စကို လိုက်ကူညီပေးနေလို့ပါ၊ ဆိုင်ကတစ်ယောက် မနက်တိုင်း ကွမ်းယာလာပို့တယ် မဟုတ်လား ဦးလေး"

"အေး … ပို့ပါတယ်ကွာ၊ ဒါပေမဲ့ … မင်းနဲ့ကျတော့ စကားလေးဘာလေး ပြောနေကျလေ၊ အဲဒါကြောင့်ပါ"

"ဟုတ်ကဲ့၊ နောက်နေ့တွေဆိုရင် ကျွန်တော်ပဲ လာပို့မှာပါ"

ပြောရင်းက အိမ်ထဲဆီသို့ မသိမသာငဲ့၍ အကဲခတ်ကြည့်သေးသည်။ တစ်အိမ်လုံး တိတ်ဆိတ်ပြီး လှုပ်ရှားမှုမတွေ့ရ။ နောက်ပြီး အိမ်ရှေ့တံခါးဆိုင်ကလည်း ပိတ်ထားသေးသည်။ ဘလိုင်းကြီးမေးရအောင်လည်း အိုးဝေ နှုတ်မရဲလှ။

ထိုစဉ်မှာပဲ ညိုမြ၏အမေက …

"မောင်အိုးဝေရေ … ခုတစ်လော ဂျာနယ်တွေထဲမှာလည်း တို့နိုင်ငံထဲကို ခိုးဝင်လာတဲ့ ဘင်္ဂါလီတွေ, တရုတ်တွေအကြောင်းပဲ ဖတ်နေရတယ်၊ တော်တော်ဆိုးဆိုးပါကွာ၊ တချို့ဘင်္ဂါလီတွေဆိုရင် ရဟန်းအသွင်ဆောင် သင်္ကန်းအရောင်ခြုံပြီးတောင် ဝင်လာကြတာကွ"

"ဟုတ်ပါ့ ဦးလေးရာ၊ သန်းခေါင်စာရင်းကောက်တော့မှပဲ ပိုဆိုး





နေတယ်၊ ကျွန်တော်စဉ်းစားမိသလောက်တော့ အဖက်ဖက်က လိုနေတာဗျ"

"အေး … ပြောစမ်းပါဦး"

"ကျွန်တော် ဖတ်ဖူးသလောက် အမေရိကန်မှာ ဗဟိုသန်းခေါင်စာရင်းဥပဒေအရ သူတို့ပြည်နယ်ထဲကိုဝင်လာတဲ့ ဒုက္ခသည်တွေဟာ သုံးဆယ့်ရှစ် (၃၈) စက္ကန့်မှာ တစ်ယောက်နှုန်းနဲ့ ဝင်နေတယ်တဲ့"

"ဟေ"

"ဒါပေမဲ့ … သူ့နိုင်ငံရဲ့ဒုက္ခသည် မူဝါဒအရ တစ်နှစ်ကို ဒုက္ခသည် သုံးသိန်းလောက် တရားဝင်လက်ခံနေတယ်လေ၊ ပြီးတော့ … သူတို့ရဲ့အတွေးကလည်း အဲဒီဒုက္ခသည်တွေထဲကနေ သူတို့နိုင်ငံကို ခေါင်းဆောင်မယ့် ကမ္ဘာကြီးကို ပြောင်းလဲပေးနိုင်တဲ့ မဟာလူသားတွေ ထွက်ပေါ်လာနိုင်တယ်လို့ ယူဆတာကိုး"

"ဒါကတော့ကွာ အမေရိကန်နိုင်ငံဆိုတာက ဒီမိုကရေစီအုတ်မြစ်ကခိုင်နေပြီလေ၊ တို့နိုင်ငံထဲ ခိုးဝင်လာတဲ့ကောင်တွေကတော့ ကောင်းတဲ့ကောင်တွေမဟုတ်ဘူးကွ၊ မတရား ကုပ်သွေးစုပ်ဖို့, နယ်မြေတောင်းဖို့ဆိုတဲ့ အကြံတွေနဲ့ ခိုးဝင်လာကြတာ"

အိုးဝေက ခေါင်းညိတ်လိုက်ရင်း …

"အဲဒါတော့ အမှန်ပဲ ဦးလေးရေ၊ ဟိုတစ်ရက်ကတောင် စာစောင်မှာဖတ်လိုက်ရသေးတယ်၊ မြန်မာပြည်ထဲကို တစ်မိနစ်မှာ ဘင်္ဂါလီတစ်ယောက်နဲ့ တရုတ်တစ်ယောက် ခိုးဝင်နေတယ်ဆိုပဲ၊ အဲဒီအတိုင်းဆိုရင်တော့ ဦးလေးနဲ့ ကျွန်တော် စကားပြောနေတဲ့ ငါးမိနစ်လောက်အချိန်ထဲမှာ ဘင်္ဂါလီငါးယောက်နဲ့ တရုတ်ငါးယောက် ကျွန်တော်တို့နိုင်ငံထဲ ခိုးဝင်ပြီး ရောက်နေလောက်ပြီ"

www.burmeseclassic.com



စကားအဆုံးမှာ ညိုမြအဖေက တဟားဟားရယ်တော့သည်။

ပြီးမှ . . .

"မောင်အိုးဝေရာ . . . မင်းကတော့ တွေးလည်းတွေးတတ်တဲ့ ကောင်ပဲ၊ ငါ မင်းစကားကို သဘောကျလို့ ရယ်လိုက်ပေမယ့် ဒီကိစ္စဟာ တိုင်းပြည်အတွက် အရေးကြီးတဲ့ကိစ္စပဲကွ"

ပြောရင်းက ညိုမြအဖေ ငြိမ်ဆိတ်ကာ စဉ်းစားသွားသည်။ ခဏ လောက် အသာစောင့်လိုက်ပြီးမှ အိုးဝေက သူသိချင်တာကို သွယ်ဝိုက်၍ မေးလိုက်၏။

"ဦးလေး . . . ဒေါ်ဒေါ်ရော နေကောင်းသွားပြီလား။ မတွေ့မိလို့"

"အေး . . . ကောင်းသွားပါပြီကွာ၊ ခုတောင် သူတို့သားအမိတွေ ဘုရားသွားကြလေရဲ့၊ မောင်မျိုးသူရကလည်း သူ့ကားနဲ့ လိုက်ပို့ပေးမယ်ဆို လို့လေ"

"ဪ"

အိုးဝေ ခပ်တိုးတိုးပဲ အသံပြုလိုက်သည်။ အိုးဝေစိတ်ထဲ သိချင် နေသောကိစ္စတစ်ခုကို ညိုမြအဖေက မမေးဘဲဖြေလာပါသည်။

"အဲဒီ မျိုးသူရဆိုတဲ့ ကောင်လေးကလည်း တို့မိသားစုအပေါ် ခင်ရှာသားကွ၊ မင်းဒေါ်ဒေါ် မူးလဲပြီးကတည်းက အိမ်ကို ခဏခဏ သတင်း မေးဖို့လာတာ၊ လာရင်လည်း စားစရာသောက်စရာတွေ ဝယ်ဝယ်လာလို့ မနည်းတားထားရတယ်"

"သူလည်း ဦးလေးတို့မိသားစုအပေါ် ခင်လို့ဖြစ်မှာပါ"

"အင်း . . . ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ကွာ . . . အိမ်မှာက





သမီးပျိုလေးရှိနေတော့ ပတ်ဝန်းကျင်အမြင်မှာ တစ်မျိုးဖြစ်မှာစိုးလို့ပါ"

"အဲလောက်လည်း တွေးပူမနေပါနဲ့ ဦးလေးရယ်၊ ဦးလေးင့် အမြင်မှာ အဲဒီတစ်ယောက်က ရိုးရိုးသားသားလာတယ်ဆိုရင် ပြီးတာပဲလေ ကဲ ဦးလေး . . . ကျွန်တော်လည်း ပြန်လိုက်ဦးမယ်ဗျ၊ နောက်နေ့မှပဲ ကွမ်း ယာ ထပ်လာပို့ပါ့မယ်"

"အေး အေး . . . မောင်အိုးဝေ"

နှုတ်ဆက်ပြီး အိုးဝေထွက်လာခဲ့သည်။ လမ်းတစ်လျှောက် အတွေး များစွာကလည်း ဖိစီးကာ ကပ်ပါလာကြ၏။ မျိုးသူရဆိုသောလူ ညိုမြတို့ အိမ်ကို ခဏ ခဏ ဝင်ထွက်နေသည်မှာ ရိုးရိုးသားသားပဲလား။ ဒါမှမဟုတ် . . .။ အိုးဝေ ဆက်မတွေးရဲတော့။

လေးလံသောအရာတစ်ခု ရင်ထဲပြုံကျလာသလို ခံစားလိုက်ရပြီး အိုးဝေ လေပူကြီးပဲ မှုတ်ထုတ်လိုက်မိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ညနေပိုင်း သီဟနှင့်ချိန်းကာ ဆုံဖြစ်သည်။ ဘီယာဆိုင်တစ်ဆိုင်မှာ ဖြစ်၏။ တစ်နေ့လုံး ပူထားသဖြင့် ညနေထိအောင် အပူဓာတ်က ကြွင်းကျန်နေခဲ့ဖြစ်သည်။ အရင့်အရင်နှစ်တွေဆီက ညနေ ညနေဆိုလျှင် တိုက်ခတ်တတ်သော လေပြည်လေညင်းတွေပင် ဘယ်အနား ပုန်းကွယ်နေပြီလဲမသိ။ ရာသီဥတုကတော့ တစ်နှစ်ထက်တစ်နှစ် အပူလွန်ကာနေသည်။ လူတွေ အတ္တကြီးကာ စည်းကမ်းမဲ့နေမှတော့ ရာသီဥတုကလည်း ဖောက်ပြန်ပြီပေါ့။

ခုလည်း ဆိုင်မှာ နှစ်ယောက်သား ထိုင်လိုက်ကြရင်း အေးစိမ့်နေသော ဘီယာနှစ်ခွက် အရင်မှာလိုက်ကြသည်။

အိုးဝေက ဘီယာတစ်ငုံ ငုံလိုက်ရင်း မနက်က သူ ညိုမြတို့အိမ် သွားခဲ့သည့်ကိစ္စကို ပြန်ပြောပြလိုက်၏။





သီဟက ငြိမ်ကာ နားထောင်နေပြီးမှ စကားဆုံးတော့ ဘီယာခွက်ကို မော့ကာ သောက်လိုက်သည်။ ပြီးမှ . . .

"အေးကွ . . . မင်းပြောတဲ့အတိုင်းဆိုရင် ဒီကိစ္စဟာ မင်းအတွက်ပေါ့ သေးသေးတော့မဟုတ်ဘူး။ ပြီးတော့ ငါကြားထားတာလည်း ရှိသေးတယ်"

"ဟင် . . . ဘာများလဲ သီဟ"

သီဟက သက်ပြင်းအရင်ချလိုက်ပြီး . . .

"ငါကြားတာကကွာ အဲဒီ မျိုးသူရဆိုတဲ့လူက ခုရက်ပိုင်းတွေမှာ ညိုမြတို့အိမ်ကို အဝင်အထွက်စိတ်နေတယ်တဲ့။ ကားကြီးနဲ့ လာတော့လည်း ရပ်ကွက်ထဲကလူတွေက သတိထားမိတာပေါ့ကွ"

စကားအဆုံးမှာတော့ အိုးဝေလည်း လေပူမှုတ်ထုတ်ရတော့၏။ အတန်ကြာငိုင်ကာ ငြိမ်နေပြီးမှ . . .

"ဟုတ်တယ် သီဟ . . . အဲဒီလူ ညိုမြအိမ်ကို အဝင်အထွက် လုပ်နေတာ ငါ့အတွက်တော့ အရေးကြီးတယ်၊ ငါ သူများကို မနာလိုဖြစ်လို့ ပြောတာတော့ မဟုတ်ပါဘူး။ မျိုးသူရဟာ ရလိုမှုမရှိဘဲ ဒီလောက်ထိ လာပတ်သက်နေမှာမဟုတ်ဘူး။ ငါထင်တာမလွဲရင် ညိုမြကြောင့် သူလာနေတာပဲ ဖြစ်ရမယ်"

"ဟာ မင်းကလည်း . . . ဒီကိစ္စက ထင်နေစရာတောင် မလိုဘူး။ ဘယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေတာပဲဥစ္စာ၊ ဒီတော့ မင်းလည်း အချိန်ဆွဲမနေတော့နဲ့၊ မင်းကိစ္စကို ညိုမြဆီက အဖြေအမည်း ကွဲကွဲပြားပြား သိရအောင် အမြန်လုပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... ငါ ကြိုးစားပါ့မယ်"

အိုးဝေ စကားဆုံးတော့ သီဟာက ရင်မောရစေမည့် မှတ်ချက်တစ်ခု ချလာသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ အရေးကြီးတာကတော့ ညိုမြရဲ့စိတ်ပဲ။ ခုချိန်ထိတော့ မင်းလည်း ကြိုးစားရင် မျှော်လင့်လို့ရသေးပါတယ်၊ မင်း ဘက်က ရပ်လိုက်ရင်တော့ ဂိုးပြီပဲ အိုးဝေ ... အဲဒါတော့ မင်း မှတ်ထား အိုးဝေ"

■

## (၁၈)

ထိုရက်ပိုင်းအတွင်း အိုးဝေနှင့် ထိပ်တိုက်မတွေ့သဖြင့် အတော် စိတ်လက်ပေါ့ပါးမည်ဟု ညိုမြထင်ထားခဲ့သော်လည်း တကယ်တမ်းကျတော့ ဟာတာတာပင်ဖြစ်နေမိသေးသည်။ ဒီကြားထဲ စိတ်ရှုပ်ရသောကိစ္စက ပေါ် လာသေး၏။ တခြားတော့မဟုတ် ...။ မျိုးသူရသည် မေမေ့ကျန်းမာရေးကို အကြောင်းပြကာ နေ့စဉ်နီးပါး အိမ်သို့ ဝင်ထွက်သွားလာနေသောကြောင့် ဖြစ်လေသည်။

မေမေနှင့်ဖေဖေတို့က ရိုးသားအားနာတတ်သူတွေဖြစ်သဖြင့် မျိုး သူရအပေါ် ဘယ်လိုမှ သဘောမထားသော်လည်း ညိုမြစိတ်ထဲမှာတော့ တစ်ခုခုကို ကြိုမြင်သလို ထင့်နေမိသည်။

အကြွေးသွားသိမ်းသည့်ရက်တွေဆိုလျှင်လည်း မျိုးသူရ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်နှင့် ကြုံနေသဖြင့် လိုက်ပို့ပေးနေတာပင် နှစ်ခါ သုံးခါရှိနေပြီ။

ထိုသို့ကြုံလာလျှင်တော့ ညိုမြ စိတ်ညစ်ရတော့၏။ ပိုက်ဆံသိမ်းပြီး လျှင် မျိုးသူရက ဆိုင်တစ်ဆိုင်ဆိုင်၌ မုန့်စားရန်ဆိုပြီး အတင်းခေါ်သော ကြောင့် ဖြစ်သည်။ အမှန်အတိုင်းပြောရလျှင် ညိုမြ မထိုင်ချင်သော်လည်း မေမေ့မျက်နှာဖြင့် အားနာကာ ဝင်ထိုင်ဖြစ်သည်။ ထိုအခါမျိုးမှာဆိုလျှင်တော့ မျိုးသူရက တော်ကီလွှတ်တော့၏။

ဒီနေ့လည်း ပိုက်ဆံသိမ်းပြီးအပြန် ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ဖြစ် တော့ မျိုးသူရက ...

"ဒီရက်ပိုင်းတွေထဲမှာ အန်တီလည်း နေမကောင်းတော့ ညိုမြ တော်တော်ပင်ပန်းမှာပဲနော်"

ညိုမြက မပြုံးမရယ်တဲ့ ခပ်တည်တည်ပုံစံလေးနှင့် ပြန်ပြောလိုက်၏။

"အဲလိုလည်း မဟုတ်ပါဘူး ကိုမျိုးသူရ၊ ကျွန်မစိတ်ထဲ တာဝန်ပို တယ်လို့ မတွေးမိပါဘူး။ ပြီးတော့ ကျွန်မက အပြင်မှာ အလုပ်လုပ်နေတာမှ မဟုတ်တာ"

"အင်းလေ ... အဲဒါလည်း ဟုတ်ပါတယ်၊ အိမ်မှာနေတော့လည်း အိမ်မှုကိစ္စတွေ ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်တာပေါ့၊ ဒါနဲ့ ညိုမြက သူများ တွေလို အပြင်ကုမ္ပဏီတို့ဘာတို့မှာ အလုပ်လုပ်ချင်စိတ် မရှိဘူးလား"

စကားအဆုံးမှာ ညိုမြက ပခုံးအသာတွန့်လိုက်ရင်း ...

"အမှန်အတိုင်းပြောရရင် သူငယ်ချင်းတွေကလည်း အပြင်မှာ အလုပ်လုပ်နေကြတော့ တစ်ခါတလေတော့လည်း လုပ်ချင်စိတ်ဖြစ်မိပါ တယ်"





"ဟုတ်လား ... လုပ်ချင်ရင် ပြောလေ၊ ကျွန်တော် ကူညီပေးပ့ မယ်၊ ကျွန်တော့်မှာ လုပ်ငန်းရှင်အသိတွေ အများကြီးရှိတယ်ဗျ"

ညိုမြ ခေါင်းအသာခါလိုက်သည်။

"နေပါစေတော့ ကိုမျိုးသူရ၊ ကျွန်မက စကားအဖြစ် ပြောတာပါ၊ တကယ်တမ်းလုပ်ဖြစ်မှာလည်း မဟုတ်ပါဘူး။ ခုလို မေမေ ကျန်းမာရေး မကောင်းတာမျိုးဆိုရင် ပိုလို့တောင် မဖြစ်သေးတယ်"

"ကျွန်တော်လည်း စာနာပါတယ်ဗျာ၊ အန်တီတို့အရွယ်ကလည်း သိတဲ့အတိုင်း သွေးတိုးတို့, ဆီးချိုတို့က ခြောက်လှန့်လာပြီလေ"

မျိုးသူရစကားအဆုံးမှာတော့ ညိုမြက သူစဉ်းစားထားသည့် ကိစ္စကို ပြောရန် စကားစလိုက်၏။

"ကိုမျိုးသူရကို ကျွန်မ တစ်ခုလောက်ပြောချင်တယ်"

"ပြောလေ ညိုမြ ... ဘာများလဲ"

ညိုမြ ...

"ကိုမျိုးသူရအနေနဲ့ မေမေ့အပေါ်မှာရော ကျွန်မတို့မိသားစုအပေါ် မှာ ဆွေမျိုးတစ်ယောက်လို သဘောထားတာ ကျွန်မနားလည်ပါတယ် ကျေးဇူးလည်းတင်ပါတယ်၊ ပြီးတော့ ကိုမျိုးသူရက ကားတစ်စီးနဲ့ ကျွန်မတို့ အိမ်ကို အမြဲဝင်ထွက်နေတော့ ပတ်ဝန်းကျင်အမြင်မှာ ပြောစရာများ ဖြစ်နေ မလားလို့ ကျွန်မတို့ ဒီရပ်ကွက်ထဲ ပြောင်းလာတာကလည်း မကြာသေးဘူး ဆိုတော့လေ"

မျိုးသူရ မသိမသာ မျက်နှာပျက်သွားသည်။ ညိုမြကိုလည်း စူး စိုက်ကြည့်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ညိုမြ . . . ညိုမြက ကျွန်တော့်ကို ညိုမြတို့အိမ် မလာနဲ့တော့လို့ သွယ်ဝိုက်ပြီး ပြောတာလား"

ခေါင်းခါလိုက်ရင်း ညိုမြက . . .

"အဲလိုလည်း မဟုတ်ပါဘူး ကိုမျိုးသူရ၊ ကျွန်မဆိုလိုချင်တာက တစ်မျိုးပါ၊ ပြောရရင် ကျွန်မက မိန်းကလေးဆိုတော့ ပြောစရာဖြစ်လာရင် ကျွန်မကိုပဲ ပြော . . ."

စကားမဆုံးခင်မှာဘဲ မျိုးသူရက လက်ကာပြကာ ဖြတ်ပြောလာသည်။

"ခဏလေး ညိုမြ . . . ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ အန်တီမူးလဲကျတုန်းက တိုက်ဆိုင်လို့ ကူညီခဲ့ပေမယ့် ခုလို ညိုမြတို့ အိမ်ကို ဝင်ထွက်နေတာ အန်တီ့ကျန်းမာရေးတစ်ခုတည်းကြောင့် မဟုတ်ဘူး"

"ရှင်"

"ဟုတ်တယ် ညိုမြ၊ ကျွန်တော် ခုလို လာနေတာ ညိုမြကို တွေ့ချင်လို့၊ စိတ်ဝင်စားလို့၊ ညိုမြကို ချစ်လို့လာနေတာ"

"ရှင်"

ထပ်ကာ အာမေဋိတ်တမိတော့သည်။ စိတ်ထဲ အလန့်တကြားဖြစ်ကာ တုန်လှုပ်သွားရ၏။ ရုတ်တရက် ဘာပြန်ပြောရမည်ကိုလည်း စကားကရှာမရ။

ညိုမြကိုကြည့်ကာ မျိုးသူရကပဲ . . .

"ဒီစကားပြောတာ စောတယ်လို့ မထင်လိုက်ပါနဲ့ဗျာ၊ ကျွန်တော့်စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောတာပါ၊ ဒါနဲ့ . . . ညိုမြမှာ ချစ်သူတွေဘာတွေတော့ မရှိပါဘူးနော်"

ထိုစကားကြောင့် ညိုမြအတွေးထဲ မဆီမဆိုင် အိုးဝေကို ဖျတ်ခနဲမြင်ယောင်မိလိုက်သည်။ ထို့ကြောင့် . . .

"မရှိပါဘူး ကိုမျိုးသူရ ဒါပေမဲ့"

"ဆက်မပြောပါနဲ့တော့ ညိုမြရယ်၊ အဲဒီ ဒါပေမဲ့တွေကို ကျွန်တော် နားမထောင်ချင်ဘူး၊ ကျွန်တော့်ကိုစဉ်းစားပေးပါလို့ပဲ တောင်းဆိုချင်တယ်"

ညိုမြ ငြိမ်နေလိုက်သည်။ ပထမတော့ အိုးဝေ သူမကို ပရိုပို့စ်လုပ်ထားကြောင်း ပြောမည်ဆိုပြီး စဉ်းစားလိုက်သော်လည်း မပြောဖြစ်တော့။

မျိုးသူရက . . .

"ညိုမြ . . . ကျွန်တော်ပြောတာ ကြားပါတယ်နော်"

ညိုမြလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး . . .

"အင်း အဲ . . . ကြားပါတယ်၊ ဟို . . . ကျွန်မ စဉ်းစားမယ်လေ၊ ခုတော့ ပြန်ကြရအောင် ကိုမျိုးသူရ"

ပြောရင်းက ညိုမြ မတ်တတ်ရပ်ကာ လှည့်ထွက်လိုက်သည်။

ညိုမြ၏နောက်ကျောကို ကြည့်ရင်း မျိုးသူရက ကျေနပ်စွာ ဝင့်ခနဲတစ်ချက်ပြုံးလိုက်ပါသည်။

ထိုအပြုံးကိုတော့ ညိုမြတစ်ယောက် မမြင်မိလိုက်ပါချေ။

ထိုသို့ဖြင့်။

■





www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ညဘက် အိပ်ရာဝင်ခါနီးကျတော့ ဖုန်းဝင်လာသည်။ နံပါတ်ကြည့်လိုက်တော့ ကလျာနွေးဆီက။ အိပ်ရာထဲလှဲကာ ဖုန်းဖွင့်ကိုင်လိုက်ရင်း ညိုမြက ...

"ကလျာ ... ပြော၊ ဒီအချိန်ကြီး ဘာကိစ္စဖုန်းဆက်တာလဲ၊ အရေးကြီးကိစ္စရှိလို့လား"

တစ်ဖက်မှကလျာနွေးက ...

"ပြောစရာရှိလို့ပဲ ဆိုပါတော့ဟာ၊ ဒီရက်တွေထဲမှာ နားရက်လည်းမနားရဘဲ အချိန်ပိုဆင်းနေရတော့ နင်နဲ့မဆုံဖြစ်ဘူးလေ၊ အဲဒါကြောင့်ဖုန်းဆက်လိုက်တာပါ"

"ဪ အေး ... ငါလည်းထင်ပါတယ်၊ ခု နင်ပြောမယ့်ကိစ္စက





ဘာလဲ ပြောလေ"

ချက်ချင်းမပြောသေးဘဲ ကလျာနွေးဘက်က အသံတိတ်နေသေးသည်။ ပြီးမှ သက်ပြင်းချသံနှင့်အတူ ...

"ငါပြောချင်တာက အိုးဝေကိစ္စပါ"

"ဘယ်လို ဘယ်လို ... အိုးဝေကိစ္စ ... ဟုတ်လား။ သူက ဘာဖြစ်နေလို့လဲ"

"ညိုမြ၊ နင့်ကို အိုးဝေ ပရိုပို့စ်လုပ်ထားတယ်ဆိုတာ ငါတို့သိပြီးပြီ"

"ဟင်"

ညိုမြလည်း နည်းနည်းတော့ မျက်နှာပူသွားသည်။ သို့သော်လည်း ဖုန်းနှင့်ပြောနေရခြင်းမို့ တော်ပါသေးတယ်။

ကလျာနွေးကပဲ ဆက်၍ ...

"ညိုမြ ... နင်ရောအိုးဝေပါ ငါ့သူငယ်ချင်းတွေပါ၊ ခုပြောနေတာကလည်း နင်တို့နှစ်ယောက်ကို အောင်သွယ်လုပ်နေတာ မဟုတ်ဘူးနော်၊ ငါပြောချင်တာကဟာ အိုးဝေဟာ သူများတွေအတွက်ဆိုရင် လယ်ကီးကောင်းပေမယ့် နင်နဲ့ကျမှ သူ့မှာလည်း အလွဲလွဲအချော်ချော်တွေ ဖြစ်နေတယ်၊ ဒါပေမဲ့ သူ နင့်ကိုတော့ တကယ်ချစ်တာပါ"

"အဲဒါက ... သူ့ကိစ္စလေ၊ ငါက ဘာလုပ်ပေးရမှာလဲ"

"မဟုတ်သေးဘူး ညိုမြ ခု အိုးဝေဖြစ်နေတာက နင့်အချစ်ကိုလည်း သူ မျှော်လင့်နေတယ်၊ ပြီးတော့ နင် သူ့အပေါ် ဖြူဟ်ကောင်လို့ သတ်မှတ်ထားတာကိုလည်း သူ့စိတ်ထဲ ခံစားနေရတယ်"

စကားအဆုံးမှာ ညိုမြက ခပ်တိုးတိုးရယ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ ငါ တမင်ခေါ်တာမှမဟုတ်တာ၊ သူနဲ့ဆုံလိုက်တိုင်း ထောင်ယ်ဖြစ်ခဲ့တဲ့အပေါ်မှာ မူတည်ပြီး ခေါ်တာပဲလေ၊ ဘာလဲ . . . အဲလိုခေါ်တာကို အိုးဝေက မကျေနပ်လို့လား"

"မဟုတ်ပါဘူးဟာ . . . အိုးဝေက နင် သူ့အပေါ်မြင်နေတဲ့ အမြင်ကို ပြောင်းပစ်ချင်နေတာပါ၊ ဒါနဲ့ နင့်ဘက်ကကော အိုးဝေအပေါ် ဘယ်လိုသဘောထားလဲ ညိုမြ"

မေးခွန်းကြောင့် ညိုမြ တွေခနဲ ဖြစ်သွားသေးသည်။ ပြီးမှ . .

"ငါလည်းမသိဘူးဟာ၊ ငါ သူ့အပေါ် အသားလွတ်မုန်းတီးနေတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ . . . သူနဲ့ဆုံလိုက်ရင် ငါ့မှာ စိတ်အနှောင့်အယှက်တစ်ခုမဟုတ်တစ်ခု ဖြစ်ရတာ နင်လည်းအသိပဲ၊ နောက်ဆုံး သူနဲ့ဆုံတဲ့နေ့ကတောင် မေမေ မူးလဲတာကိုပဲကြည့်တော့"

"ညိုမြ . . . အဲဒါဆိုရင်တော့ နင့်စကားနဲ့နင့်ကို ပြန်ပြောရတော့မှာပဲ၊ အိုးဝေဟာ ဒီရပ်ကွက်ထဲကလူတွေနဲ့ ပတ်သက်လာရင် လာဘ်ကောင်လို့ ပြောကျတာကို နင် လက်မခံခဲ့ဘူး။ ခု နင့်အတွက်တော့ ဂြိုဟ်ကောင်ဆိုပြီး ခံယူထားတယ်။ ဒီတော့ . . . နင် စိတ်အနှောင့်အယှက်ဖြစ်ရတာကလည်း တိုက်ဆိုင်တာလို့ မယူဆဘူးလား"

ညိုမြ ခဏတော့ငြိမ်သွားသည်။ ကလျာနွေပြောတာလည်း သဘာဝကျပါသည်။ သို့သော်လည်း တိုက်ဆိုင်လွန်းနေသည်မို့ ညိုမြက သက်ပြင်းချရင်း ပြန်ပြောလိုက်၏။

"အေးဟာ . . . အဲဒီကိစ္စကိုလည်း ဘယ်လိုသုံးသပ်ရမှန်းတောင် မသိတော့ပါဘူး၊ တစ်ခါတလေတော့လည်း ငါ သူ့ကို ကောလိုက်ပြီးချင်





အားနာမိတာအမှန်ပဲ"

"အေးလေ . . . သူလည်း နင်ပြောသမျှကို ခံတာပဲလေ၊ ငါ ကြားထဲကနေ တစ်ခုလောက် တောင်းဆိုပါရစေ ညိုမြ . . . အိုးဝေက နင်နဲ့ အရမ်းတွေ့ချင်နေတယ်၊ သူကိုယ်တိုင်ပြောရင်လည်း နင်ငြင်းမှာကို သူသိနေတယ်၊ အဲဒါကို သူခံစားနေရတာဟ"

"ကလျာ . . . နင်ပြောတော့ အောင်သွယ်လုပ်နေတာ မဟုတ်ဘူးဆို"

"ဟုတ်ပါတယ်၊ အိုးဝေက သူ နင့်ကို ချစ်နေတဲ့ကိစ္စအတွက် ငါ့ကို ဘာအကူအညီမှ တောင်းတာမဟုတ်ဘူး။ ငါတို့မေးလို့ ပြောပြတာပဲ ရှိတယ်၊ အမြဲ ပျော်ပျော်ရွှင်ရွှင် စနောက်နောက်နေတတ်တဲ့ သူ့ကို ငိုင်ငိုင်တွေတွေ မြင်နေရလို့ပါဟာ၊ အဲဒါနဲ့ ငါလည်း သနားပြီး နင်နဲ့တွေ့လို့ရအောင် ချိန်းပေးမယ်ဆိုပြီး ကတိပေးလိုက်တယ်"

"ဟဲ့"

အာမေဍိတ်တလိုက်ပြီးမှ ညိုမြက ဒေါက်ဆတ်ဆတ် လေသံဖြင့်

"ကလျာ . . . နင်တော့နော် မပြောမပြောနဲ့ ပြောတော့လည်း အပိုင်ကြီးပြောခဲ့တာပါလား၊ နင် ကတိပေးခဲ့ပေမယ့် ငါက လက်မခံဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"အဲဒါဆိုရင်လည်း အိုးဝေရဲ့ကံပေါ့ဟာ၊ ဒါပေမဲ့လေ သူ့ဆန္ဒကို နင် တစ်ခါလောက်ဖြစ်ဖြစ် လိုက်လျောသင့်တယ်လို့ထင်တာပဲ၊ အိုးဝေနင်နဲ့ပတ်သက်ပြီးဖြစ်ခဲ့တာတွေက မတော်တဆနဲ့ တိုက်ဆိုင်တာတွေပါ၊ သူ နင့်အပေါ် တမင်လုပ်ခဲ့တာတွေမှ မဟုတ်တာဘဲလေ"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ ညိုမြ စဉ်းစားလိုက်၏။ ဟုတ်တော့လည်း ဟုတ်ပါသည်။ အိုးဝေ တမင်လုပ်ခဲ့ခြင်းမဟုတ်ဆိုတာကိုလည်း လက်ခံပါသည်။ သို့သော်လည်း အပြင်မှာတွေ့ရမည်ကို စိတ်ထဲ သိပ်မရဲလှ။ ကိုယ့်ကို ဟန်ဆောင်လုပ်ထားသည့်သူ ဖြစ်သည့်အပြင် စိတ်အနှောင့်အယှက် ထပ်ကြုံရမှာကိုလည်း စိုးရိမ်မိသည်။

ထိုသို့ စဉ်းစားနေချိန်မှာပဲ ကလျာနွေက ...

"တစ်ခေါက်လောက်တော့ တွေ့လိုက်ပါဟယ်၊ သူ့ခမျာ နင်နဲ့ ဘာမှမပတ်သက်သေးပေမယ့် နင်တို့အိမ်ကို ဟိုမျိုးသူရဆိုတဲ့လူ အဝင်အထွက်ရှိနေတာကိုလည်း သူ့စိတ်ထဲ တွေးပြီးစိုးရိမ်နေပုံရတယ်"

စိုးရိမ်မနေနဲ့တော့။ ဟိုတစ်ယောက်က ရည်းစားစကားတောင် ပြောထားပြီပဲဟု ညိုမြစိတ်ထဲက ပြောလိုက်သည်။ ပြီးမှ အိုးဝေမျက်နှာကို မြင်ယောင်မိကာ အားနာသလို ခံစားလာရသဖြင့် ..

"အေးလေ ... ငါ တစ်ခါလောက်တော့ သူနဲ့တွေ့လိုက်ပါ့မယ်။ ဒါတောင် ကြားထဲက ပြောပေးတဲ့နင့်ကို အားနာလို့နော်၊ အဲ ... ခဏလေး"

"ဘာ ... ဘာလဲ ညိုမြ"

"သြော် ... တွေ့တဲ့အခါမှာလည်း နေ့လယ်တက် လူမြင်ကွင်းမှာပဲ တွေ့မှာနော်"

"အေးပါဟာ ... ရပ်ကွက်ထဲက အအေးဆိုင်လေးမှာဆို အဆင်ပြေတယ်မဟုတ်လား။ လူလည်း သိပ်မရှုပ်သလို သိပ်လည်းမရှင်းဘူးလေ ဘယ်လိုလဲ"

"ပြီးရောဟာ ပြီးရော၊ နင်တို့ရဲ့လာဘ်ကောင်ကြီးကိုသာ ပြောလိုက်





... ကြားထဲက နင် အပြောကောင်းလို့ တွေ့မယ်ဆိုတာကို"

"အေး အေး ... ကျေးဇူးပဲညိုမြရာ၊ ငါ ဖုန်းချပြီးရင် အဲကောင်ဆီ ဖုန်းဆက်ပြောလိုက်မယ်၊ အိုးဝေတစ်ယောက်တော့ နင် လက်ခံပြီး တွေ့မယ်ဆိုတာသိရင် ပျော်ပြီး အိပ်ရာထဲကျွမ်းထိုးနေမလားတောင် မသိဘူး။ ဒါပဲနော် ညိုမြ ... ငါ ဟိုကောင် ဝမ်းသာသွားအောင် ဖုန်းဆက်ပြောလိုက်ဦးမယ်"

အားရဝမ်းသာပြောပြီး ကလျာနွေက ဖုန်းချသွားသည်။

ညိုမြလည်း ဘာရယ်မဟုတ်ဘဲ အိုးဝေ ပျော်ကာ ကျွမ်းထိုးနေမည့်ပုံစံကို မြင်ယောင်ရင်း ပြုံးမိသေးတော့၏။

အိုးဝေနှင့်တွေ့ရန် လက်ခံလိုက်ခြင်းအပေါ် စိတ်ထဲ၌ အရမ်းကြီးတင်းကျပ်မနေမှုန်း ညိုမြ ကိုယ့်ကိုယ်ကိုယ် အံ့ဩစွာ သတိထားမိလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

နောက်တစ်ရက်နေ့လယ်ပိုင်းတွင် ကလျာနွေ၏ ချိန်းဆိုပေးမှုဖြင့် ရုပ်ကွက်ထဲက အအေးဆိုင်လေးတွင် ဆုံဖြစ်ကြသည်။ ညိုမြက မိန်းကလေး ပီပီ ချိန်းထားသောအချိန်ထက် အနည်းငယ်နောက်ကျပြီးမှ ရောက်သွားခဲ့သော်လည်း အိုးဝေက ဘယ်အချိန်ကပဲ ရောက်နေသည်မသိ။

ညိုမြရောက်တော့ အိုးဝေမှာယူသောက်သုံးထားသော အအေး ခွက်ပင် ပြောင်သလင်းခါနေလေပြီ။

ညိုမြ စားပွဲရှေ့ရပ်လိုက်တော့ အိုးဝေ ထရမလို ထိုင်ရမလို ဖြစ်သွား ရပြီးမှ ...

"ညိုမြ ... ထိုင် ထိုင်လေ၊ ငါက နင်မလာတော့ဘူးတောင် ထင်နေတာ"





မသိမသာ မျက်စောင်းထိုးရင်း ညိုမြ ဝင်ထိုင်လိုက်သည်။

"သိပ်လာချင်လွန်းလို့တော့ မဟုတ်ဘူး။ ကြားထဲက ကလျာနွေကို အားနာလို့၊ ငါ အကြာကြီးတော့ အချိန်မရဘူးနော်"

"အေးပါဟာ ... ငါက နင်လာတာကိုပဲ ကျေးဇူးတင်ရမှာပါ၊ တစ်ခုခုသောက်ဦးလေ ... ဘာသောက်မှာလဲ"

"သံပရာရည်"

စကားအဆုံးမှာ အိုးဝေက ခပ်လှမ်းလှမ်းမှ စားပွဲထိုးလေးဆီ လှမ်း အော်လိုက်သည်။

"ညီလေးရေ ... သံပရာရည် နှစ်ခွက်လောက်၊ ချဉ်ချဉ်လေးနော်"

အိုးဝေ မှာယူပုံကြောင့် ညိုမြ မျက်ခုံးနှစ်ဖက် စုသွားရပြီး..

"ဟဲ့ ... ငါ တစ်ခွက်ပဲသောက်မှာနော်"

"အေးပါ ... ငါသိပါတယ်၊ တစ်ခွက်က ငါ့အတွက်ပါ"

"ဒီခွက်က နင်သောက်ထားတာ မဟုတ်ဘူးလား"

အိုးဝေ၏ရှေ့မှ ခွက်အလွတ်ကို မေးငေါ့ကာ ညိုမြကမေးလိုက်သည်။ အိုးဝေက ဟီးခနဲရယ်ရင်း ...

"ဟုတ်ပါတယ်၊ ရင်တွေပူနေတော့ ထပ်သောက်မလို့ပါ"

အနှောင့်အသွားမလွတ်သည့်စကား ဖြစ်သော်လည်း ညိုမြ ထပ် မပြောဘဲ ငြိမ်နေလိုက်၏။ နှစ်ယောက်သား စကားမပြောဖြစ်သေးဘဲ အတန် ကြာ ငြိမ်နေကြသေးသည်။ အိုးဝေက သက်ပြင်းလေးခါချလောက်ချပြီးမှ စကားစလာ၏။

"ညိုမြ ... နင်လေ ငါနဲ့ဆုံလိုက်တိုင်း စိတ်အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရတာတွေအတွက် ငါ တောင်းပန်ပါတယ်ဟာ၊ အဲဒါတွေအားလုံး ငါ ရည်ရွယ်ပြီးလုပ်ခဲ့တာမဟုတ်ဘူးဆိုတာလည်း နင်သိမှာပါ”

ညိုမြက . . .

“ထားပါတော့၊ မရည်ရွယ်တာမှန်ပေမယ့် တိုက်ဆိုင်လွန်းတော့ ငါလည်း စိတ်ကသိကအောက် ဖြစ်မိတာအမှန်ပဲ၊ ဒါပေမဲ့ ငါ နားလည်ပေးလိုက်ပါမယ်၊ နင်ပြောချင်တာ ဒါပဲလား”

ပြန်မည်ဟု ရည်ရွယ်ကာပြောလိုက်သော်လည်း ထိုစကားက အိုးဝေအတွက် လမ်းခင်းပေးသလိုဖြစ်သွားသည်။

“အာ နင်ကလည်း . . . ခဏလောက်နေပါဦးဟာ၊ ငါ အဓိက ပြောချင်တဲ့စကား မပြောရသေးဘူးဟ”

“ဒါဆိုလည်း . . . ပြောဟာ မြန်မြန်”

စကားအဆုံးမှာ အိုးဝေက မဝံ့မရဲပုံစံနှင့် . . .

“ဟိုလေ . . . ငါ ပြောချင်တာက ဟို ကွာစိလန်ကီစွလေ”

“ဘာ . . . ဘာပြောတယ် အိုးဝေ”

အသံနည်းနည်းကျယ်သွားသဖြင့် ဘေးဝိုင်းတချို့က မသိမသာ လှည့်ကြည့်လာကြသည်။

အိုးဝေက . . .

“ငါ ငါ ပါးစပ်မရဲလို့ပါဟာ၊ ဟိုလေ . . . နင့်ကိုငါချစ်တယ်လို့ ပြောထားတယ်လေ၊ အဲဒါ . . . နင့်ဘက်က ငါ့အတွက် ဘယ်လိုစဉ်းစားထားလဲလို့”

ညိုမြက မျက်မှောင်ကြုတ်လိုက်ပြီး . . .





“အိုးဝေ . . . နင် ငါ့ကို ပြောခဲ့တာမှန်ပေမယ့် ငါ့ဘက်က နင့်ကို စဉ်းစားပေးမယ်လို့ ပြောခဲ့လို့လား”

“ဟင်”

အိုးဝေမျက်နှာက ချက်ချင်း အိုစာသလို ဖြစ်သွားသည်။ ပြီးမှ မချင့်မရဲလေသံဖြင့် . . .

“ညိုမြရယ် . . . နင် ငါ့အချစ်ကို အသိအမှတ်မပြုပေးနိုင်လောက်အောင် မကျေမနပ်ဖြစ်နေတုန်းပဲလားဟာ၊ ငါ့ဘဝမှာ ဒီစကားမျိုးကို နင့်တစ်ယောက်တည်း ပြောဖူးတာပါ၊ ငါ့အချစ်ကို အသိအမှတ်ပြုပြီး စဉ်းစားပေးပါနော်”

စကားအဆုံးမှာ ညိုမြက ပခုံးအသာတွန့်လိုက်ပြီး . . .

“အိုးဝေ . . . နင့်ကို စဉ်းစားပေးမယ်,မပေးဘူးဆိုတာကို ငါ အရင် စဉ်းစားရဦးမယ်၊ နင် စောင့်နိုင်ရင်တော့စောင့်ပေါ့၊ မစောင့်နိုင်ရင်လည်း သဘောပဲ”

“ဟာ . . . အဲလိုတော့ မပြောပါနဲ့၊ ငါစောင့်မှာပါ၊ ဒါပေမဲ့ . . . မြန်မြန်လေးတော့ စဉ်းစားပေးပါဟာ၊ ငါ နင့်ကို စိတ်မချလို့ပါ”

ထိုစကားကြောင့် ညိုမြ မျက်နှာတည်သွားရပြီး . . .

“အိုးဝေ . . . နင့်စကားက ဘာစကားလဲ၊ နင်နဲ့ငါက ဘာပတ်သက်သေးလို့ ဒီစကားမျိုးပြောရတာလဲ”

အိုးဝေက ပျာပျာသလဲပဲ . . .

“ငါ . . . ငါပြောချင်တာ အဲဒီသဘောမဟုတ်ပါဘူး၊ ဟိုလေ မျိုးသူရဆိုတဲ့လူက နင်တို့အိမ်ကို အဝင်အထွက်စိတ်နေတယ်လေ၊ ငါက



www.burmeseclassic.com

www.burmeseclassic.com



သောက်များအချင်းချင်းဆိုတော့ သိတယ်ဟာ၊ အဲဒီလူ နှင့်ကို ချဉ်းကပ်နေတယ်ဆိုတာကို၊ ငါ စိတ်မချတာက အဲဒါမျိုးပါ''

ညိုမြက မျက်နှာကိုမဲ့လိုက်သည်။ ရည်ရွယ်မထားပါဘဲ ပြောလိုက်မိ၏။

''အိုးဝေ . . . ငါ့စိတ်နဲ့ငါ့ကိုယ်ကို ငါပဲ ပိုင်တယ်၊ ဘယ်သူမှ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်လို့မရဘူး။ အေး . . . နှင်သိအောင် ရှင်းရှင်းပဲ ပြောမယ်၊ မျိုးသူရကလည်း နှင့်လိုပဲ ငါ့ကို ပရိုပို့စ်လုပ်ထားတယ်''

''ဟင်''

အိုးဝေ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ စိတ်ထဲ ကြိုတွေးထားမိသော်လည်း တကယ်တမ်း တိတိကျကျ သိလိုက်ရချိန်မှာတော့ အံ့ဩနာကျင်ရပြန်သည်။ စိုးရိမ်ရင်မောရပြန်သည်။

သို့နှင့် . . . တုန်တုန်ယင်ယင်ပဲ မေးလိုက်မိ၏။

''ညို ညိုမြ . . . နှင် နှင် အဲဒီလူအပေါ်မှာရော ဘယ်လိုသဘောထားလဲဟင်''

သွေးပျက်သလိုမေးနေသည့် အိုးဝေပုံစံကိုကြည့်ကာ ညိုမြ စိတ်ထဲရယ်ချင်လာမိသည်။ ပြီးတော့လည်း သနားသလိုလိုဘာလိုလို။

သို့သော်လည်း မျက်နှာကိုတည်ထားရင်း ညိုမြက . . .

''ဘယ်လိုသဘောထားရမှာလဲ၊ မျိုးသူရအနေအထားက ငြင်းစရာတော့ သိပ်မရှိဘူး၊ ဒါပေမဲ့ . . . သူ့ကိုလည်း စဉ်းစားဦးမယ်ပဲ ပြောထားတယ်''

''ဟာ ညိုမြ . . . ဒါတော့ နှင် မတရားဘူးဟာ''





''ဟင် . . . ငါက ဘာကိုမတရားရမှာလဲ''

''မတရားတာပေါ့ဟာ၊ ဟိုလူကျတော့ စဉ်းစားပေးမယ် ပြောထားတယ်၊ ငါ့ကျတော့ အဲလိုစဉ်းစားဖို့ကိစ္စကိုတောင် စဉ်းစားဦးမယ်ဆို၊ တကယ်ဆိုရင် ပရိုပို့စ်လုပ်ထားတဲ့လူအချင်းချင်း နှင့်ဘက်က တူညီတဲ့အခွင့်အရေးပေးရမှာပေါ့ . . . မဟုတ်ဘူးလား''

စကားအဆုံးမှာ ညိုမြက လှောင်ရယ်ရယ်လိုက်သည်။

''ဩော် အိုးဝေ အိုးဝေ . . . ဒါမျိုးကျတော့ တူညီတဲ့အခွင့်အရေးလိုချင်တယ် ဟုတ်လား၊ ဘယ်ဖြစ်မလဲဟာ . . . နှင်နဲ့ပတ်သက်ပြီး ငါ့မှာစိတ်အနှောင့်အယှက်တွေ ကြုံခဲ့ရတာလေ၊ အဲဒီတော့ ငါ့ရဲ့ ဆုံးဖြတ်ချက်ဟာ မတရားဘူးလို့ ငါမခံစားရဘူး . . . ဟုတ်ပြီလား''

''မဟုတ်သေးပါဘူးဟာ၊ ခွဲခြား ခွဲခြားတော့ မလုပ်ပါနဲ့ ညိုမြရယ်၊ ငါ့အချစ်ကိုလည်း စဉ်းစားပေးမယ်ဆိုတာလေးတော့ ပြောခဲ့ ပါနော်''

''မပြောဘူးဟာ၊ အဲဒီလို စဉ်းစားပေးမယ်ဆိုတဲ့ကိစ္စကို စဉ်းစားဦးမယ်လို့ ပြောထားပြီပဲ''

အရေးထဲ စကားနှစ်ခွန်းဖြင့် ကပ်ကာ တိုင်ပတ်နေသေးသည့် အိုးဝေလည်း စိတ်ထဲ ပို၍ မချင့်မရဲဖြစ်လာပြီး . . .

''မရဘူးဟာ၊ နှင် ငါ့အချစ်ကို စဉ်းစားပေးမယ်လို့ ပြောခဲ့၊ မပြောခဲ့ နှင် မပြန်ရဘူး''

ပြောရင်း စားပွဲပေါ်တင်ထားသော ညိုမြလက်နှစ်ဖက်ကို ဆတ်ခနဲ ခပ်တင်းတင်းဆုပ်ကိုင်လိုက်သည်။ ဘယ်လိုမှထင်မထားသဖြင့် ညိုမြ အံ့ဩမိသွားရ၏။ ချက်ချင်းပဲ မျက်နှာတစ်ခုလုံး နီရဲလာကာ လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com

အသင်ရှုန်းလိုက်ရင်း ...

"အိုးဝေ ... နင် ငါ့လက်ကိုလွှတ်နော်၊ ငါ စကားအကုန် ပြောပြီး ပြီ"

အိုးဝေက မလွှတ်ဘဲ ပို၍ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရင်း

"မလွှတ်ဘူးဟာ၊ နင် ငါ့အချစ်ကို စဉ်းစားပေးမယ်ဆိုမှ လွှတ်မယ်"

"အိုးဝေ ... ငါ တင်းလာပြီနော်၊ လွှတ်ဆိုလွှတ်လိုက်"

အသံက ဒေါသတို့ရောစွက်ကာ ခက်ထန်လာသည်။ အိုးဝေက လည်း မလွှတ်သေးဘဲ ...

"မလွှတ်ဘူး။ နင်စဉ်းစားပါ့မယ်လို့ ကတိပေးမှ လွှတ်မယ်"

သေးပတ်ဝန်းကျင်ကိုကြည့်ရင်း ရှက်စိတ်နှင့်ဒေါသရောကာ ညိုမြ မှုန်ထူလာသည်။

"နင် မလွှတ်သေးဘူးလား အိုးဝေ၊ အဲဒါဆိုရင်တော့ နင့်ကို ပါ မုန်းတဲ့အဆင့်ရောက်သွားလိမ့်မယ်နော်"

ပြောရင်း အတင်းဆောင့်ကာ ဆတ်ခနဲ ရုန်းလိုက်သည်။ မုန်းတယ် ဆိုသည့်စကား ပါလာသဖြင့် အိုးဝေလည်း ဆက်မပြောရဲတော့ဘဲ ညိုမြ၏ လက်ကို ဆတ်ခနဲအလွှတ် ...

ညိုမြတစ်ယောက် အိုးဝေလွှတ်ပေးလိုက်သောအရှိန်ဖြင့် ထိုင်ခုံ ပေါ်မှ နောက်လန်ကာ ဖင်ထိုင်လျက်ကြီး ပြုတ်ကျသွားလေတော့သည်။

"ဟာ ... ညိုမြ"

အိုးဝေ ပျာယာခတ်ပြီး ညိုမြကို ထူရန် အနားကိုအမြန်ကပ်သွား လိုက်သည်။





"ညို ညိုမြ ... ဆောရီးဟာ၊ ဘာ ... ဘာဖြစ်သွားသေးလဲဟင်"

ညိုမြ ပြန်ကြည့်လာသောအကြည့်က ခက်ထန်တင်းမာကာ မျက်နှာ တစ်ခုလုံးလည်း ရှက်ဒေါသကြောင့် ရဲဗလောင်းခတ်နေသည်။

ဆွဲထူပေးရန်လှမ်းလာသော အိုးဝေ၏လက်ကို ညိုမြ ရိုက်ထုတ် လိုက်ပြီး ...

"ငါ့အသားကို လာမထိနဲ့၊ နင် ခုချက်ချင်းထွက်သွား"

အော်ပြောရင်း ညိုမြကလည်း နေရာမှထရပ်လိုက်သည်၊ အိုးဝေက တောင်းပန်သောအကြည့်ဖြင့် ...

"ညိုမြရယ် ... နင်က မုန်းမိမယ်ဆိုလို့ ငါကြောက်ပြီး လွှတ်ပေး လိုက် လိုက်"

"တော်တော့ ... နင် ဘာမှဆက်မပြောနဲ့တော့ အိုးဝေ၊ နင်ဟာ ငါ့အတွက် အမြဲပြုံးဟက်ဝင်နေမယ့် ပြုံးဟက်ကောင်ဆိုတာ ငါ အကြွင်းမဲ့ သက်ခံလိုက်ပြီ၊ တောက် ... နင့် နင့် နင့်ကိုလေ"

ဒေါသအရှိန်ကြောင့် ညိုမြ ဆက်ကာစကားပြောမထွက်တော့၊ သို့နှင့် စားပွဲပေါ်တွင်ရှိနေသေးသည့် မသောက်ရသေးသော သံပရာရည်ခွက် ကို ယူကာ အိုးဝေမျက်နှာဆီ ပက်ထည့်လိုက်သည်။ ပြီး တက်တစ်ချက် ခေါက်ကာ ညိုမြ လှည့်ထွက်လာခဲ့၏။

"ညို ... ညိုမြ"

လှည့်ကြည့်မည်မဟုတ်မှန်း သိလျက်နှင့် အိုးဝေလှမ်းခေါ်မိသေး သည်။ စိတ်ထဲ၌လည်း ယူကျုံးမရခြင်းများ ပြည့်လျှံလာ၏။

ခုတော့ သွားပြီ။ အားလုံးပြီးပြီ၊ ခုလိုဖြစ်သွားသောကိစ္စအပေါ်

www.burmeseclassic.com



ညီမြ ဘယ်လိုမှခွင့်လွှတ်မည်မဟုတ်တော့။ အစကတည်းက ခုလို အလားတူ တိုစွမျိုးတွေနှင့် အမြင်မကြည်ခဲ့သမျှ ခုတော့ ပိုဆိုးသွားခဲ့လေပြီ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိစွာ နာကျင်ဝမ်းနည်းစိတ်များဖြင့် ခေါင်း ငိုက်စိုက်ချရင်း ဆိုင်ထဲမှ တစ်လှမ်းချင်းလှမ်းကာ ထွက်လိုက်၏။

မြေကြီးနှင့်ခြေထောက် မထိသလို လှမ်းလာခဲ့သော နာကျင်ခြေ လှမ်းများသည် ငါးလှမ်းပင် မပြည့်တတ်သေး။

"အစ်ကိုလေး . . . အအေးသုံးခွက်ဖိုး ရှင်းဦးမယ်ခင်ဗျ"

အိုးဝေ တုံ့ခနဲရပ်သွားရ၏။ ပြီး . . . ကြေကွဲမှုကို ဆက်လက်ဆုပ် ကိုင်ထားရင်းကပဲ ဘောင်းဘီအိတ်ကပ်ထဲမှ ပိုက်ဆံကို ထုတ်လိုက်ရလေ သည်။

အင်း . . . ငါ့နှယ်နော်။

■

# (၂၁)

"မင်းတော့ သွားပြီပေါ့ကောင်၊ သွားပြီ၊ သွားတာမှ အကြီးကြီး သွားတာ၊ အိုးဝေရာ ငါတို့ကတော့ မင်းအဆင်ပြေအောင်ဆိုပြီး လုပ်ပေး လိုက်ရတာ၊ ခုတော့ . . . မင်းက အလဲလဲအကွဲကွဲနဲ့ စုတ်ပြတ်သတ်ပြီး ပြန်လာရတယ်"

သီဟ၏ တဖျစ်တောက်တောက် ဆူပူကြိမ်းမောင်းနေသော စကား သံတွေကြားထဲမှာ အိုးဝေ မျက်နှာငယ်လေးဖြင့် ပက်လက်မှောနေရသည်။ ကိုယ့်လုပ်ရပ်ကလည်း အမှတ်ပေးစရာ တစ်ကွက်မှမရှိခဲ့သည်ကိုး။

သီဟ စကားအဆုံးမှာ ကလျာနွေကလည်း . . .

"နောက်တစ်ကြိမ် ဒီလိုအခွင့်အရေးရဖို့ဆိုတာ လုံးဝမလွယ်တော့ ဘူး၊ ငါပြောလည်း ညီမြ လက်ခံတော့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လက်ခံတော့မှာလဲ၊ ဒီကောင်နဲ့ ဆုံလာရင် သူ့ စိတ်အနှောင့်အယှက်ဖြစ်မယ်လို့ ထင်ထားတဲ့ကြားကမှ ထပ်လုပ်လိုက်သလို ဖြစ်သွားတာကို။ ပြောရရင် သူနဲ့ပတ်သက်ပြီး မင်းဟာ ကြိုက်ကောင်းဆိုတာကို လုံးဝလက်ခံသွားလောက်ပြီ"

စကားသံတွေအဆုံးမှာတော့ အိုးဝေက လက်ကာပြလိုက်သည်။ ခေါင်းကိုလည်း တဖျင်းဖျင်းကုတ်လိုက်ပြီး ...

"ကဲ ... တော်ကြပါတော့ကွာ၊ မင်းတို့ပြောနေ၊ ဆိုနေကြတာက ငါ့ကို အားပေးရာမရောက်ဘူးကွ၊ ရေနစ်တဲ့သူကို ခဲနဲ့ထုဆိုသလို ဖြစ်နေပြီ"

"ရေနစ်သူ ဝါးကူထိုးပါကွာ"

"ဩော် ... အရေးထဲ ဝါးက လွယ်လွယ်ကူကူ ရှာမရဘူးကွ ခဲလုံးက ဘယ်နေရာကောက်ကောက်ရတယ်"

ဘာမဟုတ်သည့်စကားကို ငြင်းဖြစ်အောင် ငြင်းလိုက်ကြသေးသည်။ ပြီးမှ အိုးဝေက ...

"ငါ လေးလေးနက်နက်ပဲ ပြောမယ် သီဟရာ ... ညိုမြနဲ့ ပတ်သက်လာရင် နိမ့်ပါးနေတဲ့ ငါ့ဖာတာကိုလည်း ငါတော်တော်အံ့သြမိတယ်၊ ဒါပေမဲ့ ငါ ဘယ်တော့မှ လက်လျှော့မှာတော့ မဟုတ်ဘူး"

"အေး ... မင်း လက်မလျှော့တာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ညိုမြ မင်းကို ပြောသွားတယ်မဟုတ်လား ... ဟိုကောင် မျိုးသူရကလည်း သူ့ကို ပရိုပိုစ်လုပ်ထားတယ်ဆိုတာ"

အိုးဝေက ခေါင်းအသာညိတ်လိုက်ရင်း ...

"ငါသိပါတယ်၊ ဒါပေမဲ့ သေချာပြန်စဉ်းစားကြည့်တော့ အရမ်းကြီးလည်း စိတ်မပူဘူးကွ၊ သူ့ ငါ့အပေါ် မကျေနပ်တာလောက်နဲ့တော့ မျိုးသူရဘက်ကို ယိမ်းယိုင်ပြီး ညွတ်သွားမယ့်မိန်းကလေးမျိုး မဟုတ်ဘူးဆိုတာ ငါသိတယ်"

အိုးဝေစကားအဆုံးမှာ သီဟရော ကလျာနွေပါ စဉ်းစားရင်း ငြိမ်သက်သွားကြသည်။ ကလျာနွေကလည်း ...

"အဲဒါတော့ ဟုတ်တယ် အိုးဝေ၊ နင်တောင် ညိုမြရဲ့စိတ်ကို အတော်နားလည်နေပြီပဲ၊ ဒါပေမဲ့ ခုလောလောဆယ်တော့ နင့်ရဲ့အနေအထားက မလှတော့ဘူးနော်"

"ဟုတ်တယ် ... မင်း ခုလို ဖြစ်သွား တဲ့ အနေအထားအပေါ်မှာ အသည်းကွဲပြီး စိတ်ဓာတ်ကျမနေတာကိုတော့ ငါ ချီးကျူးပါတယ်၊ မင်းကွာ ညိုမြနဲ့တွေ့တုန်းက ဘာမှမဖြစ်ခဲ့ဘဲ အဆင်ပြေခဲ့ရင် ပြီးရောကွာ"

မှတ်ချက်ချလာသော သီဟစကားအဆုံးမှာတော့ အိုးဝေက ပခုံးအသာတွန့်ကာ ယုံကြည်မှုအပြည့်နှင့် ပြန်ပြောလိုက်လေသည်။

"ငါ စိတ်ဓာတ်မကျပါဘူးကွာ၊ ခုလောလောဆယ် ငါ နားလည်ထားတာက ငါးမျှားသလိုပေါ့၊ ငါးမျှားတဲ့နေရာမှာ ငါးစာတော့ အနည်းနဲ့ အများ ထိခိုက်မှာပဲလေ၊ အဲဒီသဘောပဲ"

ဒီတစ်ခါတော့ အိုးဝေ၏ ပြောင်းလဲသွားသောပုံစံကို ကြည့်ကာ နားမလည်သလို ပါးစပ်အဟောင်းသားဖြစ်သွားသူတွေကတော့ သီဟတို့ စုံတွဲပင် ဖြစ်လေသည်။

■







www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

တစ်ဖက်မှာလည်း ညိုမြတစ်ယောက် စိတ်အညစ်ကြီး ညစ်နေရသည်။ မျိုးသူရသည် ပရိုပို့စ်လုပ်ပြီးကတည်းက တဒီးဒီး အဖြေတောင်းနေ၍ဖြစ်၏။ စဉ်းစားပါမည်ဟုလည်း အခါတစ်သောင်း ပြောပြီးပြီ။ ဒါလည်း မရ။ စိတ်ညစ်ရသည်။

ထို့ကြောင့် မျိုးသူရနှင့်ပတ်သက်ပြီး တကယ်ပင်စဉ်းစားရတော့၏။ မေဖေနှင့်မေမေတို့ကတော့ ညိုမြ၏အိမ်ထောင်ရေးကိစ္စကို ကန့်သတ်ချုပ်ခြယ်မထားသလို အတင်းတိုက်တွန်းခြင်းလည်း မလုပ်ပါချေ။ သူတို့သမီး၏ အသိဉာဏ်ရေချိန်ကို အကြွင်းမဲ့ယုံထား၏။ ညိုမြကလည်း မိဘတွေ၏ ယုံကြည်မှုကို အလွဲသုံးစားလုပ်မည့်သမီးမျိုး မဟုတ်ပါ။

ခုလည်း မျိုးသူရနှင့်ပတ်သက်ပြီး စဉ်းစားကြည့်တော့ မျိုးသူရသည်





အပြင်ပန်းကြည့်လျှင် ငြင်းစရာသိပ်မရှိလှသည့် လူစားမျိုးဖြစ်သည်။ သို့သော်လည်း ညိုမြစိတ်ထဲ၊ နှလုံးသားထဲက ဘယ်လိုမှ ချစ်လို့မရ။ ပြီးတော့ မျိုးသူရသည် နေမှုထိုင်မှုပုံစံအရ သွေးအေးပြီး လျှို့ဝှက်လွန်းသည်ဟု ညိုမြထင်မိသည်။ နောက်ဆုံးစဉ်းစားပြီးချိန်မှာတော့ ညိုမြ၏ ဆုံးဖြတ်ချက်သည် နိုး (No) ပဲ ဖြစ်လေသည်။

ထို့ကြောင့် ဇာတ်လမ်းရှေ့ဆက်ကာ ရှည်မနေအောင် မျိုးသူရ အိမ်လာခိုက်မှာ ညိုမြ ပြောလိုက်၏။ မျိုးသူရ ထပ်ကာအဖြေတောင်းလာ၍လည်း ဖြစ်သည်။

''ဝမ်းနည်းပါတယ် ကိုမျိုးသူရ၊ ကျွန်မ ရှင့်ရဲ့အချစ်ကို လက်မခံနိုင်ပါဘူး''

မျိုးသူရ ကွက်ခနဲ မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်းပဲ မျက်နှာအနေအထားကိုပြင်ကာ ပြုံးလိုက်ရင်း ...

''အင်းလေ ... ကျွန်တော် မျှော်လင့်ထားတာနဲ့တော့ လွဲသွားပြီပေါ့။ ညိုမြရဲ့ဆုံးဖြတ်ချက်ကို ပြန်ပြင်ဖို့လည်း ကျွန်တော့်မှာ အခွင့်အရေး မရှိပါဘူးလေ၊ ဒါပေမဲ့ တစ်ခုလောက်တော့ မေးချင်တယ်၊ ညိုမြမှာ ချစ်သူအဖြစ်သက်ခံဖို့ ရည်ရွယ်ထားတဲ့သူ ရှိလို့လား''

ထိုစကားကြောင့် ညိုမြအတွေးထဲ အိုးဝေ၏ပုံရိပ်က ဖျတ်ခနဲပေါ်လာသည်။ ဘာကြောင့်မှန်းတော့ မသိ။ သို့သော်လည်း မျိုးသူရကိုတော့ အမှန်အတိုင်း ဖြေလိုက်ပါသည်။

''အဲလိုတော့လည်းမဟုတ်သေးပါဘူး။ ဒါပေမဲ့ ... ကျွန်မကို ပရိုပို့စ်ထားတဲ့သူတော့ရှိတယ်၊ ကျွန်မဘက်က မစဉ်းစားရသေးတာပါ''



www.burmeseclassic.com

www.burmeseclassic.com

"ဪ"

မျိုးသူရ ခဏတော့ငြိမ်သွားသည်။ ပြီးမှ ညိုမြကိုကြည့်ကာ...

"ညိုမြ ... ကျွန်တော့်အပေါ် မချစ်နိုင်ပေမယ့် မိတ်ဆွေတစ်ယောက်အနေနဲ့တော့ ခင်မင်ခွင့်ပြုပါနော်။ ပြီးတော့ ခုဆို ညိုမြတို့အိမ်ကို လာရင်တောင် ကားကို အိမ်ရှေ့ထိ မောင်းမလာပါဘူး။ လမ်းထိပ် လက်ဖက်ရည်ဆိုင်နားမှာ ရပ်ထားခဲ့ပြီးမှ လာခဲ့တာပါ"

ညိုမြက ...

"ဟုတ်ကဲ့ ... အဲဒီအတွက် ကျေးဇူးပါပဲ၊ ကျွန်မလည်း ကိုမျိုးသူရကို မိတ်ဆွေတစ်ယောက်လိုခင်ပါတယ်၊ အိမ်ကိုလည်း ဝင်ထွက်သွားလာနိုင်ပါတယ်ရှင်"

ခပ်ယဲ့ယဲ့ပြုံးရင်း မျိုးသူရက ခေါင်းညိတ်သည်။ ထိုအချိန်မှာပဲ မေမေက ဧည့်ခန်းထဲဝင်လာပြီး ...

"မောင်မျိုးသူရရေ ... ထမင်းစားသွားပါလား၊ အန်တီ ဒီနေ့ ပုစွန်တုပ်တွေရလာလို့"

မျိုးသူရက ...

"နေပါစေ အန်တီ ... ကျေးဇူးပါပဲ၊ ကျွန်တော် သွားစရာလေး ရှိလို့ပါ"

"ဪ ... အေး အေး"

ပြောကာလှည့်ထွက်သွားပြီးမှ မေမေက သတိရသလို ညိုမြဘက် လှည့်ကာ ကြည့်လာပြီး ...

"ဪ သမီး ... မနက်ဖြန်ညနေ သမီးသွားစရာရှိသေးလား"





ခေါင်းခါလိုက်ရင်း ညိုမြက ...

"ဟင့်အင်း ... မရှိပါဘူးမေမေ၊ ဘာဖြစ်လို့လဲ"

"ဪ ... ကလျာတို့နဲ့များ ချိန်းထားလားလို့ပါ၊ မရှိရင်လည်း မနက်ဖြန်ညနေ ဟိုဘက်ရပ်ကွက်မှာ ပိုက်ဆံသွားသိမ်းလိုက်ပါဦး"

"ဟုတ်ကဲ့ မေမေ ... သမီးသွားလိုက်ပါ့မယ်"

ညိုမြ လိုလိုလားလားပဲ ပြောလိုက်ပါသည်၊ ထိုအချိန်မှာပဲ မျိုးသူရက ထရပ်လိုက်ရင်း ...

"ကဲ အန်တီနဲ့ညိုမြ ... ကျွန်တော်ပြန်လိုက်ပါဦးမယ်၊ ဪ ... အန်တီ့အတွက်တောင် ဆေးလာပို့ရဦးမယ်ဗျ"

"ရပါတယ်ကွယ်၊ အန်တီလည်း အတော်လေးသက်သာနေပါပြီ၊ မင်းနယ်ကွယ် ထမင်းစားသွားပါဆို"

မျိုးသူရ ရယ်လိုက်ကာ ...

"အန်တီရယ် ... နောက်လည်း ကြုံဦးမှာပါ၊ အဲဒီတော့မှ စားတာပေါ့၊ ခုတော့ ... ခွင့်ပြုပါဦး"

နှုတ်ဆက်ကာ မျိုးသူရ လှည့်ထွက်သွားသည်။ မျိုးသူရ၏ ကျောပြင်ကိုကြည့်ကာ ညိုမြ သက်ပြင်းသဲ့သဲ့ ချလိုက်မိပါသည်။

သူမအနေဖြင့် အချစ်ဆိုသောဘာသာရပ်နှင့်ပတ်သက်ပြီး ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် ညာမည်မဟုတ်ပါချေ။

ပြီးတော့ "အချစ်" ဆိုတာကိုလည်း သူမ နားလည်စပြုလာပြီ ထိုသို့ဖြင့်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

ညနေခင်းကတော့ လင်းကျင်းနေပါသေးသည်။ နေလုံးကြီး အနောက်ကမ္ဘာဆီသို့ ခရီးဆက်သွားပြီဖြစ်သော်လည်း အပူဓာတ်ကတော့ ကြွင်းကျန်နေခဲ့ဖြစ်၏။ တစ်ချက် တစ်ချက် ဖြတ်စီးတိုက်ခတ်လာသော လေထုထဲမှာပင် အပူငွေ့က ရောစွက်ပါဝင်နေသလို ရာသီဥတုသည် ဖောက်ပြန်ခြင်းများစွာဖြင့် ညနေကို ပုံဖော်နေလေသည်။

ထိုသို့သောညနေခင်းမျိုးမှာ ဘီယာဆိုင်ထိုင်သင့်ပါလျက်နှင့် လက်ဖက်ရည်ဆိုင် ရောက်နေကြသည်။

သီဟက အိုးဝေကိုကြည့်ကာ . . .

"ပူလိုက်တာကွာ၊ ဟော့ကောင် . . . ဘီယာသွားသောက်ရအောင်"

"မင်းကလည်းကွာ . . . ပူတိုင်းသာ ဘီယာသောက်ရရင်တော့





ဒီတစ်နွေလုံး ဘီယာဆိုင်မှာ နေလိုက်ဖို့ပဲရှိတယ်၊ တစ်ရက်တလေ နားပါဦး ကွ"

သူ့အဆိုကို ပယ်ချလိုက်သဖြင့် သီဟ စိတ်ညစ်သွားသည်၊ ခေါင်းတဗျင်းဗျင်းကုတ်လိုက်ရင်း . . .

"ပြီးရောကွာ၊ ခုတစ်လော မင်းကလည်း ညှိလို့ကိုမရဘူး"

"မဟုတ်ပါဘူး သီဟရာ . . . ငါ တကယ်မသောက်ချင်လို့ပါ၊ မင်း သောက်ချင်ရင် သွားလေ၊ ငါ လိုက်ထိုင်ပေးမယ်"

စကားအဆုံး သီဟက ခေါင်းခါလိုက်ပြီး . . .

"တော်ပြီ တော်ပြီ . . . တစ်ယောက်တည်းတော့ ငါလည်း မသောက်ချင်ဘူး။ အအေးပဲသောက်တော့မယ်"

"မှန်ကန်တဲ့ရွေးချယ်မှုပဲ၊ မင်း သိပ်တော်တယ်"

အိုးဝေအပြောကြောင့် သီဟက ခပ်တိုးတိုးကျိန်ဆဲလေ၏။

ထိုအချိန်မှာပဲ . . .

"ဟာ ဟော့ကောင်တွေ . . . မင်းတို့ နှစ်ယောက်တည်းလား"

ထိုသို့ပြောရင်း ဝင်ထိုင်လိုက်သူက အိမ်သာကန့်ထရိုက်ကြီး ကိုညိုမောင်ဖြစ်သည်။

အိုးဝေက . . .

"ဟုတ်တယ်ဗျ၊ ကိုညိုမောင်က လက်ဖက်ရည်တိုက်မလို့လား"

စကားအဆုံးမှာ ချက်ချင်းပဲ ကိုညိုမောင်မျက်နှာကြီးက မဲ့ ရွဲ့ဖြစ်သွားပြီး . . .

"မတိုက်ပါဘူးကွာ . . . နေရင်းထိုင်ရင်း ကိုယ့်ပိုက်ဆံနဲ့ကိုယ်

www.burmeseclassic.com



သောက်ပါလား"

အတည့်ပြောလာသောစကား ဖြစ်သည်။ ဒါသည် ကိုညိုမောင်၏ စိတ်ရင်းအမှန်လည်း ဖြစ်၏။ ပြီး အိုးဝေကို ပေစောင်းစောင်းကြည့်ရင်း . . .

"မင်းဆိုတဲ့ကောင်က လက်ဖက်ရည်တိုက်လည်း အားကိုးမရပါဘူး ကွာ၊ ဟိုကောင်မလေးနဲ့ ကိစ္စတုန်းကလည်း အဆင်ပြေတာမဟုတ်ဘူး။ ပြီးတော့ မင်းပဲ ဆက်လုံးနေတယ် . . . ဟုတ်တယ်မဟုတ်လား"

ကိုညိုမောင်က ညိုမြနွှင့်ပတ်သက်ပြီး ကြည်ပုံမရချေ။ အိုးဝေက လေပြေထိုးလိုက်၏။

"ကိုညိုမောင်ကလည်းဗျာ . . . ခင်ဗျားနဲ့ကိစ္စပြတ်တော့မှ ကျွန်တော်ကြိုးစားတာပါ"

"ဘာပဲဖြစ်ဖြစ်ကွာ . . . အဲဒီကိစ္စမှာ မင်းကို ငါ အစာမကြေတာ အမှန်ပဲ"

ခက်ပြီ . . .။ ကိုညိုမောင်ကတော့ ဒဲ့ပြောလာလေပြီ။ အိုးဝေက တစ်ချက်စဉ်းစားလိုက်ရင်း . . .

"ကဲပါဗျာ . . . အချင်းချင်း အာဃာတတွေလည်း ထားမနေပါနဲ့တော့၊ ကိုညိုမောင်ကျေနပ်အောင် ကျွန်တော်က လုပ်ပေးရမလဲ . . . ပြော"

အညာသားတစ်ချက်စဉ်းစားသွားသည်။

ပြီးမှ ငွေကြည့်လျက် . . .

"ခုတစ်လောကွာ ရာသီကပူတော့ လူတွေပဲ အီးပါသေးပေါက်နည်းနေလားမသိဘူး၊ ငါ့အိမ်သာတွေ လူသိပ်မဝင်ဘူးကွ၊ ဒီတော့ကွာ မင်းကလည်း လာတ်ကောင်လို့ရပ်ကွက်ထဲမှာ နာမည်ကြီးတော့ ငါ့အိမ်သာမှာ





ခဏစောင့်ပေးပါလား၊ လူဝင်အောင်ပေါ့"

အတော်ပင်ညစ်ပတ်သော ကမ်းလှမ်းမှုဖြစ်သည်၊ အစားအသောက်ဖျက်မည့်ကိစ္စလည်း ဖြစ်၏။ ဘယ်လောက်များ ခံပြင်းစရာကောင်းလိုက်သနည်း။

သို့သော်လည်း အိုးဝေက ကိုညိုမောင်ကို ပြန်ကြည့်လိုက်ကာ . . .

"ခင်ဗျား . . . တကယ်အကူအညီတောင်းတာဆိုရင်တော့ စောင့်ပေးမယ်လေ"

"ဟာ . . . တကယ်ပေါ့ကွာ၊ ရော့ . . . သော့၊ ငါ ဆံပင်ခဏသွားညှပ်လိုက်ဦးမယ်"

သော့တွဲကို လှမ်းပေးရင်း ကိုညိုမောင် ထရပ်လိုက်သည်။

အိုးဝေက . . .

"ကိုညိုမောင် . . . အိမ်သာကိုရောက်ရင် ကျွန်တော် လုပ်သင့်တာလုပ်ထားလိုက်မယ်နော်"

သန့်ရှင်းရေးတို့၊ ဘာတို့ ဟုထင်သွားလားမသိ။

ကိုညိုမောင်က . . .

"စိတ်ကြိုက်သာ လုပ်ထားလိုက်ကွာ"

ပြောပြီးလှည့်ထွက်သွားသည်၊ ထိုအခါမှ သီဟက အိုးဝေကို အံ့သြတန်ဖြင့် ကြည့်လာပြီး . . .

"အိုးဝေ . . . မင်းက တကယ်ပဲ အိမ်သာသွားစောင့်ပေးမလို့လား"

"အေးပေါ့ကွ . . . အတွေ့အကြုံရတာပေါ့ . . . ဟဲ ဟဲ . . . မင်းဒီကပဲ ခဏစောင့်၊ ကိုညိုမောင်လည်း သိပ်မကြာလောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး . . . အိုးဝေက ထ,ထွက်သွားသည်။ သီဟတစ်ယောက် ခေါင်းတုတ်ရင်း နားမလည်စွာ ကျန်ရစ်ခဲ့ရလေ၏။

အိုးဝေဆိုသောကောင်သည် ဘာကောင်မှန်းလည်းမသိ၊ ခုလည်း အိမ်သာသွားစောင့်ဦးမည်တဲ့လေ။

■

## (၂၄)

နာရီဝက်လောက်ကြာတော့ အိုးဝေ ပြန်ရောက်လာသည်။ စပ်ဖြီးဖြီး မျက်နှာပေးနှင့်ဖြစ်၏။

သီဟက . . .

"ဟေ့ကောင် . . . ဘာတွေသဘောကျလာတာလဲ"

လက်ထဲတွင်ကိုင်လာသော ဖုန်းကို စားပွဲတင်ကာ တဟီးဟီး ရယ်လိုက်ပြီးမှ အိုးဝေက . . .

"ဘာမှ မဟုတ်ပါဘူးကွာ၊ ငါ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ အိမ်သာ ဥပဒေတစ်ခုကို ပြင်နိုင်ခဲ့လို့ကွ"

"ဟေ ဘယ်လို ဘယ်လို"

သီဟ နားရှုပ်သွားရသည်။ လွှတ်တော်ထဲမှာတောင် အခြေ



www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်တို ပြောင်ဆိုင်နိုင်သေးသည့်အထဲ အိုးဝေလိုကောင်က မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ အိမ်သာဥပဒေတစ်ရပ်ကို ပြင်ဆင်လာခဲ့သည်တဲ့။

အိုးဝေက ...

"ငါပြောပြမယ် ... ဒီလိုကွ"

မပြောခင် ပတ်ဝန်းကျင်ကို လှမ်းကာ ဝေ့ကြည့်လိုက်ရင်းက အိုးဝေမျက်နှာ ကွက်ခနဲပျက်သွားသည်။ ချက်ချင်းပင် သီဟကို အရေးတကြီးပုံစံနှင့် ...

"ဟော့ကောင် ... ကိုညိုမောင်လာမေးရင် ငါ ပြန်မလာသေးဘူးလို့ ပြောလိုက်၊ ကြားလား"

ပြောပြီး အိုးဝေ လှစ်ခနဲပြေးထွက်လာခဲ့သည်။ ပြေးစရာနေရာလည်း ရှာလိုက်၏။ ရတ်တရက် ရှာမတွေ့။ သို့နှင့် လက်ဖက်ရည်ဆိုင်နှင့် မလှမ်းမကမ်းတွင်ရပ်ထားသော ကားတစ်စီး၏နောက်ဖုံးကို အသာမ,ကြည့်လိုက်၏။ တံခါးက ပွင့်သွားသည်။ အိုးဝေလည်း ကားနောက်ဖုံးအခန်းထဲသို့ အသာဝင်ကာ ပုန်းနေလိုက်သည်။ ထိုသို့မှ မပုန်းနေလျှင်တော့ ခေါင်းကွဲမှာ ရာနှုန်းပြည့်သေချာ၍ ဖြစ်လေ သည်။

သစ်သားတုတ်တစ်ချောင်းကိုင်ကာ စားပွဲရှေ့လာရပ်သည့် ကိုညိုမောင်ကို ကြည့်ကာ သီဟ လန့်သွားရသည်။

ကိုညိုမောင့်မျက်နှာက ဒေါသကြောင့် အမဲနှင့်အရဲ ရောကာ နေသည်။ သီဟကိုကြည့်၍ ...

"ဟိုကောင်အိုးဝေ ... ဘယ်မှာလဲ"

သီဟက အူတူတူပုံစံဖမ်း၍ ...





"မသိဘူးလေ၊ ကိုညိုမောင်ပဲ အိမ်သာစောင့်နိုင်းထားတာ မဟုတ်ဘူးလား"

"အေး ... အိမ်သာစောင့်တာ ကောင်းကောင်းမစောင့်ဘဲ ငါ့စီးပွားရေးကို တုတ်နဲ့ထိုးသွားလို့ကွ"

"ဗျာ ... ဘယ်လို ဘယ်လို"

"တောက် ... ဒီကောင့်ကိုတော့ ဆုံးမမှရတော့မယ်၊ မင်းပဲ စဉ်းစားကြည့်ကွာ၊ အိမ်သာအခန်းတွေရဲ့ထိပ်မှာ ရေးထားတဲ့ ကျားနဲ့မ ဆိုတဲ့စာတွေကို အဲဒီကောင် ပြင်သွားတာလေ၊ အိမ်သာလာတက်တဲ့သူတွေက ငါ့ကိုကောတာပေါ့ကွ"

"ဗျာ ... ဘယ်လိုပြင်သွားတာလဲဟင်"

ကိုညိုမောင်က လက်ထဲတွင် ကိုင်ထားသော လုံးခြေထားသည့် စာရွက်လိပ်နှစ်ခုကို စားပွဲပေါ်ပစ်ချလိုက်ရင်း ...


"ရော့ ... မင်းဟာမင်း ကြည့်တော့၊ ကျား/မ ဆိုတဲ့ စာလုံးတွေ အပေါ်မှာ အဲဒီစာရွက်တွေကို ထပ်ကပ်သွားတာ၊ တွေ့ရင်တော့လား အိုးဝေရာ"

သီဟလည်း ကိုညိုမောင်ပြောသည့် စာရွက်တွေကို ဖြန့်ကြည့်လိုက်သည်။

ကျား/မ ဆိုသော စာသားနေရာမှာ ဉာဏ်ကြီးရှင်အိုးဝေ အစားထိုးထားသည်ကတော့ ...

ခုနစ်စဉ့်ကြယ်စာပေ

www.burmeseclassic.com





"ဟင် . . . ဒါက ဘာပုံတွေလဲ"

နားမလည်သဖြင့် သီဟက မေးလိုက်သည်။ ကိုညိုမောင်က တရှုံးရှုံး တရှုံရှုံ နှာမှုတ်လိုက်ပြီးမှ . . .

"မင်းစဉ်းစားကြည့်လေကွာ . . . ယောက်ျားနဲ့မိန်းမ သေးပေါက်ရင် ဘယ်လိုပုံစံဖြစ်လဲ၊ အဲဒါကိုပုံဖော်ပြီး ကျား/မ နေရာတွေမှာ ကပ်သွားတာ၊ မိုက်ရိုင်းချက်ကတော့"

ထိုအခါမှ သီဟလည်း ပုံနှစ်ပုံကို ပြန်ကြည့်ကာ သဘောပေါက်သွားရပြီး တဟားဟား ရယ်မိတော့၏။

ကိုညိုမောင်က . . .

"ဟော့ကောင် . . . ရယ်မနေနဲ့ မင်းပါ အဖျားခတ်သွားမယ်၊ အိုးဝေ . . . အိုးဝေ တွေ့ကြသေးတာပေါ့ကွာ"

ကိုယ့်တက်မဲလာမည့်သဘောရှိသဖြင့် သီဟပါးစပ်ပိတ်ကာ ငြိမ်နေလိုက်သည်။

အိမ်သာဥပဒေတစ်ရပ်ကို ပြင်ဆင်လာခဲ့သည်တဲ့။ ခေါင်းကွဲမည့် ပြင်ဆင်ချက်ဖြစ်၏။ ခုလည်း ဘယ်နေရာမှာ ပုန်းနေသည်မသိ။

အိုးဝေဆိုသောကောင်သည် ထိုကဲ့သို့ ကောင်မျိုးလည်း ဖြစ်လေသည်။

■


ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

သူများတွေအတွက်တော့မသိ။ ညိုမြအတွက်တော့ ဒီညနေသည် အတော်ပင် စိတ်ရှုပ်ရသောညနေဖြစ်သည်။

ပထမတော့ ထိုသို့မဟုတ်သေး၊ မနေ့ကပဲ မေမေပြောထားသဖြင့် ညနေပိုင်း အကြွေးသွားသိမ်းရန်အတွက် ရေမိုးချိုးကာ ညိုမြ ပြင်ဆင်နေခဲ့သည်။

သို့သော် . . .

အချိန်ကိုက်ဆိုသလိုပင် မျိုးသူရသည် မေမေ့အတွက် ဆေးလာပို့ရင်း ရောက်ချလာလေ၏။ ဖြီးလိမ်းပြင်ထားသော ညိုမြကိုကြည့်ကာ . . .

"ညိုမြက ဘယ်သွားမလို့လဲဗျ"

ညိုမြ ဘာမှ ပြန်မဖြေရသေးခင်မှာပဲ မေမေက ဝင်ပြောလိုက်၏





"ဟိုဘက်ရပ်ကွက်ကို ပိုက်ဆံသွားသိမ်းခိုင်းထားတာ မောင်မျိုးသူရရေ့ အန်တီလည်း မသွားနိုင်တော့ဘူးဆိုတော့ သမီးကိုပဲ လွှတ်နေရတာ"

စကားအဆုံးမှာပဲ မျိုးသူရက . . .

"ဟုတ်လား . . . အဲဒါဆိုရင်လည်း ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ရပါတယ် ကိုမျိုးသူရ၊ ဟိုရောက်ရင် တစ်အိမ်ဝင် တစ်အိမ်ထွက်နဲ့ ကျွန်မက ကြာဦးမှာ၊ ဒီနေ့က ဝင်စရာအိမ်တွေ များတယ်"

ညိုမြ ငြင်းလိုက်သော်လည်း မျိုးသူရ ခပ်အေးအေးပဲ ပြန်ပြောလာ၏။

"ရပါတယ်ညိုမြရဲ့ . . . ကျွန်တော် စောင့်နေနိုင်ပါတယ်၊ အလုပ်လည်း ရှိတာမဟုတ်ဘူးလေ၊ ညိုမြ အေးအေးဆေးဆေး ပိုက်ဆံ လိုက်သိမ်းလို့ ရပါတယ်၊ ကျွန်တော် အဲဒီရပ်ကွက်ထဲက တစ်ဆိုင်ဆိုင်မှာ စောင့်နေပေးမယ်"

"အဲဒါဆိုရင်တော့ အတော်ပဲ မောင်မျိုးသူရရေ၊ အပြန်ကျရင် မှောင်နေပြီဆိုတော့ အန်တီက သိပ်လွှတ်ချင်တာမဟုတ်ဘူး၊ ဟိုလူတွေကလည်း ညနေပိုင်းချိန်းထားလို့သာ သွားခိုင်းရတာ၊ မောင်မျိုးသူရ လိုက်ပို့မယ်ဆိုတော့ အတော်ပဲပေါ့"

"ရပါတယ် မေမေရဲ့ . . . သမီး ပြန်လာရဲပါတယ်"

ဝင်ပြောလိုက်သော်လည်း မေမေက ညိုမြကိုကြည့်ကာ . .

"သမီးရယ် . . . မောင်မျိုးသူရက စေတနာနဲ့ လိုက်ပို့ပေးတဲ့ဟာကို



www.burmeseclassic.com

www.burmeseclassic.com

သွား သွား . . . မြန်မြန်သွား မြန်မြန်ပြန်ခဲ့''

''လာပါ ညိုမြရဲ့ . . . အားနာရမယ့်လူတွေမှ မဟုတ်တာ''

ပြောရင်း မျိုးသူရက ထရပ်လိုက်သဖြင့် ညိုမြလည်း အလိုက်သင့် ထရပ်လိုက်ရသည်။ အမှန်အတိုင်းပြောရလျှင် မျိုးသူရကို ငြင်းပြီးကတည်းက ခုလို အတူတွဲကာ မသွားလာချင်တော့ချေ။

ပတ်ဝန်းကျင်အမြင်မှာလည်း မကောင်း။ ဖြစ်နိုင်လျှင် မျိုးသူရအား အိမ်သို့ပင် အဝင်အထွက်မလုပ်စေချင်တော့။ ဒီတစ်ခေါက် မျိုးသူရနှင့်အတူ သွားတာ နောက်ဆုံးပဲဟု တွေးရင်း စိတ်မသက်မသာနှင့် လိုက်လာခဲ့ရ၏။

အိမ်ခြံဝင်းထဲမှ ထွက်ထွက်ချင်း မျိုးသူရက . . .

''ညိုမြပြောထားလို့ ကားကို အိမ်ရှေ့ထိတောင် ယူမလာခဲ့ဘူး လမ်းထိပ်က လက်ဖက်ရည်ဆိုင်နားမှာ ရပ်ထားခဲ့တာ''

ကျေးဇူးတောင် ထပ်တင်ရမလို ဖြစ်နေသေးတော့၏။ နှစ်ယောက်သား ကားဆီသို့လျှောက်လာရင်း လက်ဖက်ရည်ဆိုင်ရှေ့အရောက်တွင် ဆိုင်ထဲသို့ လှမ်းကြည့်မိသေး၏။ ဆိုင်ထဲရှိ စားပွဲတစ်ခုတွင် သီဟကို လှမ်းတွေ့လိုက်ရသည်။ စိတ်ထဲ အိုးဝေကိုပင် ဖျတ်ခနဲ သတိရသွားသေး၏။ ဘာကြောင့်မှန်းတော့မသိ။

ကားနားရောက်တော့ မျိုးသူရက ကားတံခါးဖွင့်ပေးသဖြင့် ညိုမြ တက်လိုက်သည်။ မျိုးသူရက တစ်ဖက်အပေါက်မှ ကားပေါ် တက်ကာ စက်နှိုးလိုက်ရင်း . . .

''ညိုမြ . . . အရင်သွားဖူးတဲ့ရပ်ကွက်ကိုပဲ သွားမှာမလား''

''ဟုတ်ကဲ့''





သူဝင်ပုန်းနေသည့်ကားက စက်နှိုးလိုက်သဖြင့် အိုးဝေစိတ်ထဲ ဒိတ်ခနဲ ဖြစ်သွားရသည်။ ဘယ်လိုပြန်ထွက်ရမလဲဟု စဉ်းစားနေချိန်မှာ ပဲ ကားကမောင်းထွက်သွား၏။

ဒုက္ခတော့ရောက်ပြီ၊ ဒီကားက ဘယ်ကိုသွားမည်မှန်းလည်း မသိ။ တစ်နေရာရာမှာရပ်တော့မှပဲ ကြည့်ကျက်ဆင်းပြေးရတော့မည် ဟု တွေးကာ ငြိမ်နေလိုက်သည်။ ခုချိန် ထပြောလျှင်လည်း ပြဿနာ တက်ရပေဦးမည်။

ထိုသို့ ဇောချွေးတွေပြန်ကာ တွေးနေချိန်မှာပဲ ကားရှေ့ခန်းဆီမှ စကားသံတွေကို ကြားလိုက်ရ၏။

''ညိုမြ . . . ပိုက်ဆံသိမ်းပြီးရင် ဘယ်သွားချင်သေးလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်နော်၊ အားမနာနဲ့''

''ဟင့်အင်း . . . ဘယ်မှသွားစရာမရှိပါဘူး ကိုမျိုးသူရ၊ ကိစ္စပြီးရင် အိမ်ပဲပြန်ပို့ပေးပါ''

ဗုဒ္ဓေါ . . . ညိုမြနဲ့ မျိုးသူရတို့ပါလား၊ တွေးရင်း အိုးဝေ မျက်မှောင် ကြုတ်လိုက်မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူဝင်ပုန်းနေခဲ့သည့်ကားက မျိုးသူရ၏ကားဖြစ်နေသည်။ ပြီးတော့ . . . လက်ရှိအချိန်မှာလည်း ညိုမြ ပိုက်ဆံသွားသိမ်းရန် မျိုးသူရက လိုက်ပို့ပေးနေခြင်းဖြစ်၏။ ဒီအတိုင်းဆို လျှင်တော့ ဒီကားက ကိုယ့်ရပ်ကွက်ထဲသို့ ပြန်ရောက်မှာ သေချာနေပြီ။ ထို့ကြောင့် . . . ဒီအတိုင်းပဲ ပုန်းကာလိုက်သွားဖို့ စိတ်ကူးလိုက်မိ၏။

ကားရှေ့ခန်းမှ ညိုမြနှင့်မျိုးသူရတို့လည်း ထပ်ကာ စကားမပြောကြတော့။

ကောင်းပါသည်။ ညိုမြဘက်က မျိုးသူရအပေါ် လိုလိုလားလား



www.burmeseclassic.com

www.burmeseclassic.com

[illegible]မြောလျှင် ပိုကောင်းပါ၏။

ထိုသို့တွေးရင်းကပင် ကားလှုပ်သည့်အရှိန်ဖြင့် အိုးဝေ မျက်ခွံတွေ လေးလာရ၏။ ခဏအကြာမှာတော့ အိုးဝေတစ်ယောက် အိပ်ပျော်ခြင်း ဘုံတာသို့ ဆိုက်ရောက်သွားလေသည်။

■

## (၂၆)

တုံ့ခနဲရပ်သွားသည့်ကားအရှိန်ကြောင့် အိုးဝေ အိပ်ပျော်နေရာမှ နိုးလာခဲ့၏။ နောက်ဖုံးကားမှန်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်တော့ ပတ်ဝန်းကျင်က မှောင်နေလေပြီ။ ညိုမြ အလုပ်ကိစ္စပြီး၍ ရပ်ကွက်ထဲသို့ ပြန်ရောက်နေပြီလားမသိ။

ထိုအချိန်မှာပဲ ကားရှေ့ခန်းဆီမှ မျိုးသူရ၏အသံကို ကြားလိုက်ရသည်။

"ညိုမြ ... အိမ်ထဲခဏဝင်ပါဦးလား။ မကြာပါဘူး ... တချုပ် လေးတစ်ခု ဝင်ယူရုံလေးပါ"

"မကြာဘူးဆိုရင်တော့ ဖြစ်ပါတယ်။ ခုတောင် ... အတော် မှောင် နေပြီရှင့်၊ အိမ်ပြန်နောက်ကျမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ညိုမြရယ် ... ကျွန်တော် ညိုမြတို့အိမ်အထိ ပြန်လိုက်ပို့ပေးမှာပါ၊ ကျွန်တော်နဲ့ဆိုရင် အန်တီတို့လည်း စိတ်ချမှာပါ"

"ပြီးရောလေ ... ခဏပဲနော်"

စကားသံတွေနားထောင်ရင်း အိုးဝေ မျက်မှောင်ကြုတ်လိုက်မိသည်။ ရှေ့ခန်းဆီမှ ကားတံခါးဖွင့်သံကိုလည်း ကြားလိုက်ရ၏။

ခဏကြာမှ အိုးဝေလည်း ခွေခေါက်ပုန်းနေရာမှ ခြေလက်ဆန့်ချင်သဖြင့် ကားရှေ့ခန်းသို့ ကုန်းကွကျော်ကာ အပြင်သို့ ထွက်လိုက်သည်။ ပတ်ဝန်းကျင်က မှောင်နေပြီမို့ နာရီကြည့်ရန် ဖုန်းစမ်းကြည့်လိုက်တော့ ဖုန်းက မပါလာချေ၊ သီဟနှင့်ထိုင်တုန်းက လက်ဖက်ရည်ဆိုင်မှာ ကျန်ခဲ့ခြင်းပဲဖြစ်မည်။

ရောက်နေသည့်နေရာကို အကဲခတ်ကြည့်လိုက်တော့ လူချမ်းသာတွေနေထိုင်သည့် ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ပုံရသည်။ အိမ်ကြီးအိမ်ကောင်းတွေသာ တွေ့ရပြီး လမ်းပေါ်၌လည်း သွားလာနေသည့်လူသူတွေကို မတွေ့ရ၊ ကားတစီစီပြေးလွှားနေသည့်လမ်းမနှင့်လည်း ဘယ်လောက်ဝေးမည်မသိချေ။

ထိုသို့တွေးနေရင်းက ညိုမြတို့အိမ်ထဲ ဝင်သွားတာ အတော်ကြာနေပြီဟု စဉ်းစားလိုက်မိ၏။ မသွားခင် မျိုးသူရပြောစကားအရ စာချုပ်ဝင်ယူရန်လောက်ပဲဟု ဆိုသည်။ ခုတော့ အချိန်က လိုတာထက်ပင် ပို၍ကြာနေပြီ။ စိတ်ထဲ စိုးရိမ်စိတ်တွေပျံ့နှံ့လာကာ အိုးဝေခြံထဲသို့ ဝင်သွားလိုက်၏။

အိမ်က ခေတ်မီတစ်ထပ်တိုက်ဖြစ်သည်။ မှန်တံခါးမှတစ်ဆင့် အထဲတွင် လင်းနေသော မီးရောင်ကိုတွေ့နေရ၏။ အိုးဝေက မှန်တံခါးနားသို့ အသာကပ်ကာ အတွင်းသို့ ချောင်းကြည့်လိုက်သည်။ ဧည့်ခန်းတွင်ထိုင်နေ





သော ညိုမြကို တွေ့လိုက်ရ၏။ ညိုမြပုံစံကြည့်ရသည်မှာ အနည်းငယ် စိတ်လှုပ်ရှားနေသောပုံစံဖြစ်သည်။ ကြည့်နေချိန်မှာပဲ မျိုးသူရက အအေးခွက်ကိုင်ကာ ဧည့်ခန်းထဲဝင်လာပြီး ညိုမြကို အအေးခွက်ကမ်းပေးလိုက်၏။ နှစ်ယောက်သား စကားပြောသည့်ပုံစံကို မြင်တွေ့နေရသော်လည်း တံခါးပိတ်ထားသဖြင့် ဘာသံမှမကြားရချေ။

အိုးဝေလည်း ကြိုးရာမဲ့ဖြစ်ကာ မှန်တံခါးကို လက်သည်းနှင့် အသာကလော်ကြည့်လိုက်၏။ ကံကောင်းချင်တော့ အတွင်းမှ တံခါးချက်မထိုးထားသဖြင့် တံခါးအသာဟသွားပါသည်။ ထိုအခါမှ စကားပြောသံတွေကို ကြားရတော့၏။

ညိုမြက စိတ်လောနေဟန်ဖြင့် အအေးခွက်ကို မော့သောက်လိုက်ရင်း ...

"ကဲ ကိုမျိုးသူရ ... သွားရအောင်လေ၊ မေမေ စိတ်ပူနေလိမ့်မယ်"

မျိုးသူရက ဟက်ခနဲရယ်လိုက်ရင်း ...

"သွားမှာပါ ညိုမြရဲ့ ... ခဏလေးပါ၊ ညိုမြကို မေးစရာလေး တစ်ခုရှိလို့"

ညိုမြက စိတ်ရှုပ်ဟန်ဖြင့် ...

"ကိုမျိုးသူရ ... ဒီအချိန် ဒီနေရာမျိုးဆိုတာ အေးအေးဆေးဆေး စကားပြောလို့ ကောင်းတဲ့အနေအထားမဟုတ်ဘူးနော်၊ ကျွန်မကို ပြန်လိုက်ပို့ပေးပါ"

မျိုးသူရက နှုတ်ခမ်းတစ်ဖက်တွန့်ကာ ပြုံးလိုက်ရင်း ...

"ပို့ပေးမှာပါဗျာ၊ ဒါနဲ့ ... ညိုမြ ကျွန်တော့်ကိုငြင်းတာ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အဲဒါလေး သိချင်လို့"

မျက်မှောင်တစ်ချက် ကြုတ်သွားပြီးမှ ညိုမြ အေးစက်စက် ပြန်ပြောလိုက်သည်။

"ကိုယ့်ကို ပရိုပိုစ်လုပ်ထားတဲ့ ယောက်ျားတစ်ယောက်ကို ငြင်းတဲ့နေရာမှာ အကြောင်းပြချက် လိုသေးလို့လား။ ကျွန်မရင်ထဲမှာ ရှင်နဲ့ပတ်သက်ပြီး ခံစားချက်မရှိလို့ပေါ့ . . . ရှင်းပါတယ်နော် ကိုမျိုးသူရ"

ထိုစကားကြောင့် အိုးဝေ ကျိတ်၍ ဝမ်းသာသွားမိသည်။ မျိုးသူရကတော့ ညိုမြစကားအဆုံးမှာ တဟက်ဟက်ရယ်လိုက်ပြီး . . .

"ရှင်းပါတယ်ဗျာ ရှင်းပါတယ်၊ ဒါက ညိုမြရဲ့ဆုံးဖြတ်ချက်လေ၊ ဒါပေမဲ့ ကိုယ့်ကိုမှမဟုတ်ဘဲ သူများသမီးရည်းစားတွေကြားထဲမှာ ဘာဖြစ်လို့ဝင်ဆုံးဖြတ်ခဲ့တာလဲ၊ ပြီးတော့ မင်းရဲ့ဆုံးဖြတ်ချက်ကြောင့် လူတစ်ယောက် နစ်နာဆုံးရှုံးရမယ်ဆိုတာရော မင်း တွေးထားရဲ့လား"

ညိုမြမျက်နှာပေါ်၌ အံ့သြနားမလည်သောအရိပ်တွေ ဖြာထွက်သွားသည်။ နားထောင်နေသော အိုးဝေလည်း နားမလည်နိုင်ဖြစ်သွားရ၏။

လေသံရော အမူအရာပါ ပြောင်းသွားသည့် မျိုးသူရကို ညိုမြက စိုက်ကြည့်လိုက်ရင်း . . .

"ကိုမျိုးသူရ . . . ရှင် ဘာတွေပြောနေတာလဲ"

"ရှင်းရှင်းလေးပါ ညိုမြ၊ မင်းသူငယ်ချင်း စုမာကို ဖြတ်နိုင်းခဲ့တဲ့ ရန်နိုင်ဆိုတာ ငါ့ညီဝမ်းကွဲပဲ"

"ရှင်"

"သိပ်အံ့သြသွားလား ညိုမြ၊ ရန်နိုင် ဒီလောက်တောင်းပန်နေတဲ့ကြားက မင်းက ဝင်ဆုံးဖြတ်ပြီး စုမာကို ဖြတ်နိုင်းခဲ့တယ်၊ စုမာကလည်း ဖြတ်ခဲ့တယ်၊ ငါ့ညီမှာတော့ အဲဒီစိတ်နဲ့ ကားအက်စီးဒင့်ဖြစ်ပြီး ခု . . . ဒုက္ခိတဖြစ်နေပြီ၊ အဲဒီအတွက် မင်း တစ်ခုခုတော့ ပြန်ပေးရလိမ့်မယ်"

"ရှင် ရှင် . . . ယုတ်မာလှချည်လား။ ဒါ . . . ဒါဆို ကျွန်မတို့မိသားစုနဲ့ ပတ်သက်အောင် ရှင် အကွက်ဆင်ပြီး ဝင်လာခဲ့တာပေါ့"

"ပထမတော့ အဲဒီအကြံအစည်နဲ့ပါပဲ၊ ဒါပေမဲ့ . . . ကံတရားက ငါ့ဘက်မှာရှိနေတယ်လေ၊ ငါ မင်းကို စောင့်ကြည့်နေတဲ့အချိန်မှာပဲ မင်းရဲ့အမေ မူးလဲတာနဲ့ သွားတိုက်ဆိုင်တာ၊ ဒီတော့ မင်းတို့အိမ်ကို ဝင်ထွက်ဖို့ သိပ်မခက်တော့ဘူးပေါ့၊ ဒါပေမဲ့ ခုအချိန် မင်းက ငါ့ရဲ့ပရိုပိုစ်ကို ငြင်းလိုက်တော့ ငါ လုပ်စရာတစ်ခုပဲ ရှိတော့တယ် ညိုမြ၊ အဲဒါကြောင့် မင်း ဒီအချိန် ဒီနေရာကိုရောက်နေတာပဲ"

စကားအဆုံးမှာပဲ ညိုမြက ဆတ်ခနဲ ထရပ်ကာ လက်ညှိုးငေါက်ငေါက်ထိုးလိုက်ရင်း . . .

"ရှင်ဟာ အတော်မိုက်ရိုင်းတဲ့လူပဲ မျိုးသူရ၊ ဒါ . . . ဒါ . . . မင်းမဲ့တိုင်းပြည် မဟုတ်ဘူးနော်၊ ရှင် ကျွန်မကို လက်ဖျားနဲ့တောင် ထိဖို့မကြိုးစားနဲ့အား . . . မူးလိုက်တာ"

နားထင်နှစ်ဖက်ကို လက်နှင့်ဖိကာ ညိုမြ ပြန်ထိုင်လိုက်သည်။ ပြီး မျိုးသူရကိုလည်း ရီဝေဝေကြည့်၍ . . .

"ရှင် . . . ရှင် . . . အအေးထဲမှာ ဆေး ဆေးခတ်ထားတယ်မဟုတ်လား"

မျိုးသူရကာ ခပ်တည်တည်ပဲ . . .





ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲ ညိုမြ ... ငါ မညာဘူး မင်းကိုတော့ ငါ လက်ဖျားနဲ့တောင် မတို့ပါဘူး၊ ဒါပေမဲ့ မင်း ဒီညတော့ ဒီအိမ်မှာပဲ အိပ်နေရလိမ့်မယ်၊ နောက်ဖြန်ကျရင်တော့ မင်းရဲ့ကံကြမ္မာဟာ ငါနဲ့ ခိုးရာလိုက်ပြေးပြီဆိုပြီး တစ်ဆစ်ချိုးသွားပြီပေါ့၊ အဲဒီအနေအထားရောက်ပြီးရင် မင်းကြိုက်သလို ဆုံးဖြတ်နိုင်တယ်၊ ငါ လိုချင်တာက မင်း ငါနဲ့အတူ တစ်ညပျောက်သွားတယ် ဆိုတာပဲ"

"ရှင် ... ရှင် ... လူ ... လူယုတ်မာ"

ပလုံးပထွေးပြောရင်းက ညိုမြ အိတ်ထဲမှဖုန်းကို အားယူကာ ထုတ်လိုက်သည်။ မျိုးသူရက ဆတ်ခနဲထလာပြီး ညိုမြလက်ထဲမှ ဖုန်းကို ဆွဲယူလိုက်၏။

"သိပ်မကြိုးစားပါနဲ့ ညိုမြ၊ မင်းကို ငါ ဘာမှမလုပ်ပါဘူး၊ အေးအေးဆေးဆေးပဲ အိပ်လိုက်ပါကွာ ... ဟား ဟား"

ပြောရင်း ညိုမြ၏ပခုံးကို ဆတ်ခနဲ အသာတွန်းလိုက်၏။ ညိုမြ ဆိုဖာပေါ်သို့ နောက်လန်ကျသွားပြီး မျက်လုံးတွေလည်း မှေး စင်းကာ ပိတ်သွားလေသည်။

ချက်ချင်းဆိုသလို မျိုးသူရက ညိုမြ၏ဖုန်းထဲမှ ဆင်းကဒ်ကို ထုတ်ယူကာ ချိုးပစ်လိုက်သည်။ ပြီး သူ့ဖုန်းကိုလည်း ထုတ်ယူကာ ပါဝါပိတ်လိုက်၏။

အကုန်မြင်နေကြားနေရသော အိုးဝေတစ်ယောက် တစ်ကိုယ်လုံး တုန်ယင်ကာ ဇောချွေးတွေပြန်လာရသည်။ မျိုးသူရ ယုတ်မာပြီ။ အင်း ... ညိုမြကို လက်ဖျားနှင့်မတို့သည့်တိုင် မနက်ဖြန်ကျလျှင်တော့ ညိုမြဘ





က ယောက်ျားနောက် တစ်ညလိုက်ပြေးသောမိန်းကလေး ဖြစ်သွားပြီ ညိုမြဘဝကို ထိုသို့တော့ အဖြစ်မခံနိုင်ပါချေ။

ဘာလုပ်ရမည်ကို အိုးဝေ စဉ်းစားလိုက်၏။ လှုပ်ရှားနေသော စိတ်ကို အရင်ထိန်းလိုက်သည်။ အိမ်ထဲမှ ဖြာထွက်နေသော အလင်းရောင်ဖြင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။

တွေ့ပြီ ...။ ခြံထဲရှိ ပန်းအိုးများဘေးတွင် ထောင်ထားသော သုံးပေလောက်ရှိမည့် သစ်သားတုတ်တစ်ချောင်း။ အိုးဝေ ခြေဖော့သွားကာ တုတ်ကိုယူရင်း ဆကြည့်လိုက်သည်။ လူတစ်ယောက်ကိုတော့ ကောင်းကောင်းရိုက်လို့ရနိုင်လောက်သည်။

တုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အိုးဝေ အိမ်ရှေ့ တံခါးပေါက်ဆီ ချဉ်းကပ်လာခဲ့၏။ တံခါးမကြီးကို အသာတွန်းကြည့်လိုက်တော့ အသာဟသွားသည်။ အထဲကို မဝင်သေးဘဲ အရင်ချောင်းကြည့်လိုက်၏။

မျိုးသူရသည် အရက်ပုလင်းနှင့် ဖန်ခွက်ကိုကိုင်ကာ အိပ်ပျော်နေသော ညိုမြနှင့် မျက်နှာချင်းဆိုင်ခုံ၌ ထိုင်လိုက်၏။ တစိမ့်စိမ့်ကြည့်ကာ အရက်သောက်မည့်သဘော ဖြစ်သည်။ ထပ်ကာ ကံကောင်းချင်တော့ မျိုးသူရထိုင်နေသော အနေအထားသည် အိုးဝေ ဝင်သွားရမည့်အနေအထားနှင့် ဆန့်ကျင်ဘက်။

အိုးဝေလည်း အသက်ဝဝရှူရင်း တုတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ ခြေဖော့၍ ဝင်သွားလိုက်သည်။

အနားရောက်တော့ အိုးဝေက တုတ်ကို အသင့်မြှောက်ထားပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

"မျိုးသူရ . . . ခင်ဗျားနေကောင်းလား"

"အေး . . . ကောင်းပါတယ်၊ ဟာ . . . မင်း မင်း ဘယ်သူ"

ယောင်ကာပြောရင်း လှည့်ကြည့်လာချိန်မှာပဲ အိုးဝေက ချိန်သား ကိုက် ရိုက်ချလိုက်လေသည်။

လက်ဆမှန်ပါသည်။ ဒုတ်ဟူသောအသံနှင့်အတူ မျိုးသူရ ခေါက်ခနဲ ခွေကျသွားလေ၏။

အိုးဝေလည်း ညိုမြဆီပြေးသွားကာ အရင်လှုပ်နိုးကြည့်လိုက်သည်။

"ညိုမြ ညိုမြ ညိုမြ"

အသက်ရှူနေသော်လည်း ညိုမြက တုတ်တုတ်မျှ မလှုပ်လာချေ။ ဟိုလူတောင်းစား အိပ်ဆေးတွေ ဘယ်လောက်တောင် ခတ်ထားသည်လည်း မသိ။

အိုးဝေလည်း ထပ်ကာစဉ်းစားရတော့သည်။ အိမ်ထဲဝင်ကာ ကြိုးတစ်ချောင်းရှာလိုက်ပြီး မျိုးသူရကို အရင်လက်ပြန်ကြိုးတုပ်ထားလိုက်၏။ ဒင်းဆောင်းသီအိတ်ထဲ နှိုက်ကြည့်တော့ ဖုန်းနှစ်လုံးနှင့် ကားသော့ထွက်လာသည်။ ညိုမြ၏ဖုန်းကတော့ လိုင်းကတ်မရှိတော့။ မျိုးသူရဖုန်းကို ဖွင့်ကြည့်လိုက်တော့လည်း ပတ်စ်ဝေါ့ဒ် (Password) က ခံထားသည်။ ညိုမြကိုပွေ့ကာ ကားပေါ်ခိုသွားပြီး ကားမောင်းသွားရန်ကလည်း မဖြစ်နိုင်၊ ကားမမောင်းတတ်သော ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ကာ ကားသော့ကို ပစ်ပေါက်လိုက်မိသည်။

သို့နှင့် အိမ်ထဲပြန်ဝင်ကာ ရေခဲသေတ္တာဆီမှ ရေခဲရည်တစ်ဘူးယူပြီး ညိုမြကို မျက်နှာသစ်ပေးလိုက်သည်၊ သို့သော်လည်း ညိုမြက နိုးမလာသေး





အိုးဝေ စိတ်မောလှုမောနှင့် ခုံပေါ်ပစ်ထိုင်ချလိုက်မိသည်။ ဒီနေရာ သည် ကားလမ်းမကြီးနှင့် ဘယ်လောက်ဝေးမှန်းလည်း အိုးဝေ မသိချေ တစ်ယောက်တည်း ကားသွားငှားရန် စဉ်းစားလိုက်သော်လည်း ညိုမြကို စိတ်မချ။ ပြီးတော့ ကားငှားလို့ ရ,မရကလည်း မသေချာချေ။

မျိုးသူရ ဖုန်းကိုယူကာ နာရီကြည့်လိုက်တော့ ဟင်ခနဲ ဖြစ်သွားရ သည်။ ည ဆယ့်နှစ်နာရီပင် ထိုးလုပြီ၊ ညိုမြမိဘတွေတော့ ခေါင်းမီးတောက် နေမှာ သေချာလောက်၏။

ဘာလုပ်ရမည်မှန်းကိုမသိတော့ဘဲ အိုးဝေ အိမ်ထဲ၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေမိသည်။

ထိုအချိန်မှာပဲ ညိုမြတစ်ယောက် တအင်းအင်း ညည်း၍ လှုးလွန့် လာသည်။

"အင်း . . . အဲ ကျွတ် ကျွတ်"

အိုးဝေလည်း ညိုမြရှိရာသို့ အမြန်ပြေးသွားလိုက်ပြီး ပခုံးကို ကိုင် လှုပ်လိုက်ရင်း . . .

"ညိုမြ ညိုမြ . . . သတိရပြီလား၊ ညိုမြ . . . ညိုမြ"

ညည်းနေရင်းက ညိုမြ လူးလွန့်ကာ မျက်လုံးဖွင့်ကြည့်လာသည် အိုးဝေကို မြင်လိုက်ရသဖြင့် ခေတ္တမျှကြောင်နေပြီးမှ အနီးပတ်ဝန်းကျင်ကို ထပ်ကြည့်လိုက်သည်။ အိုးဝေလက်ချက်ဖြင့် မှောက်နေသော မျိုးသူရကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် လက်ရှိအခြေအနေကို သတိရသွားကာ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်သွားပြီး . . .

"သူ သူ . . . ငါ့ကို ငါ့ကို ယုတ်မာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း အကြောက်မပြေသေးသောပုံစံဖြင့် အိုးဝေ၏ရင်ခွင်ထဲတိုးဝင်လာသည်။ အိုးဝေက အလိုက်သင့်ဖက်ထားလိုက်ပြီး ...

"ဘာမှမဖြစ်တော့ဘူး ညိုမြ၊ စိတ်အေးအေးထားနော်၊ နင့်ကိုသူ့ လက်ဖျားနဲ့တောင် မတို့လိုက်ရပါဘူး"

"တ ... တကယ်နော်"

"သြော် ညိုမြရယ် ... နင်တို့ရပ်ကွက်ထဲက ထွက်လာကတည်းက နင်တို့ကားရဲ့နောက်ဖုံးထဲမှာ ငါပါလာတာဟ"

"ဟင်"

ညိုမြက ကြောင်တက်တက်မျက်နှာပေးလေးဖြင့် ပြန်ကြည့်လာသည်။ အိုးဝေက သူ ကားပေါ်ပါလာပုံကို အကျဉ်းချုံး၍ ရှင်းပြလိုက်သည်။ ပြီး မျိုးသူရအား ဆော်ပလော်တီးလိုက်သည့်အကြောင်းကိုလည်း မြန်ညီယှက်ညီ ထည့်ပြောလိုက်သေး၏။

ညိုမြက မျိုးသူရကို ကြည့်လိုက်ရင်း ...

"အဲဒီ လူယုတ်မာသေသွားပြီလား အိုးဝေ၊ နင် ထောင်တွေဘာတွေကျ"

အိုးဝေက စကားဖြတ်ကာ ...

"မသေပါဘူးဟာ ... ငါ့လက်ဆ ငါသိပါတယ်၊ ဒီကောင် မေ့နေတာပါ၊ လာ လာ ... ပြန်ရအောင်"

နှစ်ယောက်သား ထိုအိမ်ထဲမှ ထွက်လာခဲ့သည်။ ပတ်ဝန်းကျင်တမှောင်ကာ လူသူမတွေ့ရတော့သော်လည်း လမ်းမီးတိုင်များက လင်းနေသေးသဖြင့် တော်ပါသေး၏။





ထိုရပ်ကွက်ထဲမှ လမ်းမကြီးသို့ရောက်အောင် ဆယ်မိနစ်လောက် လျှောက်လိုက်ရသည်။

လမ်းမကြီးသို့ရောက်ပြန်သော်လည်း သွားလာနေသော ကိုယ်ပိုင်အိမ်စီးကားများကိုသာ တွေ့ရသည်။ တက်စီကားကိုတော့ တစ်စီးတလေမှ မတွေ့ရသေး။

ညိုမြ စိုးရိမ်နေသောပုံစံလေးဖြင့် ...

"အိုးဝေ ... ငါတို့ကား ရမှ ရပါ့မလား"

အိုးဝေက ညိုမြ၏လက်ကလေးကို ဖတ်ခနဲ ဆုပ်ကိုင်လိုက်သည်။ ညိုမြ တွန့်သွားသော်လည်း မရုန်း။

အိုးဝေက ...

"လာမှာပါ ညိုမြရယ်၊ ဒီအချိန်က ကားရှားလို့ပါ၊ ညဘက်ထွက်တဲ့ တက်စီတွေလည်း ရှိပါတယ်"

စကားအဆုံးမှာ ညိုမြက သက်ပြင်းကို လေးလေးပင်ပင် ချလိုက်ရင်း ...

"မေမေတို့တော့ စိတ်ပူနေတော့မှာပဲဟာ၊ ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ဘူး"

"သိပ်လည်း စိတ်ပူမနေပါနဲ့ ညိုမြ၊ ငါလည်း ပြောပေးပါ့မယ်"

ထိုအချိန်မှာပဲ တက်စီတစ်စီးမောင်းလာသည်ကို တွေ့လိုက်ရသဖြင့် အိုးဝေက လမ်းမဘေးသို့ ထွက်ကာ လှမ်းတားလိုက်သည်။

ကားက ခရီးသည်ပါမလာသဖြင့် တော်ပါသေး၏။ ညဘက်မို့ တောင်းသည့်ဈေးကို မဆစ်တော့ဘဲ လိုက်လာခဲ့၏။ ကားပေါ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ညိုမြတာ စကားတစ်ခွန်းမှမပြောဘဲ သက်ပြင်းတွေပဲ ဖောဖောသီသီချရင်းလိုက်ပါလာ၏။

ကားလေးက တရိပ်ရိပ်မောင်းလာရင်း ကိုယ့်ရပ်ကွက်အနီးသို့ရောက်လာသည်။

သို့သော် . . .

ဖြစ်ချင်တော့ ကားက ရပ်ကွက်ထိပ်အရောက်မှာပဲ အသံမျိုးစုံထွက်ကာ ထိုးရပ်သွားလေသည်။

အိုးဝေက . . .

"ကားဆရာ၊ ဘာဖြစ်တာလဲဗျ"

ကားဆရာက ကားစက်ကိုနှိုးကြည့်သေးသည်။ တကျစ်ကျစ် မြည်လာသော်လည်း ကားစက်က နိုးမလာချေ။

"မသိဘူးဗျာ . . . ဘာဖြစ်သွားတယ်ဆိုတာ . . .၊ ခင်ဗျားတို့အိမ်က ဝေးသေးလို့လား"

အိုးဝေက ညိုမြကို တစ်ချက်ကြည့်လိုက်ပြီးမှ . . .

"သိပ်တော့မလိုတော့ပါဘူး။ ကျွန်တော်တို့ ဒီကပဲ ဆင်းသွားလိုက်တော့မယ်၊ လာ ညိုမြ"

တက်စီခကျသင့်ငွေကိုထုတ်ပေးကာ နှစ်ယောက်သား ရပ်ကွက်ထဲသို့ လမ်းလျှောက်ဝင်လာခဲ့ကြ၏။

ရပ်ကွက်ထဲဝင်လာခဲ့ပြီး နှစ်ယောက်သား ငါးမိနစ်လောက်ခဲလျှောက်ရသေးသည်။

"ဟော့ ရပ်လိုက် . . . မင်းတို့ ဘယ်သူတွေလဲ"





ထိုစကားသံနှင့်အတူ သူတို့နှစ်ဦးပေါ်သို့ လက်နှိပ်ဓာတ်မီးအလင်းရောင်များ ကျရောက်လာလေ၏။ အိုးဝေ လက်ကာပြီးကြည့်လိုက်တော့ တွေ့လိုက်ရသည်မှာ တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်လာသည့် လူအုပ်ကြီးပဲ ဖြစ်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

"မင်းတို့နှစ်ယောက် ဒီအချိန်ကြီးမှ ဘယ်ကပြန်လာတာလဲ"

ထိုလူအုပ်ကြီးထဲမှ ရှေ့ထွက်လာကာ မေးလိုက်သော ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုစိုးနိုင်၏အသံဖြစ်သည်။ အိုးဝေက ဘေး၌ ခေါင်းငုံ့နေသည့် ညိုမြကို ကြည့်လိုက်ပြီးမှ . . .

"ကိုစိုးနိုင်တို့ကကော တုတ်ဓားတွေနဲ့ ဘာလုပ်နေကြတာလဲ"

"ရပ်ကွက်ထဲ သူခိုးကပ်လို့ကွ၊ ဟောကောင် ငါမေးတာကို ဖြေဦးလေ"

စကားအဆုံးမှာ အိုးဝေလည်း လူအုပ်ကြီးကိုကြည့်ကာ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘဲ အိုးတိုးအမ်းတမ်း ဖြစ်သွားရပြီး . . .

"ဟိုလေ . . . အဲ ဟိုဟာ"





ဘာမှပင်မပြောလိုက်ရ၊ ကိုစိုးနိုင်က လက်ကာပြရင်း . . .

"တော်ပြီကွာ၊ မပြောနဲ့တော့၊ ငါ သဘောပေါက်ပြီ၊ လာလာ . . . မင်းတို့ကို ငါလိုက်ပို့ပေးမယ်၊ ဟောကောင်တွေ . . . မင်းတို့ ဟိုဘက်အခြမ်းကို ပတ်ကြည့်လိုက်ကြဦး"

လူအုပ်ကြီးက တစ်ယောက်တစ်ပေါက် ပြောဆိုရင်း ဆက်ထွက်သွားကြသည်။ ထိုစကားသံတွေထဲကမှ အိုးဝေ ပီတိဖြစ်ရသည်မှာ အိုးဝေတို့ကတော့ မြန်တယ်ဟေ့၊ ဘယ်တော့စားရမှာလဲ အိုးဝေ . . . စသည့်စကားသံတွေ။ ညိုမြကတော့ ခေါင်းကိုသာ တွင်တွင်ငုံ့ထားလေ၏။

ညိုမြတို့အိမ်အထိ ကိုစိုးနိုင်က လိုက်ပို့ပေးပါသည်။ အိမ်ရှေ့ရောက်တော့ လှည့်ပြန်သွား၏။ စိတ်ပူနေကြသဖြင့် ညိုမြတို့တစ်မိသားစုလုံး မအိပ်နိုင်ကြသေး။ ရောက်တော့ ညိုမြအမေက သူ့သမီးကိုဖက်ကာ ငိုလေသည်။

အိုးဝေက ညိုမြမိဘတွေကို အကျိုးအကြောင်းအားလုံး ရှင်းပြ လိုက်၏။ အကြောင်းစုံသိရတော့ ညိုမြအဖေကြီးက ကွမ်းယာတောင် မစား နိုင်တော့ဘဲ တက်တခေါက်ခေါက်နှင့်။ ညိုမြအမေကလည်း . . .

"အဲဒီလူယုတ်မာကိုတော့ တရားစွဲပြီး ထောင်ချပစ်ဦးမယ်၊ တော်တော် မိုက်ရိုင်းတဲ့ကောင်၊ မောင်အိုးဝေ ပါသွားလို့သာ တော်သေးတာပေါ့"

ညိုမြက . . .

"တော်ပါတော့ မေမေရယ်၊ တစ်ရက်ကနှစ်ရက် ဖြစ်နေပါဦးမယ်၊ သမီးလည်း ဘာမှဖြစ်တာမဟုတ်ပါဘူး"

"ဖြစ်ဖြစ် မဖြစ်ဖြစ်လေ၊ ကိုယ့်ဘက်ကမှားတာမှ မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com

အဲသို့ တစ်ရှက်ကနှစ်ရှက် ဖြစ်ရမှာလဲ''

ညိုမြက အိုးဝေကို တစ်ချက်ကြည့်လိုက်ပြီးမှ သက်ပြင်းဖွဖွ ချ လိုက်ရင်း . . .

''မေမေ မျိုးသူရနဲ့ဖြစ်တဲ့ကိစ္စကို ဘယ်သူမှသိတာမဟုတ်ဘူး ဒါပေမဲ့ . . . အိုးဝေနဲ့သမီး ဒီအချိန်ကြီး နှစ်ယောက်တည်း ပြန်လာတာကို တစ်ရပ်ကွက်လုံးသိကုန်ကြပြီ အဲဒါ''

ပြောရင်း ညိုမြ ခေါင်းငုံ့ချလိုက်သည်။ ညိုမြ၏ အဖေနှင့် အမေက အိုးဝေကို ပါးစပ်အဟောင်းသားနှင့် ကြည့်လာကြ၏။

အိုးဝေက . . .

''ဦးနဲ့ဒေါ်ဒေါ်တို့ ဘာမှ စိတ်မပူပါနဲ့ခင်ဗျ။ နားနဲ့မနာ ဖဝါးနဲ့နာ ပါနော်။ ကျွန်တော် ညိုမြကို ချစ်ရေးဆိုထားတာ ကြာပါပြီ''

''ဟေ''

''ဟင်''

ယောက္ခမလောင်းလျာစုံစွဲသည် ဟောင်းလောင်းဖြစ်နေသော ပါးစပ်နှင့်အတူ မျက်စိလေးလုံးပါ ညီညီညာညာ ပြူးထွက်လာကြ၏။ သူတို့ သမီး၏ ရှက်သွေးရဲရဲဖြာနေသော မျက်နှာကို တစ်လှည့်၊ အိုးဝေ၏ အားနာ သလိုလို ကျေနပ်နေသလိုလို ဖြစ်နေသည့် မျက်နှာကို တစ်လှည့် ကြည့်လိုက် ပြီး သဘောပေါက်တော်မူသွားကြပါသည်။

ညိုမြအမေက သူ့ယောကျ်ား ညိုမြအဖေကို အဓိပ္ပာယ်ပါပါ တစ် ချက်ကြည့်လိုက်ပြီးမှ . . .

''ငါလည်း မပြောတတ်တော့ဘူးအေ၊ နင်တို့ကိစ္စ နင်တို့သာ ဆက်





ရှင်းတော့၊ လာ ဖေကြီး . . . သွားမယ်''

သမီးချောကိုထားကာ နှစ်ယောက်သား အိမ်အတွင်းထဲသို့ ဝင် သွားကြပါသည်။

ထိုအခါမှ အိုးဝေက ညိုမြအနားသို့ တိုးသွားလိုက်ရင်း . . .

''ညိုမြ''

''ဟင် . . . ဘာလဲ''

မတိုးမကျယ်ထွက်လာသော ကယောင်ချောက်ချားထူးသံလေး။ အိုးဝေရင်ထဲ ဆွတ်ပျံ့ကြည်နူးသွားရပြီး . . .

''ညိုမြ . . . ငါဟာ နင်နဲ့ပတ်သက်ပြီးလည်း လာဘ်ကောင်ဖြစ် လာပြီဆိုတာကို လက်ခံပြီလားဟင်''

ညိုမြက ရှက်မျက်ဝန်းများဖြင့် ကြည့်လာကာ . . .

''အင်းပါ . . . ငါ လက်ခံပါပြီ''

''ဒါဆိုလည်း အဖြေပေးတော့ဟာ . . . နော် ညိုမြ''

စကားအဆုံးမှာ ညိုမြ လှုပ်လှုပ်ရှားရှားဖြစ်သွားရင်း . . .

''အာ . . . ဒီအချိန်ကြီး မကောင်းပါဘူး၊ မနက်ကျမှ ဖုန်းဆက် လိုက်လေ''

ဘာမှလည်း မဆိုင်ချေ။ အရေးထဲ အဖြေပေးမည့်ဟာကို အချိန်က ရွေးနေသေးသည်။ ရပါသည် . . . နားလည်ပေးလိုက်ပါမည်။

အိုးဝေက ခေါင်းအသာညိတ်လိုက်ပြီး . . .

''ရပါတယ် . . . ဒီနေ့ နင်လည်း ပင်ပန်းရောပေါ့၊ အဲ . . . မနက်ဖြန် တော့ ငါလိုချင်တဲ့အဖြေကို ဆက်ဆက်ပေးရမယ်နော် ညိုမြ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ကျွာစိလန်ရယ် ကဲ . . . နင်လည်း ပြန်တော့"

ပြန်တော့ဟု ပြောကာ ညိုမြကြ သူ့ အရင် အိမ်ထဲသို့ ပြေးဝင်သွားလေသည်။

အိုးဝေလည်း လက်သီးလက်မောင်းတန်းကာ ရက်စ်ဟု အော်လိုက်မည်ကြံပြီးမှ သူများအိမ်ဖြစ်နေသဖြင့် အသာလေး လှည့်ထွက်လာခဲ့ရ၏။

ဒီည အိပ်ပျော်မည်မထင်တော့။

■

BURMESE CLASSIC

## (၂၈)

မနက်ရောက်တော့ ညိုမြ၏ဖုန်းကို ခေါ်လိုက်သည်။ မရ။ ပြီးမှ ညိုမြဖုန်းကတ်ကို ဟိုသူတောင်းစားချိုးလိုက်တာပဲဆိုပြီး သတိပြန်ရသည်။

မထူးပါဘူးဟုတွေးကာ ညိုမြအမေ ကိုယ့်ယောက္ခမလောင်းကြီး၏ ဖုန်းကိုပဲ ခေါ်လိုက်ပါသည်။ တစ်ဖက်မှ ယောက္ခမကြီး ပြန်ထူးလာပါသည်။ အိုးဝေက ဖုန်းနှင့်မို့ ရှေ့မျက်နှာရှေ့ပဲထားပြီး . . .

"ဒေါ်ဒေါ် ကျွန်တော် အိုးဝေပါ၊ ဟိုလေ ညိုမြနဲ့စကားပြောချင်လို့"

"အေး အေး . . . ခဏ၊ ဖုန်းပေးလိုက်မယ်၊ အိမ်ကတစ်ယောက်ကလည်း ဒီတစ်မနက်လုံး ဂနာမငြိမ်ဖြစ်နေတာ၊ ဟဲ့ သမီး . . . ရော့ ရော့ . . . မောင်အိုးဝေက ညည်းနဲ့ပြောမလို့တဲ့"

ထိုစက္ကန့်အပိုင်းအခြားလေးသည် အိုးဝေ၏ရင်ကို ပရမ်းပတာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

စေသည်။ ဆူညံနေသော ရင်ခုန်သံကိုလည်း ကိုယ့်ဟာကိုယ် ကြားနေရ၏။ လှုပ်ရှားနေသည့်စိတ်ကို အနိုင်နိုင်စုစည်းရင်း အိုးဝေက . . .

"ညိုမြလား"

"အင်း . . . ပြော"

"အဖြေပေးတော့လေ . . . နော် ညိုမြ ငါလေ ညက အိပ်လို့ တောင်မပျော်ဘူး . . . သိလား"

"အင်း"

"ဒါဆိုလည်း ပြောတော့လေ ညိုမြရယ်၊ နင် ငါ့ကို ချစ်တယ် မဟုတ်လားဟင်"

ချက်ချင်းပြန်မဖြေသေးဘဲ ညိုမြအသံက ခေတ္တဆိုင်းနေသေး သည်။

သို့သော် . . .

မကြာခင် ကြားခွင့်ရမည့်စကားသံသည် တစ်ဘဝမှာ ပြည့်စုံလုံ လောက်သွားမည့်စကားမှန်း အိုးဝေ အတတ်သိနေပါတော့သည်။

ထိုသို့ဖြင့် . . . . . . . . . . . .

ကဲ ပြီးပါပြီ။

လေးစားစွာ

၁၃၇၆ ခုနှစ်၊ တန်ခူးလဆုတ် (၁၄) ရက်၊ တနင်္လာနေ့
ည ၈ နာရီ ၆ မိနစ်

ခုနှစ်စဉ်ကြယ်စာပေ

ထွက်ပြီးလုံးချင်းဝတ္ထုများ


| | | |
|---|---|---|
| #၁ | ချစ်သူရေးတဲ့ ရည်းစားစာ | (ဗွီဒီယို) |
| #၂ | ချစ်သူဝှက်တဲ့ ခေတ်သစ်ဇာခင် | |
| #၃ | ချစ်သူပြောတဲ့ ရည်းစားစကား | (ဗွီဒီယို) |
| #၄ | အပျိုစင် | (ဗွီဒီယို) |
| #၅ | ချစ်လို့ | (ဗွီဒီယို) |
| #၆ | အိပ်မက်အကြံဆေး | (ဗွီဒီယို) |
| #၇ | ဟန်းနီးမွန်း | (ဗွီဒီယို) |
| #၈ | ရုပ်ဆန်းဒေး | |
| #၉ | ဖူးစာကွန်ရက် | (ဗွီဒီယို) |
| #၁၀ | သူငယ်ချင်းနိုင်ငံယာရီ | |
| #၁၁ | ရိုးမြေကျသီချင်း | (ဗွီဒီယို) |
| #၁၂ | ပန်းသီးမက်ဆေ့ချ် | (ဗွီဒီယို) |
| #၁၃ | ကျောင်းစိမ်း | (ဗွီဒီယို) |
| #၁၄ | ရာသက်ပန်မဂ်လာဆောင် | (ဗွီဒီယို) |
| #၁၅ | လေဒီစာအုပ်ကြီး | (ဗွီဒီယို) |
| #၁၆ | ကြည်နူးရာ ကြေကွဲရာ | (ဗွီဒီယို) |
| #၁၇ | အမုန်းမဲ့ရန် | (ဗွီဒီယို) |
| #၁၈ | အမည်ပေါက်သမီးရည်းစား | (ဗွီဒီယို) |
| #၁၉ | အနမ်းဂိမ်း | (ဗွီဒီယို) |
| #၂၀ | ကဗ္ဗီပါတော်ရောက် | (ဗွီဒီယို) |